
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၃၂

မျက်နှာဖုံးခွင့်ပြုချက် ၅၀၀၈၃၅၀၆၀၉

❒

ပထမအကြိမ်၊ ၂၀၀၉ ခုနှစ်၊ ဩဂုတ်

အုပ်ရေ ၅၀၀

❒

**အဖုံးဝန်းချီ**

သိန်းရွှေကြည်၊ Sun

❒

**ထုတ်ဝေသူ**

ဦးကိုကိုမြင့် (သိန်းမင်းစာပေ)

အမှတ် ၆၃၊ ဩဘာလမ်း၊ ကျောက်မြောင်း

တာမွေ။

❒

**အတွင်းပုံနှိပ်သူ၊ အဖုံးပုံနှိပ်သူ**

ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်)

၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။

❒

**တန်ဖိုး ၁၀၀ ကျပ်**

❒

**ကွန်ပျူတာ**

**Dream City**

၈၉၅.၈၃

ပုလဲသိ

အချစ်မိုး အချစ်ဆောင်း၊ ပုလဲသိ။

ရန်ကုန်၊ သိန်းမင်းစာပေ၊ ၂၀၀၉။ ဩဂုတ်လ



# အချစ်မိုး အချစ်ဆောင်း

## ပုလဲသိ

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ချစ်သူကသာ...
အချစ်မိုးတွေ ရွာသွန်းဖြိုးပေးမယ်ဆိုရင်...
အမြဲတမ်း မိုးရာသီပဲ ဖြစ်ချင်တယ်...
ချစ်သူရဲ့ ရင်ခွင်မှာ ခိုလှုံခွင့်ရမယ်ဆိုရင်...
အမြဲတမ်းပဲ ဆောင်းရာသီဖြစ်ချင်တယ်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

"ကျွန်မက ဒီလောက်ငယ်တဲ့ အလုပ်သမားမျိုးကို မလိုချင်ဘူး ဒေါ်စိန်"

'သင်းရနံ့' ရဲ့ ခန္ဓာကိုယ်လေးက ဆတ်ခနဲ တုန်ခါသွားရသည်။

"မဟုတ်ပါဘူး မမရယ်၊ မမက စိတ်ချရတဲ့သူမျိုး ရှိချင်တယ်ဆိုလို့ ကျွန်မက သူလေးကို ခေါ်လာပေးတာပါ"

"စိတ်ချရတာတော့ လိုချင်တာပေါ့ ဒေါ်စိန်ရယ်၊ အစ် အိမ်လုံးမှာက နေရာတကာ အဖိုးတန်ပစ္စည်းတွေချည်းပဲ ဟုတ်လား၊ လက်ဆော့ ခြေဆော့ဆိုရင် မလွယ်ဘူးလေ၊



www.burmeseclassic.com

www.burmeseclassic.com



သားတွေကလည်း ပိုက်ဆံကအစ ပစ္စည်းပစ္စယအဆုံး ထား
ချင်သလိုထားကြတာ မဟုတ်လား ဒေါ်စိန်ရယ်”

သင်းရန့်က မျက်နှာငယ်လေးနဲ့ ကြီးကြီးစိန်ရဲ့ မျက်နှာ
ကို ကြည့်လိုက်၊ သူဌေးမကြီးရဲ့မျက်နှာကို ကြည့်လိုက်နဲ့ပါ။

“ဒါတော့ စိတ်ချပါ မမရယ်၊ ဒီကလေးမရဲ့ အကျ
စာရိတ္တကို ကျွန်မ အပြည့်အဝ ထောက်ခံပါတယ်ရှင်”

“ဒေါ်စိန် ထောက်ခံတာကိုတော့ ယုံပါတယ်၊ ကျွန်မ
ပြောတာက အသက်ငယ်တာကို ပြောတာပါ၊ ပြီးတော့
ရုပ်ရည်လေးကလှတော့...”

သင်းရန့်က သူမ လှနေတာကိုပဲ စိတ်ညစ်သွားရတော့
တာ။

ဟုတ်တယ်လေ။ ဒီအလှကြောင့်ပဲ ဒုက္ခတွေ့ရောက်နေ
တာပေါ့။ ‘သင်း’ က လှတော့ ယောကျ်ားတွေက စိတ်ဝင်စာ
သည်၊ အရေးပေးသည်၊ လိုချင်တပ်မက်ကြသည်။

ဒီတော့ မိန်းမသားအချင်းချင်းက မနာလိုဖြစ်ကြတော
တာ။ မနာလိုသ နေရာတကာမှာ ခြေလိုက်ထိုးကြတော့ ‘သင်း
ရဲ့ဘဝလေးပဲ မငြိမ်မသက် ဖြစ်ရပါတော့သည်။

အစက သင်းရန့်က စတိုးဆိုင်ကြီးတစ်ဆိုင်မှာ အရောင်





စာရေးမလေး လုပ်ခဲ့သည်။ သူမရဲ့ကောင်တာမှာ ယောကျ်ား
တွေ ကြိတ်ကြိတ်တိုး ဝယ်ယူအားပေးကြသည်။

သင်းကိုလာပြီး ပိုးပန်းကြသူတွေ၊ လက်ဆောင်ပစ္စည်း
ပေးကြသူတွေ၊ သင်း အလုပ်အပြန်ကို စောင့်ကြတဲ့သူတွေမှ
အများကြီးပါ။ ဒီတော့ လုပ်ဖော်ကိုင်ဖက်တွေက မနာလို
ဖြစ်ကြသည်။

သင်းကလည်း ယောကျ်ားတွေကို မြူနေသလိုလို၊
ချူနေသလိုလို အမနာပတွေ ပြောကြသည်။ ဆိုင်ရှင်ရဲ့နား
ကိုပေါက်အောင် သွားပုပ်လေလွင့် ပြောဆိုကြတာပါ။ နောက်
ဆုံးတော့ သင်းမှာ အလုပ်မှနေ ထွက်ရတဲ့အဆင့်ကိုပဲ ဆိုက်
ရောက်သွားရတော့တာ။

နောက်တစ်ဆိုင်ပြောင်းတော့လည်း ဒီလိုပါပဲ။ မကြာခင်
အလုပ်ထွက်ရမြန်ပါသည်။ ကြာတော့ လူအများနဲ့ ပတ်သက်
ဆက်ဆံရတဲ့ အလုပ်မျိုးကို သင်း မလုပ်ချင်တော့ပါ။

ကြောက်လန့်လာရပါတော့သည်။ ကိုယ်က ဘယ်လိုပဲ
တည်တည်ကြည်ကြည်နေပါစေ အပြောခံရတာက မလွှဲနိုင်
နိုင်။ ဒါကြောင့်ပဲ အိမ်ထဲမှာ လုပ်ရတဲ့အလုပ်မျိုးကို သင်းက
ရွေးချယ်ချင်လာတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် အိမ်အလုပ်သမားပွဲစား ကြီးကြီးစိန်က တစ်ဆင့် အလုပ်ရှာတာ။ ကြီးကြီးစိန်က သင်းရဲ့ဘ၀ သင်းရဲ့ အကြောင်းကို ကောင်းကောင်းကြီး သိထားသူ ဖြစ်သည်။

သင်းရဲ့ အမေနဲ့ ကြီးကြီးစိန်နဲ့က အရမ်းခင်မင် ရင်းနှီးသည်။ သင်းရဲ့ဘ၀က ပြောရရင်တော့ ရှည်လည်းရှည် ရှုပ်လည်းရှုပ်တဲ့ ဘ၀မျိုးပါ။ သင်းရဲ့အမေက နောက်အိမ်ထောင်နဲ့ သင်းဆီမှာ အဖေအရင်းမရှိတော့ပါ။

အမေ့ရဲ့ နောက်အိမ်ထောင် သင်းရဲ့ပထွေးပဲ ရှိသည်။ ပြီးတော့ အမေက နောက်အိမ်ထောင်နဲ့ သားသမီးသုံးယောက် ထပ်မွေးထားသေးသည်။

သင်းတို့က မချမ်းသာပါ။ အမေ့ရဲ့ နောက်အိမ်ထောင်က ကုမ္ပဏီတစ်ခုရဲ့ ဝန်ထမ်းဖြစ်သည်။

သင်းအမေက စက်ချုပ်ဆိုင် ဖွင့်ထားသည်။ အမေက သင်းကို သူ့ရဲ့ဆိုင်မှာပဲ အဝတ်တွေချုပ်စေချင်တာ။ သင်းကလည်း အဲ့ဒီအလုပ်ကို လုံး၀ ဝါသနာမပါ။

အမေက အင်္ကျီချုပ်တာ၊ ဒီဇိုင်းထွင်တာတွေ သင်းကို တတ်စေချင်သည်။ အမေ့ရဲ့ လုပ်ငန်းမှာ ကူညီလုပ်ကိုင်စေချင်သည်။ အားကိုးချင်ပုံ ရသည်။ နောက်ထပ်မွေးထားတဲ့





ကလေးတွေက ငယ်သေးတာကိုး။

သင်းရန့်ကတော့လည်း တစ်မျိုးပါ။ ဝါသနာမပါတဲ့ အတတ်ပညာကို လုံး၀ မသင်ချင်။ အမေ့ကို ရွံ့ချင်တာလည်း ပါတာပေါ့လေ။ အမေက သင်းထက် နောက်ထပ်မွေးထားတဲ့ ကလေးတွေကို ပိုချစ်နေတာ မဟုတ်လား။

ဒီကလေးတွေအတွက်ကြောင့်ပဲ သင်းမှာ နေ့ရှိသရွေ့ ဆူဆဲခံရသည်။ ဝါသနာမပါတဲ့ အလုပ်ကို မလုပ်ချင်တဲ့ အတွက်လည်း အချိန်တိုင်း အမေ့ရဲ့ အပြစ်တင်စကားကို အားထောင်နေရပြန်ပါသည်။

သင်းကလည်းမာနက အရမ်းကြီးပြီး၊ ခေါင်းကလည်း အလွန်မာတတ်တဲ့ မိန်းကလေး။ ဒီတော့ ကိုယ့်ဘာသာကိုယ် အပြင်ထွက် အလုပ်လုပ်ပြီး ကိုယ့်စရိတ်နဲ့ ကိုယ်ကျောင်းတက်သည်။

ကိုယ့်ဝင်ငွေနဲ့ ကိုယ်သုံးစွဲသည်။ အမေ့အိမ်မှာ ထမင်းစားရုံလောက်ပဲပေါ့။ နောက်ထပ်မွေးထားတဲ့ ကလေးတွေကို အချစ်ပိုပြီး သင်းကိုတော့ မျက်မှန်းကျိုးနေတဲ့ အမေက သင်း ဒီလိုနေတာကိုလည်း သဘောမကျနိုင်ပြန်ပါ။

"သင်းရန့်ရေ ညည်းက ကိုယ့်ငွေနဲ့ ကိုယ့်ကျောင်းစရိတ်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ အသုံးစရိတ်ကို သုံးတယ်၊ သူများဆီမှာပဲ အလုပ်လုပ်တယ်၊ ကိုယ့်အမေဆီမှာတော့ အလုပ်မလုပ်နိုင်ဘူး ဒီလိုလား"

"မေမေ့အလုပ်ကို သင်း ဝါသနာမပါဘူးလေ"

"ညည်း အိမ်မှာမနေချင်တာ မဟုတ်လား၊ အိမ်မှာနေပြီး ကိုယ့်အမေရဲ့ အလုပ်တွေကို ကူညီရင် ဘယ်လောက်များကောင်းလိုက်မလဲအေ၊ အခုတော့ အမေ့မှာ အလုပ်လုပ်ရကလေးတွေကိုစွလုပ်ရနဲ့ ညည်းဟာ နည်းနည်းလေးမှ မသိတတ်တဲ့ သမီးပဲ"

အမေ ဒီလိုပြောတော့ သင်းက မခံနိုင်။ အစကတည်းက ရင်ထဲမှာရှိနေတဲ့ မကျေနပ်ချက်တွေက ပေါက်ကွဲရပါတော့သည်။

"အို... အဲ့ဒါလေးတွေကို ကြည့်မရလို့ သူတို့ရဲ့ ဝေယျာဝစ္စတွေ လုပ်မပေးနိုင်လို့ သင်းဘာသာ အပြင်မှာ အလုပ်ထွက်လုပ်တာ"

သင်းက ဒီလိုပြောတော့ အမေက စိတ်ဆိုးပြီး ပြောသည်။

"ဒီကလေးတွေက ညည်းနဲ့ ဘာမှမတော်ဘူးလား"

"မတော်ဘူး အမေ၊ သင်းစိတ်ထဲမှာတော့ သူစိမ်းတွေပဲ"





"ဪ... ဒါဆို ညည်းက အမေ့ကိုလည်း သူစိမ်းလို့ ပြောချင်တာပေါ့ ဟုတ်လား"

သင်းဆိုလိုတာ အဲ့ဒီလို မဟုတ်ပါ။ ဒါပေမဲ့ ခေါင်းမာတတ်သူမို့ အမေ့ကို ရှင်းလည်းမပြ။ မထုံတက်တေးပဲ နေလိုက်တော့တာ။ ဒီတော့ စိတ်ကြီးတဲ့ အမေက ပြောသည်။

"ညည်းက ဒီလောက်တောင် ပြတ်သားနေတယ်၊ သူစိမ်းဆန်ချင်နေတယ်ဆိုရင်လည်း သူစိမ်းတွေနဲ့ မနေနဲ့ပေါ့အေ" တဲ့။

ဒီစကားကြောင့်ပဲ သင်းက ကြီးကြီးစိန်ကို အကူအညီတောင်းပြီး သူဌေးအိမ်တစ်အိမ်မှာ အလုပ်လုပ်ဖို့ လုပ်ရတာပါ။

အခု အလုပ်ရှင်က သင်းကို ငယ်လို့တဲ့၊ အရမ်းလှနေလို့တဲ့၊ အလုပ်ခန့်ချင်ပုံ မရပါ။ ကြီးကြီးစိန်ကတော့ ကြိုးစားပေးနေပါသည်။

"မမိရယ် ကလေးမက အသက်ဆယ့်ရှစ်နှစ် ရှိပါပြီ၊ အဝေးသင်တက္ကသိုလ် ဒုတိယနှစ်ကျောင်းသူပါ၊ မိဘကလည်း လူလတ်တန်းစားထဲကပါ၊ ဒီတော့ သပ်ရပ်တယ် သန့်ရှင်းတယ်၊ အကင်းပါးတယ်၊ အဆင့်အတန်းရှိတယ် ဆိုပါတော့



www.burmeseclassic.com

www.burmeseclassic.com



ရှင်၊ မမတို့လို အဆင့်အတန်းမျိုးအတွက် အောက်ခြေက အလုပ်သမားကို ခေါ်မပေးရဲဘူးနော်၊ ဒါ အမှန်အတိုင်းပြောတာ အဟင်း... ဟင်း"

"ဟုတ်တော့လည်း ဟုတ်တယ် ဒေါ်စိန်ရယ်၊ ဘာမှ မမြင်ဖူး မတွေ့ဖူး၊ မလုပ်တတ် မကိုင်တတ်၊ မနေတတ် မထိုင်တတ်တွေနဲ့ဆိုရင်လည်း ပင်ပန်းပြန်ရော၊ ရှေ့တစ်ယောက်တုန်းကပေါ့၊ တောသူလေ ဘိုထိုင်အိမ်သာတောင် မထိုင်တတ်ဘဲ အပေါ်မှာ ငုတ်တုတ်တက်ထိုင်တာ အိမ်သာဖုံးလဲကွဲ၊ သူလည်း လိမ့်ကျပြီး ခေါင်းကွဲပါရောလား၊ ဒါကြောင့်ပဲ ကြိုပေးထားတဲ့ငွေကို အဆုံးခံပြီး ပြန်ပို့ရတော့တာပေါ့"

စိတ်ညစ်နေတဲ့ကြားထဲကပဲ သင်းရန့်က ရယ်ချင်သွားရပါသည်။

"ဒါပေါ့ မမရယ်၊ အလုပ်သမားလိုလို့ ခေါ်ပါတယ်ဆိုမှ သူ့ကိုပြန်ပြီး သင်ကြားပြသပေးနေရတာမျိုးလည်း ဘယ်ကောင်းပါ့မလဲနော်"

ကြီးကြီးစိန်ကလည်း ချိုသာပါဘိ။ သူဌေးမကြီးရဲ့ ပုံစံက သိပ်ပြီး ခါးခါးသီးသီး မဖြစ်တော့ပါ။





"ဒါပေမဲ့ ငယ်လွန်း၊ လှလွန်းတော့လည်း အိမ်မှာက သားတွေမွေးထားတာလေ ဒေါ်စိန်ရယ်"

သင်းက ခေါင်းလေးငုံ့ပြီး နားထောင်နေပေမယ့် ရင်ထဲမှာတော့ မာနလေး ကြွတက်လာပါသည်။

သူ့မှာ သားတွေရှိနေလို့ သင်းကို အလုပ်မခန့်ချင်ဘူးဆိုတာ သိရတော့ သင်းကလည်း ဒီအလုပ်ကို မလိုချင်တော့ပါ။

ယောကျ်ားပျိုမရှိတဲ့ အိမ်မျိုးမှာပဲ နေချင် အလုပ်လုပ်ချင်ပါသည်။

ဒါကြောင့် ကြီးကြီးစိန်ကို မပြောပါနဲ့တော့လို့ ဝင်ပြောချင်မိတော့တာ။ ဒါပေမဲ့ ကြီးကြီးစိန်က စကားတွေ ရှန်းရှန်းဝေနေတာမို့ သင်းမှာ အခွင့်အရေးမရဘဲ ဖြစ်နေရတော့သည်။

"ဪ... ဒါကတော့ မမရယ်၊ လူ့စည်း ဘီလူးစည်း ဆိုတာ ရှိနေတာပဲလေ၊ စည်းဆိုတာ စောင့်ရင် အိုးချင်းထားလည်း အိုးချင်း မထိနိုင်ပါဘူး၊ ဒီကလေးမက နေတတ်ထိုင်တတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ မနက်ဖြန်ခါ အကြောင်းပြန်မယ်နော် ဒေါ်စိန်"

"ကောင်းပါပြီ မမရယ်၊ ကျွန်မတို့ကို ပြန်ခွင့်ပြုပါဦး နော်"

"အို... စားစရာမုန့်တွေ အကုန်စားသွားလေ. စား... စား"

သင်းက အကောင်းစားမုန့်တွေကို စားရင်း ခမ်းနားလှပတဲ့ ဧည့်ခန်းကြီးကို မျက်လုံးလေး ဝေ့ကြည့်မိသည်။

တော်တော်ချမ်းသာမယ့် သူတွေပါ။ အိမ်ကြီးကလည်း ရဲတိုက်ကြီးလိုပါပဲ။

ခြံဝင်းကြီးကလည်း အကျယ်ကြီး။ အိမ်ထဲက အပြင်အဆင်တွေကလည်း ဖိတ်ဖိတ်လက်နေပါသည်။ ကြမ်းပြင်က အစ ခြေနင်းရက်စရာ မရှိပါ။

သင်းတို့အတွက် စားစရာလာချပေးတဲ့ အိမ်ဖော်တောင် သားနားသပ်ရပ်ပြီး တစ်သွေးတစ်မွေး ပြောင်ရောင်နေတာပါ။

အစားအသောက် ကျွေးတာကလည်း သင်းတို့လို ဧည့်သည်မဟုတ်တဲ့ လူတွေကိုတောင်မှ ကောင်းကောင်းကျွေး





...ဆိုတော့ မတွန့်တိုတတ်ဘူးဆိုတာ သိသာနေပါသည်။

ဒါပေမဲ့ သင်းကတော့ ဒီအိမ်မှာ အလုပ်မလုပ်ချင်တော့... ဒါကြောင့် သင်းကို လက်မခံပါစေနဲ့လို့ပဲ ဆုတောင်း...လိုက်ပါတော့သည်။

သင်းရန့်က ယောက်ျားပျိုတွေနဲ့ ရှင်းရှင်းနေချင်တာ...တာ်လား။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

အိမ်ဖော်ပွဲစား ဒေါ်စိန် ပြန်သွားတာနဲ့ ဒေါ်သန္တာက စဉ်းစားခန်း ဝင်ရပါတော့သည်။

အိမ်မှာက အလုပ်သမား တကယ်လိုအပ်နေတာပါ။

မီးဖိုချောင်ထဲမှာလုပ်တဲ့ အိမ်ဖော်နှစ်ယောက်ကတော့ ရှိပြီးသားပါ။ အိမ်သန့်ရှင်းရေးလုပ်ဖို့ တစ်ယောက် မဖြစ်မနေ လိုအပ်နေတာ ဖြစ်သည်။

ဒေါ်သန္တာတို့အိမ်က သုံးထပ်တိုက်ကြီးပါ။ အခန်းတွေကလည်း အရမ်းများသည်။ အဲဒီအတွက် သန့်ရှင်းရေးလုပ်ဖို့ အလုပ်သမားတစ်ယောက် မဖြစ်မနေ လိုအပ်နေတာပါ။

မီးဖိုချောင် အလုပ်သမားတွေကို ခေါ်ခိုင်းလို့လည်း မရ။ အဝတ်လျှော်၊ မီးပူတိုက်၊ မီးဖိုခန်းမှာ ချက်ပြုတ်နဲ့





သူတို့မှာ အချိန်ပိုမရှိ။ ဒီတော့ သီးသန့်တစ်ယောက်ခေါ်ပြီး သန့်ရှင်းရေးသက်သက်ပဲ ခိုင်းဖို့ အလုပ်ခန့်ထားရတာ ဖြစ်သည်။

အလျင်ကလုပ်တဲ့ နော်ဝေးကလည်း လင်ယူသွားပြီး အလုပ်ကထွက်သွားပါပြီ။ ဒီအလုပ်အတွက် တော်ရုံတန်ရုံလူကိုခေါ်လို့လည်း မဖြစ်ပါ။ အထပ်တိုင်းက အခန်းတိုင်းမှာ သန့်ရှင်းရေး ဝင်လုပ်ခိုင်းရမှာဆိုတော့ လက်ဆော့ခြေဆော့ဆိုလည်းမဖြစ် တစ်အိမ်လုံးမှာက အဖိုးတန်ပစ္စည်းတွေချည်းပါပဲ။

ပြီးတော့ ဒေါ်စိန်ပြောသလို ထုံထုံနနနဲ့ အောက်ခြေက မမြင်ဖူး၊ မတွေ့ဖူးတဲ့ အလုပ်သမားမျိုးဆိုရင်လည်း မဖြစ်နိုင်ပါ။ ဖုန်စုပ်စက်ကိုမှ မကိုင်တတ် မသုံးတတ်ရင် ဘယ်လိုလုပ်မလဲ။

အသက်အရမ်းကြီးလို့လည်း မဖြစ်။ အသက်ကြီးမှဆိုတော့ ဘယ်မှ သုံးထပ်တိုက်ကို ဆင်းလိုက်တက်လိုက် မလုပ်နိုင်။

အသက်ငယ်လွန်းပြန်တော့လည်း လုပ်တာ ကိုင်တာ သေချာပါ့မလား၊ တော်ကြာ အိမ်သန့်ရှင်းရေးမလုပ်ဘဲ အိမ်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ထပ်တက်ပြီး အိပ်နေရင်လည်း ဘာမှမတတ်နိုင်။ လိုက်ကြည့်နိုင်မှာတဲ့လားနော်။

ဒေါ်စိန် ခေါ်လာတဲ့ ကလေးမကတော့ မဆိုးပါဘူး၊ ပညာလည်းတတ်၊ နေပုံထိုင်ပုံကလည်း အရမ်းအောက်တန်းမကျဘဲ သပ်သပ်ရပ်ရပ် ရှိပါသည်။

ပြောပုံဆိုပုံ၊ ကြည့်ပုံရှုပုံတွေကလည်း အဆင့်အတန်းရှိသည်။ ဣန္ဒြေရသည်။ သာမန် ရွက်ကြမ်းရေကြို ရုပ်ရည်မျိုးဆိုရင်တော့ ဝမ်းသာအားရ အလုပ်ခန့်လိုက်ပါပြီ။

အခု ဒီကလေးမလေးကတော့ တော်တော့်ကို လှနေတာပါ။ ဒီလောက်ကြီးလှနေတာလည်း အလုပ်ခန့်ပြီး အိမ်မှာခေါ်ထားရမှာ စိတ်မရှင်းပါ။ ဒေါ်သန္တာ့ဆီမှာက သားလူပျိုနှစ်ယောက် ရှိနေတာကိုး။

တော်ကြာ သားတွေနဲ့ တစ်ခုခုဖြစ်သွားခဲ့ရင် အခက်ပါ။

သားနှစ်ယောက်ကိုတော့ ယုံပါသည်။ အသက်အစိတ်ရှိနေပြီး အလုပ်လုပ်နေတဲ့ သားအငယ်ရော အသက်သုံးဆယ်နားနီးနေတဲ့ သားအကြီးရော၊ နှစ်ယောက်စလုံး အိမ်ကအလုပ်သမား မိန်းကလေးတွေနဲ့ ရှင်းရှင်းပဲ နေတတ်ကြတာပါ။





ပရောပရီလည်း မလုပ်တတ်။ ရှုပ်ရှုပ်ထွေးထွေးဆိုတာလည်း ဘယ်တုံးကမှ မရှိခဲ့ပါ။ တစ်ခုတော့ ရှိတာပေါ့လေ။

အခု ကလေးမလိုလှတဲ့ မိန်းကလေးမျိုးတော့ တစ်ယောက်မှ မရှိခဲ့ဘူးပေါ့။

ဒေါ်သန္တာက စဉ်းစားနေရပါပြီ။

လူကလည်း အရမ်းလိုအပ်နေတာ။ ဒေါ်စိန်ကလည်း စိတ်ချရတဲ့သူပါပဲ။ ဒေါ်စိန်နဲ့ ဆက်ဆံခဲ့တာ ကြာပါပြီ၊ နှိမ့်နှိမ့်ကန်ကန်ပါပဲ။ တစ်ခါမှ ဒုက္ခမပေးဖူးသလို အခွင့်အရေးယူတာမျိုးလည်း မလုပ်တတ်ခဲ့တာ ဒေါ်သန္တာ သိပါသည်။

ဟာ... မထူးပါဘူး။ ဒီကလေးမကိုပဲ အလုပ်ခန့်လိုက်ပါတော့မယ်လို့ ဆုံးဖြတ်လိုက်သည်။

ကိုယ်ကသာ စိတ်ပူနေတာပါ။ သားနှစ်ယောက်နဲ့ ကောင်မလေးက တွေ့တောင်တွေ့ဖြစ်မှာတဲ့လား။

သန့်ရှင်းရေးလုပ်တဲ့အတွက် ကောင်မလေးက သူ့[illegible]သာသူ အခန်းတွေ အထပ်တွေမှာ အလုပ်လုပ်နေရမှာပေါ့။ သားတွေနဲ့ ဘယ်လိုမှကို အဆက်အစပ်မရှိပါ။

ဒါကြောင့် ဒေါ်သန္တာက အလုပ်ခန့်ဖို့ပဲ စဉ်းစားလိုက်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စိန် ပြောသလိုပါပဲလေ။

လူ့စည်း ဘီလူးစည်း ဆိုတာရှိတာပဲဟာ။ သူ့စည်းနဲ့ သူ နေကြရင် ဘာဖြစ်ရမှာတဲ့လဲ။ နောက်ဆုံးတော့ ဒေါ်သန္တာ က မနက်ဖြန်ခါ ဒေါ်စိန်ဆီ ဖုန်းဆက်ဖို့ ပွိုက်ဘုတ်မှာရေး ပြီး မှတ်ထားလိုက်ပါတော့သည်။

ဒေါ်သန္တာက အိမ်အလုပ်သမားကိစ္စကို ဒီလောက် ခေါင်းထဲမထည့်နိုင်ပါ။ စီးပွားရေးလုပ်ငန်းတွေ လုပ်စရာမှ တစ်ပုံကြီး ဆုံးဖြတ်ရမယ့်ကိစ္စ၊ ဆွေးနွေးရမယ့် ကိစ္စတွေ ကလည်း အများကြီး၊ ကုမ္ပဏီဝန်ထမ်းတွေကို အုပ်ချုပ်ရတာ ကလည်း ရှိသေးသည်။

စက်ရုံဝန်ထမ်းကိစ္စတွေကလည်း ရှိသည်။ ဒီလောက် များပြားတဲ့ အလုပ်တာဝန်တွေထဲမှာ အိမ်အလုပ်သမားရဲ့ ကိစ္စကို ခဏပဲ ထည့်စဉ်းစားနိုင်ပါသည်။

ထိုအချိန်တွင် အကြီးအကျယ် စဉ်းစားနေရသူကတော့ သင်းရန့်ရယ်ပါ။

"ကြီးကြီးစိန်ရယ် သင်း အဲ့ဒီအိမ်မှာ အလုပ်မလုပ်ချင် တော့ပါဘူး"

"ဟယ်... သင်းကလည်း ဒီလောက်ကောင်းတဲ့ အိမ်





ကွယ်၊ ကြီးကြီးစိန်က စိတ်သဘောထားပြည့်ဝတဲ့ မိသားစု နဲ့ပဲ စိတ်ချရလို့ ညည်းကို အဲ့ဒီအိမ်ကို ခေါ်သွားတာပေါ့"

"ဟင်... ကြီးကြီးစိန်ရယ် ယောကျ်ားတွေရှိတဲ့ အိမ် မှာ သင်း အလုပ်မလုပ်ချင်ပါဘူး"

"ဟဲ့... အိမ်တိုင်းမှာတော့ ယောကျ်ားတွေ ရှိတာပေါ့ အေ၊ နေပါဦး သင်းက ဘာကြောင့် ယောကျ်ားတွေကိုကြောက် နေရတာလည်း ပြောစမ်းပါဦး"

"သင်းက ယောကျ်ားတွေကို ကြောက်နေတာ မဟုတ် ပါဘူး ကြီးကြီးစိန်ရယ်၊ လှတာမြင်ရင် ငမ်းငမ်းတက်နေကြ တဲ့ ယောကျ်ားတွေရဲ့စိတ်ကို မုန်းတာ၊ သင်းမှာ အလုပ်တွေ ချည်း လျှောက်ပြောင်းနေရတာလည်း အဲ့ဒီယောကျ်ားတွေ ကြောင့်ပဲ"

"အလိုတော် ဘာဖြစ်လို့များလဲအေ"

"ဩော်... သူတို့က သင်းကို ချစ်လှချည်ရဲ့ ကြိုက်လှ ချည်ရဲ့ဆိုပြီး ရုပ်ပျက်ဆင်းပျက်တွေ့လိုက်ကြ လက်ဆောင် တွေပေးကြ ချစ်ရေးတွေဆိုကြ လုပ်တာကို"

"ဒါနဲ့ပဲ အလုပ်ပြောင်းစရာလား သင်းရယ်"

"သင်းကတော့ နေတတ်ပါတယ် ကြီးကြီးစိန်ရယ်၊



www.burmeseclassic.com

www.burmeseclassic.com



ရည်းစားထားဖို့လည်း စိတ်မဝင်စားဘူး၊ ယောက်ျားတွေကို လည်း မယုံဘူး”

“ဒါဆို ဘာဖြစ်စရာရှိလဲကွယ်”

“ဘေးကလူတွေကတော့ မနေတတ်ဘူးလေ၊ မနာလို တွေဖြစ်ကြတယ်၊ အတင်းအဖျင်းတွေ ပြောကြတယ်၊ ကုန်း ချောကြတယ်၊ ဒီတော့ သင်းလည်း အလုပ်ထွက်ရတော့တာ ပေါ့”

“အင်း... ဒါ ယောက်ျားတွေနဲ့ မဆိုင်ပါဘူး သင်း ရယ်၊ မနာလိုဝန်တိုတတ်တဲ့ မိန်းမတွေနဲ့ပဲ ဆိုင်တာပါ”

“ဟာ... ယောက်ျားတွေကသာ သင်းကို လိုက်မကြိုက် ရင် ဘာမှဖြစ်စရာအကြောင်းမရှိဘူး ကြီးကြီးစိန်ရဲ့”

“ဪ... သင်းက လှတာကိုးကွယ်”

ဒေါ်စိန်ကပြောရင်း သင်းရန့်ရဲ့ ဆံပင်ပျော့ပျော့စင်း စင်းလေးတွေကို ထိကိုင်ကြည့်နေမိတော့တာ။

တကယ်လှလွန်းတဲ့ ကလေးမပါပဲ။ ကောင်းခြင်းငါး ဖြာဆိုတဲ့ထက်တောင် ပြည့်ဝကျော်လွန်နေပါသေးသည်။

ဘာမှပြုပြင်ချယ်သထားတာ မဟုတ်ဘဲနဲ့ကို ငေးကြည့် ချင်စရာကောင်းအောင် လှနေတာပါ။ မြင်လိုက်တာနဲ့ လှ





လိုက်တာလို့ ဘယ်သူမှ မပြောဘဲ မနေနိုင်။

ယောက်ျားပဲဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ် သင်းရန့်ကို တွေ့ တာနဲ့ လည်ပြန်လှည့်ငေး ခလုတ်တွေ ဘာတွေတိုက်နဲ့ ဖြစ် ကုန်ရတာချည်းပါပဲ။

သင်းရန့်က အဲဒီလိုကို လှတာဖြစ်သည်။ ဒေါ်စိန်နဲ့ သင်းရန့်ရဲ့အမေက ညီအစ်မအရင်းတွေလို ခင်ကြတာပါ။

ငယ်ပေါင်း သူငယ်ချင်းတွေတော့လည်း မဟုတ်။ သင်းရန့်ရဲ့အမေ ဒေါ်စံပယ်က ဒေါ်စိန်ထက် အသက်ငယ်ပါ သည်။

ဒေါ်စိန်နဲ့ ဒေါ်စံပယ် ရန်ကုန်မြို့ရဲ့ ဆင်ခြေဖုံးရပ်ကွက် ကလေးတစ်ခုက သစ်သားအိမ်လေးမှာ တစ်ယောက်တစ်ခြမ်း ငှားရမ်းနေထိုင်ရင်း မရှိအတူ ရှိအတူ ခင်မင်ရင်းနှီးသွားခဲ့ ရတာ ဖြစ်သည်။

အဲဒီတုန်းက သင်းရန့်လေးက သုံးနှစ်သမီးအရွယ်လေး ပဲ ရှိသေးတာပါ။

ဒေါ်စံပယ်ကလည်း ချောချောလှလှ တောင့်တောင့် တင်းတင်းပါ။ ဒါပေမဲ့ သင်းရန့်လေးက သူ့အမေ ဒေါ်စံပယ် ထက်အများကြီး လှသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စိန် စသိတဲ့အချိန်တည်းက သင်းရနံ့မှာ အဖေ မရှိ။ မစံပယ်ကို မုဆိုးမဘဝနဲ့ သိက္ခာမြဲခင်မင်ခဲ့တာ။ အဲဒီ အချိန်ထဲက အရုပ်ကလေးကိုလှတဲ့ သင်းရနံ့လေးကို ချစ်ခဲ့ ရတာဖြစ်ပါသည်။

မစံပယ်က အိမ်ကလေးထဲမှာ စက်ချုပ်ပြီး သမီးလေး နဲ့ ရုပ်တည်ရှန်းကန်နေတဲ့ ချောချောလှလှ မုဆိုးမလေး။ ဒီတော့ မုဆိုးမလေးကို မျက်စိကျနေတဲ့ လူတွေကလည်း အရမ်းများသည်။

လက်တည့်စမ်းချင်တဲ့ ကြောင်ခံတွင်းပျက်တွေ ရှိသလို ဟည်တည်တံ့တံ့ လက်ထပ်ပြီး လုပ်ကိုင်ကျွေးမွေးချင်သူတွေ လည်း ရှိသည်။

"မမစိန်ရယ် နောက်ထပ် အိမ်ထောင်ပြုဖို့တော့ စိတ်ကူး မရှိပါဘူးရှင်၊ စံပယ်မှာက သမီးလေးလည်း ရှိသေးတယ် မဟုတ်လား" လို့ ပြောပြီး ကြဲ့ကြဲ့ခံခဲ့တဲ့ စံပယ်တစ်ယောက် အရွယ်လေးကလည်း ငယ်တော့ ပုထုဇဉ်ပီပီ အချစ်နဲ့ပဲ တွေ့ သွားတာလား၊ အားမတင်းနိုင်တော့ဘဲ အားငယ်သွားလေ သလား မသိပါ။

သင်းရနံ့လေး ဆယ်နှစ်သမီးမှာပဲ မစံပယ်က နောက်





အိမ်ထောင်ပြုလိုက်တော့တာ။ မစံပယ်ရဲ့ နောက်အိမ်ထောင် က လူပျိုလူလွတ် အိမ်ပိုင်နဲ့ အလုပ်အကိုင်နဲ့မို့ မစံပယ်တို့ ဘဝလေးအသင့်အတင့်တော့ မြင့်မားသွားရပါသည်။

"ဘယ်လိုဖြစ်ရတာလဲ မစံပယ်ရယ်" လို့ မေးတော့ အကြောင်းကြောင်းတွေပေါ့လို့ပဲ ဖြေခဲ့သည်။

မစံပယ်က နောက်အိမ်ထောင်နဲ့ သားသမီးသုံးယောက် ထပ်မွေးထားသည်။ သင်းရနံ့နဲ့ မစံပယ် အဆင်မပြေတော့ တာ အဲ့ဒါပါပဲ။

နောက်မွေးတဲ့ ကလေးတွေကို ချစ်ပြီး သူ့ကိုတော့ ချစ်ဘူးလို့ သင်းရနံ့က ထင်သည်။ ဒါကြောင့်ပဲ အမေနဲ့ သမီး ဝေးသွားရပါတော့သည်။ နောက်မွေးတဲ့ ကလေးတွေကို သင်းရနံ့က လုံးဝ ထိန်းမပေး၊ ကြည့်မပေး ဒီတော့ မစံပယ် မှာ ပင်ပန်းရသည်။ စိတ်တိုရသည်။

စိတ်တိုလို့ သမီးကြီးကိုဆူတော့ သမီးဖြစ်တဲ့သူကလည်း နောက်မွေးထားတဲ့ ကလေးတွေကြောင့် သူ့ကို ဆူပူတာ၊ ခန့်မဲ့တာလို့ ထင်ပြန်သည်။

ဒီလိုနဲ့ပဲ သင်းရနံ့တို့သားအမိ မနီးစပ်တော့တာ။ ဒေါ်စိန်က သိနေသည်။ မနီးစပ်တဲ့အပြင် ဝေးကိုဝေးသွားရ



www.burmeseclassic.com

www.burmeseclassic.com



တာ။ မစံပယ်က ဒေါ်စိန့်ကို တွေ့တိုင်း ငိုပြီး အမြဲတမ်း ပြောပြထားတာမို့ သူတို့သားအမိရဲ့ ပြဿနာကို သိနေတာပါ။

သင်းရန့်ကလည်း အာဂမာနခဲ၊ သူ့အမေဆီမှာ အလုပ်မလုပ်ဘဲ အပြင်မှာ အလုပ်လုပ်သည်။ ဒီတော့ မစံပယ်က ပိုစိတ်ဆိုးသည်။ သင်းရန့်က သူ့ပိုက်ဆံနဲ့ သူကျောင်းတက်သည်။

အမေ့ဆီက ဘာမှမကောင်းဘူးတဲ့လေ။ သူ့စရိတ်သုံးသတဲ့။ ဒါကြောင့် အမေလုပ်တဲ့သူက ဒီလောက်သူစိမ်းဆန်ရင်လည်း သူစိမ်းတွေပေါ့လို့ ပြောသတဲ့။

ဒီမှာတင် သင်းရန့်က အမေအိမ်မှာ မနေချင်တော့လို့ အလုပ်ရှာခိုင်းတာပါ။ ဒေါ်စိန်ကလည်း ကြည့်မနေနိုင်၊ သင်းရန့်လေးက ကိုယ့်လက်ပေါ်တင် ကြီးလာတာဆိုတော့ ပစ်မထားရက်။ ဒီကလေးမရဲ့ စိတ်ဓာတ်ကို သိနေတော့ ပိုဆိုးသည်။

အင်မတန် ခေါင်းမာတဲ့ ကလေးမ၊ အလျှော့မပေးတတ်တဲ့ ကလေးမ၊ ကိုယ်က အလုပ်ရှာမပေးရင် သူ့ဘာသာသွားရှာဖို့အတွက်လည်း ဝန်လေးမည်မထင်ပါ။





ဒါကြောင့် မဖြစ်သင့်တာ မဖြစ်ရအောင်လို့ ဒေါ်စိန်က အလုပ်ရှာပေးရတာ ဖြစ်သည်။

"အမေမွေးတည်းက ဒီမျက်နှာနဲ့ ဒီပုံစံဖြစ်နေတာဆိုတော့ သင်းလည်း မတတ်နိုင်ဘူး ကြီးကြီးစိန်ရယ်၊ လှအောင်လည်း အထူးတလည် ပြင်ဆင်မနေမိပါဘူးနော်၊ လှရတာ စိတ်ညစ်လွန်းလို့၊ အခုလည်း အလုပ်ရှင်က သင်းကို လှလို့ လက်မခံချင်တာ မဟုတ်လား"

သင်းရန့်က နှာခေါင်းလှလှလေးကို ရှုံ့မဲ့ပြီး ပြောနေမိတာပါ။

သူ့ဒွေးမကြီးက သူ့သားတွေနဲ့ သင်းကို စိတ်မချတဲ့အချိုးလေ။ ဒါ သင်းကို အထင်သေးတာပေါ့။

"အလုပ်က အရေးကြီးတာပါ သင်းရယ်၊ အဲ့ဒီမှာ လုပ်ရမယ့်အလုပ်က သန့်ရှင်းရေးလို့ပြောတဲ့အတွက်သာ နားဆောင်လို့ မကောင်းတာပါ။ တကယ်တော့ ဘာမှမပင်ပန်းဘူး သင်းရဲ့"

"အို... သင်းက ပင်ပန်းလည်း လုပ်မှာပါ၊ သင်းကို အလိုမရှိတဲ့ အမေ့ဆီမှာ မနေရရင် ပြီးတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုမပြောပါနဲ့ သမီးရယ်၊ သမီးအမေက သမီးကို အရမ်းချစ်တာပါ"

"သိပါတယ်နော်၊ သင်းကို အရမ်းချစ်လို့ပဲ နောက် ယောကျ်ားလဲယူတယ်၊ နောက်ထပ် သားသမီးတွေလည်း ထပ်မွေးတယ်၊ ဒီကလေးတွေကို မထိန်းကျောင်းရကောင်း လားဆိုပြီး တစ်နေ့တစ်နေ့ သင်းကို ရန်ရှာတယ်၊ အမေက သင်းကို အိမ်မှာ သူ့ယောကျ်ားနဲ့ သူ့သားသမီးတွေအတွက် အိမ်ဖော်လို နေစေချင်တာလေ၊ ဒါကြောင့် သင်းကလည်း အိမ်ဖော်အလုပ်ပဲ လုပ်ချင်တာ"

သင်းရနံ့က တကယ်ပဲ ဆုံးဖြတ်ထားတာ။

အမေ့ကို စိတ်နာလို့ပါ။

အမေက သင်းကို အိမ်မှာ ကလေးထိန်း၊ ထမင်းချက် အဝတ်လျှော်၊ အားရင် အမေ့ဆိုင်က ချုပ်ထည်တွေ ကော်ကပ်၊ ကြယ်သီးတပ်၊ လက်ချုပ်လိုက် အလုပ်တွေ ခိုင်း ချင်တာပါ။

အမေ့ယောကျ်ားကဆိုရင်လည်း သင်းကို အိမ်မှာကျွေး မွေးထားရတာပဲ အရမ်းနှစ်နာနေသလိုလိုပုံစံနဲ့လေ။ ဒါကြောင့် ပဲ သင်းက တမင်ရှဲ့ပြီး အိမ်ဖော်သွားလုပ်မှာ။





"သင်းရဲ့ စိတ်တွေက ပြင်းထန်လိုက်တာကွယ်၊ မိဘ အပေါ်မှာ အထင်မလွဲသင့်ဘူး"

"အထင်လွဲတာ မဟုတ်ပါဘူး ကြီးကြီးစိန်၊ အမေက တကယ်ပဲ အဲ့ဒီလို ဖြစ်နေတာ၊ သင်းရဲ့ အဖေ့အမျိုးတွေ ဘယ်မှာရှိတယ်ဆိုတာကိုသာသိရင် သင်း ထွက်သွားတယ် တကယ်ပဲ၊ တစ်နေ့တစ်နေ့ နောက်မွေးထားတဲ့ ကလေးတွေ ရယ်၊ နောက်ယောကျ်ားရယ်နဲ့ အမေက ပျော်ရွှင်ကျေနပ် နေတာ ကြီးရဲ့၊ သမီးမှာသာ သင်းကွဲစစ်စစ် ဖြစ်နေရတာ လေ"

"ဩော်… သင်းရယ်"

သင်းရနံ့က ပြောရင်း မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာရတော့တာ။

ဒီလိုဆိုပြန်တော့ အလုပ်ကို အမြန်ဆုံးလိုချင်နေပြန် ပါသည်။ အမေ့အိမ်မှာ မနေရရင်ပြီးရောပေါ့။ နေရသမျှ သင်းပဲ စိတ်ဆင်းရဲရတာ၊ အမေလည်း သင်းကြောင့် စိတ် ဆိုးရ၊ ဒေါသထွက်ရနဲ့ မကောင်းပါဘူး"

"အို… အလုပ်ရရင်တော့လည်း ဝင်လုပ်ပါမယ်လေ၊ ဒါပေမဲ့ သင်းကတော့ သိပ်မထင်ပါဘူး ကြီးကြီးစိန်ရယ်၊



www.burmeseclassic.com

www.burmeseclassic.com



သူဌေးမကြီးက သင်းလှလို့ပဲ အလုပ်ခန့်မှာ မဟုတ်ပါဘူး နော်"

"ဒါတော့ ကံပဲပေါ့ သင်းရယ်၊ အလုပ်ခန့်ရင်တော့ ဝင်သာလုပ် သမီးရေ၊ အဲ့ဒီအခွင့်အရေးက ရခဲတယ်နော်၊ လစာလည်းကောင်းတယ်၊ ကောင်းကောင်းနေရမယ်၊ ကောင်း ကောင်းစားရမယ်၊ သူ့အိမ်သားတွေနဲ့လည်း အနီးကပ် ဆက်ဆံပြီး သူတို့ရဲ့ ဝေယျာဝစ္စကို လိုက်လုပ်ပေးနေစရာ မလိုဘူး၊ ကိုယ့်အလုပ်က သန့်ရှင်းရေးလုပ်နေရုံပဲ"

သင်းက သက်ပြင်းလေး ချလိုက်မိသည်။ တကယ် တော့ ပါးစပ်ကသာ ပြောနေတာပါ။

သူများအိမ်မှာ အိမ်ဖော်သွားလုပ်ဖို့အတွက် တစ်ချက် တစ်ချက်မှာတော့ သတ္တိကြောင်ချင်ပါသည်။ ဒီအလုပ်မျိုးက လုပ်ဖူးတာမှ မဟုတ်ဘဲ။ ပြီးတော့ ချက်ပြုတ် ဘာညာဆို တာမျိုးလည်း သင်းက မတတ်ပါ။

ကြမ်းကြမ်းတမ်းတမ်း လုပ်ရဖို့အတွက်ကျတော့လည်း သင်းလို လှလှပပ နုနုနယ်နယ်လေးအတွက် ဖြစ်မှာတဲ့လား၊ ပင်ပင်ပန်းပန်း အလုပ်တွေကို သင်း တကယ် မလုပ်နိုင်ပါ။

အခု သန့်ရှင်းရေးအလုပ်က အိမ်ကောင်းကောင်းကြီး





ာ ဖုန်စုပ်စက်နဲ့ဖုန်ခါ၊ မှန်သုတ် ဒီလောက်ပဲလို့ ကြီးကြီးစိန် ာ ပြောတာဖြစ်သည်။

ဒါကြောင့်လည်း အလုပ်လျှောက်မိတာပေါ့။ အလုပ်ရ ာ မရတာကတော့ ကြီးကြီးစိန် ပြောသလို ကံပဲပေါ့နော်။

သင်းက တွေတွေငေးငေးလေး ထိုင်နေမိပါတော့ သည်။

ဘဝကို စိတ်နာရမှာလား။

အမေ့ကို စိတ်နာရမှာလား။

အမေ့ရဲ့ နောက်ယောကျ်ားကိုပဲ စိတ်နာရမှာလား။

အမေ နောက်ထပ်မွေးထားတဲ့ ကလေးတွေကိုပဲ စိတ် ာရတော့မှာလား။

နာစရာတွေက များလွန်းလို့ ဘယ်သူ့ကို နာရမှန်း သိတော့ပါ။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"အခြေအနေက ဘယ်လိုလဲ မမစိန်"

"အခြေအနေကောင်းတယ် မစံပယ်ရေ၊ အလုပ်ရသွားမှာပါ၊ ဒေါ်သန္တာက ငယ်တယ်၊ ရုပ်ကလေးလှလွန်းနေတယ်လို့တော့ ပြောတာပဲပေါ့၊ ဒါပေမဲ့ ပညာတတ်တာရယ်၊ အနေအထိုင်သပ်ရပ်တာရယ်ကို ကြိုက်နေတာ မမစိန် သိတယ်၊ ပြီးတော့ အကျင့်စာရိတ္တအတွက်လည်း မမစိန်က အာမခံထားတာဆိုတော့ အလုပ်ရမှာပါ"

ဒေါ်စံပယ်က သက်ပြင်းချလိုက်မိသည်။

"အားကိုးပါတယ် မမစိန်ရယ်၊ ကျွန်မသမီးလေးကို စောင့်ရှောက်ပါနော်"





"သြော်... မစံပယ်ရယ် ပြောနေစရာတောင် မလိုပါဘူးတွယ်၊ သင်းရနံ့လေးဟာ မမစိန်ရဲ့ သမီးလေးပါပဲအေ"

"ဒါကြောင့်လဲ မမစိန်ရဲ့လက်ကို အပ်နေရတာပါ။ ကျွန်မတော့ ညံ့ဖျင်းတယ်ပြောလည်း ခံရမှာပါပဲ၊ သမီးကို ဘယ်လိုကိုင်တွယ်ရမှန်း မသိတော့ပါဘူး"

ဒေါ်စံပယ်က တကယ်ပဲ ရင်ထဲမှာ နာကျင်ခံစားနေတာပါ။ သမီးနဲ့ စိတ်ချင်းဝေးသွားရတာကို ရင်ထဲမှာ မချိပါ။

နောက်အိမ်ထောင်ပြုမိတာကိုလည်း နောင်တရနေလို့ပြစ်။ အဲ့ဒီအချိန်က လုပ်သင့်လို့ လုပ်လိုက်ရတာ။ မိန်းမသားတစ်ယောက်တည်း စားဝတ်နေရေးအတွက် ရုန်းကန်နိုင်ဘယ်ပဲထား၊ ဘဝလုံခြုံရေးအတွက် အကာအကွယ်က လိုအပ်နေပြီ။

ကိုယ်ကကောင်းအောင် ဘယ်လိုပဲနေနေ၊ အမနာပပြောတဲ့သူတွေကလည်း ပြောကြသည်။

အထင်သေး အမြင်သေးနဲ့ စမ်းချင်တဲ့သူတွေကလည်း ခမ်းသပ်ကြည့်ချင်ကြသည်။ လူတွေရဲ့ အကြည့်နဲ့ စော်ကား



www.burmeseclassic.com

www.burmeseclassic.com



တာ၊ စကားနဲ့ စော်ကားတာကို ခံနေရတာ ကြာလာတော့ ဘယ်လိုမှ မခံစားနိုင်တော့။

နောက်ဆုံးမှာ ကိုယ့်ကိုလည်း တကယ်ချစ်၊ တကယ် မြတ်နိုးသလို ဘဝအာမခံချက်လည်းရှိတဲ့ လူရိုးလူကောင်း တစ်ယောက်ကို ရွေးချယ်ပြီး လက်ထပ်လိုက်ရပါတော့သည်။

သမီးလေးနဲ့ အဲ့ဒီကတည်းကစပြီး ဝေးသွားခဲ့ရတော့တာ။ သမီးက ဒေါ်စံပယ်ရဲ့ နောက်အိမ်ထောင်ကို စကားလည်းမပြော၊ ထမင်းလည်းအတူတူမစား၊ ဘယ်နေရာမှလည်း အတူတူမသွားဘဲ ခပ်ကင်းကင်း ခပ်တင်းတင်းလေး နေခဲ့တာ အဲ့ဒီအချိန်ကနေ ခုထိပါပဲ။

ကိုမောင်က အရမ်းကောင်းလွန်း နားလည်ခွင့်လွှတ်နိုင်လွန်းတော့ ဒေါ်စံပယ့်မှာ အားနာရပြန်သည်။

သမီးကို ဒီအတိုင်းလွှတ်ထားရင် အကောင်းသားပါ။

"သမီးရယ် သမီးအဖေ မဟုတ်ပေမယ့် သူ့အရိပ်မှာနေ၊ သူ လုပ်ကိုင်ရှာဖွေကျွေးတာကို စားနေတော့ သူ့ကို ကြည်ကြည်သာသာ ဆက်ဆံသင့်တယ်" လို့ ဆုံးမမိမှပဲ ပိုဆိုးခဲ့ရတာပါ။

နောက်အိမ်ထောင်နဲ့ သားသမီးတွေ ထပ်မွေးတော့





သမီးက ပိုဆိုးခဲ့သည်။ သမီးကြီးမို့ ဒေါ်စံပယ်က အားကိုးချင်ပါသည်။

နောက်ထပ်မွေးတဲ့ သားသမီးလေးတွေနဲ့လည်း ချစ်ခင်ရင်းနှီးစေချင်ပါသည်။ မိသားစုဆန်စေချင်ပါသည်။ ဒါပေမဲ့ သင်းရန့်က ဘယ်လိုမှ မရခဲ့။ ကလေး ဘယ်လောက်ငိုနေပါစေ လှည့်မကြည့်၊ တစ်ချက် မချီပိုးဘဲ နေနိုင်ခဲ့သည်။

အိမ်မှာဆိုရင်လည်း နေတယ်ဆိုရုံပဲ နေတာ။ ထမင်းစားတော့လည်း တစ်ယောက်တည်းစားသည်။ စကားတွေ ဘာတော ပြောဆိုတာမျိုးလည်း မရှိ။ စာကျက် ကျောင်းသွား သူ့အလုပ်ပဲ သူလုပ်ပြီး နေနေတာ။

ဆယ်တန်းအောင်တော့ ဒေါ်စံပယ်က အကျီချုပ်တာ၊ ကိုင်းထွင်တာတွေ သင်စေချင်ခဲ့သည်။

အမေ့အလုပ်မှာ ဝိုင်းကူဖို့ ပြောခဲ့သည်။ ဒီတော့ သမီးက အပြင်မှာ အလုပ်ထွက်လုပ်သည်။

သူ့ကျောင်းစရိတ် သူရှာသည်။ အခုတော့ အဆိုးဆုံးပါပဲ။ အိမ်မှာတောင် မနေချင်တော့ဘဲ အပြင်မှာ အလုပ်လုပ်ပြီးနေဖို့ စိုင်းပြင်းနေပါပြီ။

"မစံပယ်ရေ ကလေးတွေက ဒီလိုပဲ၊ အကိုင်ရအတွယ်ရ

www.burmeseclassic.com

www.burmeseclassic.com



ခက်ခဲတယ်၊ အချိန်တန်တော့လည်း သူ့ဘာသာသူ နားလည်သွားတာပါပဲအေ"

"ကျွန်မ စိတ်မကောင်းဘူး မမစိန်ရယ်၊ သမီးက သူများအိမ်မှာ အလုပ် သွားလုပ်ဖို့တောင် စဉ်းစားတယ်တဲ့၊ တကယ် ခံစားရတာပါရှင်"

"ပြောလို့မှမရဘဲ မစံပယ်ရယ်၊ လွှတ်သာထားလိုက်ဟုတ်လား"

"ကျွန်မ... ကျွန်မ ဘယ်လို စိတ်ချနိုင်ပါ့မလဲရှင်၊ မတော်တရော်တွေနဲ့ တွေ့သွားမှာကိုပဲ စိုးရိမ်တာပါ"

"ဒါတော့ စိတ်ချပါ မစံပယ်ရယ်၊ မမစိန် ရှိပါတယ်၊ ကိုယ်ကျင့်တရားကောင်းတဲ့ အိမ်ကိုပဲ မမစိန်က ရှာနေတာပါ"

"သမီးလေးက လှကလည်းလှတော့..."

"စိတ်မပူပါနဲ့အေ၊ သင်းရနံ့လေးက နေတတ်ထိုင်တတ် သူ့ကိုယ်သူ ထိန်းတတ်ပါတယ်၊ ရည်းစားထားချင်တဲ့ စိတ်ဘာညာလည်း မရှိရှာပါဘူး"

"အခု သမီးအတွက် အလုပ်သွားရှာတဲ့ မိသားစုမှာ သားပျိုတွေ ရှိနေလား မမစိန်ရယ်"

"ရှိတယ် မစံပယ်ရဲ့ နှစ်ယောက်ရှိတယ်၊ တစ်ယောက်





က 'မိုး' တဲ့၊ တစ်ယောက်က 'ဆောင်း' တဲ့"

ဒေါ်စံပယ်က အလန့်တကြား ဖြစ်သွားရသည်။ ယောကျ်ားပျို နှစ်ယောက်တောင်ရှိတဲ့အိမ်မှာ သမီးလေးကို ဘယ်လို စိတ်ချနိုင်ပါ့မလဲ။

"ဒါပေမဲ့ စိတ်မပူပါနဲ့အေ၊ အဲဒီမိသားစုက အရမ်းချမ်းသာသလောက် စိတ်သဘောထားလည်း ပြည့်ဝပါပေတယ်၊ မမစိန်နဲ့ သိနေတာ ကြာလှပြီ၊ တခြားလူကိုထံမိသားစုတွေနဲ့ လုံးဝကို မတူတာပါ။ အိမ်ဖော်တွေကိုလည်း ကောင်းကောင်းထားတယ်၊ ဘာပြဿနာမှ မတက်ခဲ့ဖူးဘူး"

"တကယ်ပဲလား မမစိန်ရယ်"

"သြော်... စိတ်ချပါ ညီမရယ်၊ သင်းရနံ့လေးကို မမစိန်ရဲ့ သမီးအရင်းလေးလိုပဲ သဘောထားတယ်၊ မမစိန်လည်း စိတ်ပူတတ်တာပဲပေါ့၊ ဒါကြောင့်ပဲ အိမ်ကောင်းကောင်းရှာနေရတာ၊ တကယ်လို့ မမစိန်ကသာ အလုပ်ရှာမပေးရင် သင်းက သူ့ဘာသာသူ လျှောက်ပြီး အလုပ်ရှာတော့မှာလေ"

"ဒါလည်း ဟုတ်တာပါပဲ မမစိန်ရယ်"

"အလုပ်ရသွားရင် စိတ်အေးရပါပြီအေ"



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီအချိန်မှာပဲ ဒေါ်စိန့် ဟန်းဖုန်းက အသံမြည်လာသည်။ ကြည့်လိုက်တော့ ဒေါ်သန္တာရဲ့ ဖုန်းနံပါတ်ပါ။

"ဟဲလို... မမ"

"ဒေါ်စိန်လား"

"ဟုတ်ကဲ့"

"ကောင်မလေးကို ဒီနေ့ပဲ ခေါ်လာခဲ့လိုက်တော့နော်"

"ဟုတ်ကဲ့... ဟုတ်ကဲ့"

ဒီလောက်ပဲ ပြောတာပါ။ သင်းရနံ့ကတော့ အလုပ်ရသွားပါပြီ။ ဒေါ်စိန်က ဝမ်းသာအားရ ပြောလိုက်ပါသည်။

"မစံပယ်ရေ စိတ်အေးတော့ အလုပ်ရပြီ၊ အခု ဖုန်းဆက်တာ အဲ့ဒီသူဌေးမပဲ"

ဒေါ်စိန်က လူကုံထံအသိုင်းအဝိုင်းက အိမ်တွေအတွက် အလုပ်သမား ရှာဖွေပေးတဲ့အလုပ်ကို လုပ်လာခဲ့တာ နှစ်ပေါင်းမနည်းတော့ပါ။

သူဌေးတွေနဲ့ ဆက်သွယ်ရတာဆိုတော့ သူတို့ ဆက်သွယ်ရတာ လွယ်ကူဖို့ ဆယ်လူလာဖုန်းတစ်လုံး ငှားပြီးသုံးနေရတာ ဖြစ်သည်။

"ကျွန်မတော့ ဘာပြောရမှန်းတောင် မသိတော့ပါဘူး





မမစိန်ရယ်၊ သမီးကို အပ်ပါတယ်နော်"

"စိတ်ချ... စိတ်ချ"

ဒေါ်စိန်ကတော့ တကယ်ပဲ စိတ်ချမ်းသာသွားရပါသည်။

သင်းရနံ့လေးအတွက် စိတ်ထဲမှာ အေးချမ်းသွားရပါပြီ။

ဒေါ်သန္တာတို့ မိသားစုက သူ့ဘာသာသူ ချမ်းသာသမယ့် မောက်မောက်မာမာ မရှိကြ၊ လူတွေကို နိုင်ထက်စီးနင်း ဆက်ဆံတတ်တာမျိုးလည်း မရှိပါ။

အားလုံး အေးအေးဆေးဆေးပါပဲ။ သားနှစ်ယောက်ကလည်း နာမည်ပျက်မရှိကြပါ။ အနေအထိုင် တည်ကြည်အေးချမ်းသည်။ တကယ့် လူကြီးလူကောင်း ပီသပါသည်။

ဒီလိုအိမ်မှာထားလို့ သင့်ရနံ့ ဘာဖြစ်မှာတဲ့လဲ။

တကယ်လို့များ သူဌေးချေးမဖြစ်ရရင်လည်း ကိုယ့်ကုသိုလ်ပေါ့။

ဒေါ်သန္တာက သူ့သားတွေကို အရမ်းချစ်တာ။ တကယ်တမ်း သူ့သားတစ်ယောက်ယောက်ကများ သင်းရနံ့ကို ချစ်တယ် ကြိုက်တယ် လိုချင်ပါတယ်ဆိုရင် သဘောသိမ်မတူရင်တောင် သားစိတ်ချမ်းသာမှုကို လိုက်လျောမယ့် အမေမျိုး



www.burmeseclassic.com

www.burmeseclassic.com



ပါ။ ဒေါ်သန္တာတို့ မိသားစုအကြောင်းကို ဒေါ်စိန် သိနေပါသည်။

ဒါကြောင့် သင်းရန့်လေး အလုပ်ရတာကိုပဲ ကျေနပ်သွားရပါတော့သည်။ နောက်ပိုင်းကိစ္စကတော့ ကံတရားရဲ့ စီမံရာပဲပေါ့။

"သင်းရန့်လေးကို ဒီနေ့ပဲ ခေါ်သွားရမှာ"

"ဟင်... ဒီနေ့"

အဲ့ဒီအချိန်မှာပဲ သင်းရန့်က ဈေးကပြန်ရောက်လာပါသည်။

"သမီးရေ အဝတ်အစားထုပ်ပြင်တော့ဟေ့၊ ခုပဲ ဖုန်းလာတယ်၊ ဒေါ်သန္တာက သမီးကို အလုပ်ခန့်တယ်"

"ဟုတ်လား ကြီးကြီးစိန်၊ သင်းရဲ့ အဝတ်အစားတွေကတော့ အဆင်သင့် ထုပ်ပြီးသားပါ၊ ဘယ်တော့ သွားရမှာလဲ"

"ဒီနေ့ပဲပေါ့၊ ညနေပိုင်းလောက် သွားမယ်"

"ဟုတ်လား၊ အမေ သင်း အမေ့ကို ကန်တော့ပါတယ်"

အမေ့မျက်လုံးထဲမှာ မျက်ရည်တွေ ဝေ့အိုင်နေတော့ သင်းရန့်က စိတ်မချမ်းသာပါ။ ဒါပေမဲ့ အမေ့အနားမှာတော့





မနေချင်ပါ။ ဒါကြောင့် အမေ့ရဲ့ မျက်ရည်ကို မမြင်ဟန်ဆောင်ပြီး သင်းက အမေ့ကို ကန်တော့လိုက်ပါသည်။

"ကြီးကြီးစိန်ကိုလည်း ကန်တော့ပါတယ်"

"သာဓုကွယ်.... သာဓု"

သင်းရန့်က ငိုချင်စိတ်ကို ထိန်းလိုက်ပါသည်။

သင်းက လူကြီးဖြစ်ချင်တဲ့သူပါ။ လူကြီးဆန်ချင်တဲ့သူပါ။ ဒါကြောင့် လူကြီးတစ်ယောက်လိုပဲ ခံစားချက်တွေကို ထိန်းချုပ်ထားလိုက်ပါသည်။

တကယ်ဆို သင်း အသက်က ခုမှ ဆယ့်ရှစ်နှစ်ပြည့်ပြီးရုံလေးပဲ ရှိသေးတာပါ။ ကလေးလို မနေရလို့ပဲ လူကြီးဆန်နေရတာပေါ့။

အမေ့ရင်ခွင်ထဲမှာ တခြားကလေးတွေ ရှိနေတဲ့အတွက် သင်းက ရင်ခွင်မဲ့လေ။

အို... တော်ပါပြီ။ အလုပ် အမြန်သွားလုပ်နေလိုက်ရင် အေးတာပါပဲ။

မဟုတ်ရင် အမေလည်း သင်းတို့ မြင်တိုင်း စိတ်ညစ်ရမည်။ သင်းလည်း အမေတို့မိသားစုကို မြင်တိုင်း ရင်နာရမည်။ ဝေးဝေးနေတော့ ကောင်းတာပဲပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သင်း အခန်းထဲဝင်ပြီး အဝတ်အစားတွေ သိမ်းဆည်းတော့ အမေ့ရဲ့သား အကြီးဆုံးလေးက လာမေးသည်။

"မမကြီး ဘယ်သွားမလို့လဲဟင်"

ဒီကလေးက သင်းထက် ဆယ့်နှစ်နှစ်တောင် ငယ်ပါသည်။

အမေ့ရဲ့ အချစ်ဆုံးလေးပေါ့။ သင်းကတော့ လုံးဝ အရောမဝင်ပါ။ ခြောက်နှစ်အရွယ်နဲ့ မလိုက်အောင် ကဲတဲ့ ကလေး၊ ပွေလောင်တဲ့ ကလေး။

အမေနဲ့ သူ့အဖေကလည်း အလိုလိုက်တာမှ ကမ်းကုန်အောင်ပါ။

"မမကြီး"

"ဘာလဲ"

"ဘယ်သွားမလို့လဲ"

"ဘယ်သွားသွား နင့်အပူလား"

"သားလည်း လိုက်ချင်တယ်"

"နင့်မှာ အမေနဲ့အဖေရှိတယ် ငါနဲ့ လိုက်စရာ မလိုဘူး၊ ငါသာ မိဘမရှိလို့ လျှောက်သွားရမှာဟဲ့"

နားမလည်နိုင်သေးတဲ့ ကလေးကိုပဲ ပြောချင်ရာတွေ





ပြောပြီးတော့ သင်းက နေမိတာပါ။ အမေ့ကို ပြောချင်တဲ့ စကားတွေကို မပြောရတော့ အမေ့သားကိုပဲ ပြောနေရတာ။

"ဟင်... သားလည်း လိုက်မယ်"

"သွား... နင် ငါ့ကို လာဂျီမကျနဲ့"

သင်း မောင်းထုတ်တော့ အမေ့သားလေးက ရှုံ့မဲ့မဲ့ မျက်နှာလေးနဲ့ ထွက်သွားပါသည်။

ဒီလိုဆိုတော့လည်း သင်းက စိတ်မကောင်းပါ။ ဒါပေမဲ့ အရောမဝင်တာ အကောင်းဆုံးပဲပေါ့"

သူ့ကို စကားတွေပြောပြီး အချိန်မဖြုန်းနိုင်ပါ။

သင်းမှာ တွေးစရာတွေ အများကြီးရှိနေသေးသည်။ သူများအိမ်မှာ အလုပ်သွားလုပ်ရင်လည်း ဘာတွေနဲ့ ကြုံတွေ့ဦးမယ်ဆိုတာ မသိနိုင်သေးပါ။

သင်းရဲ့ အလှတွေကို ဖုံးဖိပြီးနေတာ အကောင်းဆုံးပဲ ဖြစ်မှာ၊ ဒါကြောင့် သင်းက ရှပ်အင်္ကျီဖားဖားပွပွကြီးတွေကိုပဲဝတ်ပြီး ခန္ဓာကိုယ်အလှကို ဖုံးကွယ်ထားမယ်လို့ စဉ်းစားလိုက်မိသည်။

ဆံပင်တွေကိုလည်း အမြဲ ထုံးနှောင်ထားရမည်။ သနပ်ခါး ထူထူထဲထဲ လိမ်းထားရမည်။ ပြီးတော့ ကိုယ့်တာဝန်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကျေအောင်လုပ်ပြီး အခြားအလုပ်သမားတွေနဲ့ ကင်းကင်း နေရပါမည်။

အလုပ်ရှင်တွေနဲ့လည်း ခပ်ခွာခွာနေရပါမည်။ တွေးရင်းနဲ့ကို မောပန်းလာရပါတော့သည်။ အနာဂတ်က ရင်မော စရာပါ။

* * *



## အခန်း (၄)

ကြီးကြီးစိန် ပြန်သွားတာနဲ့ သင်းတစ်ယောက်တည်း အားငယ်သွားရတော့တာ။ ခမ်းနားထယ်ဝါတဲ့ တိုက်အိမ်ကြီး ထဲမှာ နေရမှာဆိုတော့ အလိုလို အားငယ်နေမိသည်။

"ဒေါ်ပု"

"ရှင်... မမ"

"ဒီကလေးမကို မိစန်းနဲ့ တစ်ခန်းတည်း ပေးနေလိုက်၊ သန့်ရှင်းရေးလုပ်ရမယ့်အထပ်နဲ့ အခန်းတွေ လိုက်ပြလိုက်"

"ဟုတ်ကဲ့ မမ"

"လိုအပ်တာရှိရင်လည်း ပေးလိုက်ပါ၊ သင်းရန့် ညည်း လိုအပ်တာရှိရင် ဒေါ်ပုကို ပြောနော် ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ"

"သွား... သွား ဒေါ်ပု သူနေရမယ့်နေရာကို ခေါ်သွားလိုက်တော့၊ နေဦး မဝင်ရမယ့်အခန်းတွေလည်း ပြောထားဦး"

"ဟုတ်ကဲ့ မမ"

"ဒီနေ့တော့ ဘာမှမလုပ်နဲ့ မနက်ဖြန်ခါမှ အလုပ်စလုပ်တော့"

"ဟုတ်ကဲ့ရှင့်"

"လာ... ကလေးမ"

ဒီလိုနဲ့ပဲ ဒေါ်ပုဆိုတဲ့ အဒေါ်ကြီးရဲ့နောက်ကို သင်းရန့်က အထုပ်လေးဆွဲပြီး လိုက်လာခဲ့ရတော့တာ။

"ဒီအခန်းထဲမှာ မိစန်းတစ်ယောက်တည်း နေတာလေ၊ ညည်းနဲ့ အခု နှစ်ယောက်နေရမှာပေါ့"

"ဟုတ်ကဲ့"

"ညည်းနာမည်က..."

"သင်းရန့်ပါ"

"နာမည်လေးကလှလိုက်တာ၊ လူကလည်း လှတာပါပဲ"





"မလှပါဘူး အဒေါ်ရယ်၊ အဒေါ်လည်း ငယ်ငယ်က အရမ်းလှမှာနော်၊ အခုတောင် ဒီလောက်လှနေသေးတာ"

"အဟင်း... ဟင်း ငယ်ငယ်ကတော့ လှချင်လှခဲ့မှာပါအေး၊ အခုတော့ မလှတော့ပါဘူး"

သင်းရန့်က မိန်းမတွေကြိုက်တဲ့ စကားလုံးတွေနဲ့ ဒေါ်ပုကို ပေါင်းလိုက်တာပါ။ ဒေါ်ပုကလည်း အပျိုကြီးပီပီ အသက်ကြီးတာတောင် လှနေသေးတယ်လို့ ချီးမွမ်းခံလိုက်တော့ သဘောခွေ့သွားရတော့တာ။

"လှတာပေါ့၊ ဒီလောက်လှတာ နဖပ်လို့"

"အဟင်း... ဟင်း အသက်ကြီးပါပြီ သင်းရန့်ရယ်၊ ငယ်တုန်းကတော့ ချစ်လိုက် ကြိုက်လိုက်ကြတဲ့ ကာလသားတွေမှ ဝိုင်းဝိုင်းကိုလည်နေတာပဲ...

"များလွန်းလို့ ဘယ်သူ့ကိုရွေးရမှန်းမသိဘဲ အပျိုကြီးဖြစ်ရတာသာ ကြည့်တော့ သင်းရန့်ရေ"

ဒေါ်ပုက ချက်ချင်းပဲ ရင်နှိုးနွေးထွေးသွားတာမို့ သင်းရန့်က ရယ်လည်းရယ်ချင်၊ သဘောလည်းကျသွားရတော့တာ။

သူဌေးနဲ့က နေ့တိုင်းတွေ့ရမှာ ဆက်ဆံရမှာ မဟုတ် ... ဒေါ်ပုနဲ့က နေ့တိုင်းဆက်ဆံရမှာဆိုတော့ အဆင်ပြေနေ



www.burmeseclassic.com

www.burmeseclassic.com



တာ အကောင်းဆုံး မဟုတ်လား။

"အခေါ်က အပျိုကြီးလား၊ ဒါကြောင့် နုနုလေး လှနေတာ"

"အမယ်လေး ရေမိုးချိုးပြီး ထမင်းကောင်းကောင်း ကျွေးမယ် သင်းရနံ့ရေ အဟင်း... ဟင်း"

"စားချင်လို့ပြောတာ မဟုတ်ပါဘူး အခေါ်ရယ်"

"ကဲ... ကဲ မစားချင်လည်း စားရမယ်၊ ဒီခုတင်မှာ အိပ်၊ ဒီထဲမှာ ကိုယ်ပစ္စည်း ကိုယ်သိမ်း၊ ဟိုမှာ ရေချိုးခန်း၊ ကဲ... အခေါ် အလုပ်သွားလုပ်လိုက်ဦးမယ်၊ သူဌေးမိသားစုက ခြောက်နာရီဆို ညနေစာစားတာ သင်းရနံ့ရေ"

ပြောပြောဆိုဆိုပဲ ဒေါ်ပုက ထွက်သွားတော့တာ။ သင်းအတွက် နေရာချပေးတဲ့ အခန်းက တော်တော်ကျယ်ပြီး တော်တော်ကောင်းတာပါ။

အခန်းကျယ်ကြီးထဲမှာ တစ်ယောက်အိပ်ခုတင် နှစ်လုံးနဲ့ မှန်တင်ခုံနဲ့ ဗီရိုနဲ့ သစ်သစ်လွင်လွင် တောက်တောက်ပပ ဖြစ်သည်။

အိမ်ဖော်ကိုတောင် ဒီလိုအနေအထားမျိုးထားတာဆို တော့ အိမ်ရှင်သူဌေးတွေရဲ့ စိတ်ဓာတ်ကို ခန့်မှန်းလို့ရနေပါ





သည်။ သင်း ကံကောင်းချင်ပါတယ်လေ။

သင်းဘက်ကလည်း ကိုယ့်အလုပ် ကိုယ်ကောင်းကောင်း မှန်မှန် လုပ်မှာပါ။ အိမ်ကနေ ရေချိုးလာခဲ့တာမို့ သင်းက ရေမချိုးတော့ဘဲ ကိုယ်ပါလာတဲ့ ပစ္စည်းလေးတွေကိုပဲ နေရာချ ထားပေးလိုက်ပါတော့သည်။

သူဌေးမိသားစု ထမင်းစားပြီးတော့မှ မိစန်းဆိုတဲ့ ကောင်မလေးက သင်းကို ထမင်းစားဖို့ လာခေါ်သည်။

မိစန်းနဲ့က မနေ့ကတည်းက တွေ့ထားပြီးသားပါ။

မိစန်းက သင်းနဲ့ သက်တူ ရွယ်တူလောက်ပါပဲ။ အသားအရေ ဖြူဖြူစင်စင် သန့်သန့်ရှင်းရှင်းနဲ့မို့ ရုပ်ရည်က အလှကြီး မဟုတ်ပေမယ့် ကြည့်လို့ကောင်းပါသည်။

"သင်းရနံ့ရေ ထမင်းစားရအောင်"

မိစန်းက ဝဝပြည့်ပြည့်နဲ့မို့ ခေါင်းတည် မောဇီးတည် ပုံ ပေါက်နေသည်။

"ဒီအိမ်ကို နင်ရောက်တာ ကြာပြီလား"

"အင်း... ငါးနှစ်ရှိပြီ"

"ဟယ်... ငါးနှစ်တောင်လား"

"အေးလေ ငါ ဒီကိုရောက်တော့ ဆယ့်လေးနှစ်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ရှိသေးတာ သင်းရန့်ရဲ့"

"ဪ... ဒါဆို နင်က အခု ဆယ့်ကိုးနှစ်ပေါ့၊ ငါ့ထက် တစ်နှစ်ကြီးတယ်"

"နင်က အရမ်းလှတာပဲနော် သင်းရန့်"

"နင်ကမှ လှတာပါ မစန်းရယ်"

"ဒီအိမ်က သူဌေးတွေက အသန့်အပြန့် အရမ်းကြိုက်တာဟဲ့၊ အဝတ်အစား စုတ်စုတ်ပြတ်ပြတ်တွေကို ဖြစ်သလို ဝတ်စားထားတာမျိုး လုံးဝ မကြိုက်ကြဘူး"

"ဟင်..."

သင်းက တမင်ပဲ ရှပ်အင်္ကျီပွပွကြီးကို ဝတ်ထားတာပါ။ မစန်းက ဒီလိုပြောတော့ ဘာလုပ်ရမှန်း မသိတော့ဘဲ ဖြစ်သွားရတော့တာ။

"နင် ဒီလိုဝတ်တာကို သူဌေးတွေ ကြိုက်မှာမဟုတ်ဘူး"

"အင်း... ဒါဆိုလည်း မဝတ်ပါဘူး၊ အခု လဲရမှာလား"

"အခုတော့ လဲမနေနဲ့၊ ဘယ်သူမှ တွေ့မှာမဟုတ်ဘူး။ မနက်ဖြန်ခါ အလုပ်လုပ်တော့မယ်ဆိုရင်သာ ကောင်းကောင်း





တာ၊ အဝတ်အစားက ဒီက ချုပ်ပေးတာလေ"

"ဟင်... ဟုတ်လား"

ဒီညအဖို့ အိမ်ရှင်သူဌေးတွေနဲ့ မတွေ့ရဘူးဆိုတော့ သင်းက ဝမ်းသာသွားသည်။

သင်းတို့နေရတဲ့ အခန်းကနေ ထွက်ပြီး စင်္ကြံလေးအတိုင်း သွားလိုက်တာနဲ့ ထမင်းစားခန်းနဲ့ မီးဖိုခန်းဘက်ကို ရောက်သွားရသည်။ အိမ်ကြီးက မီးတွေ ထိန်ထိန်လင်းနေ တကယ့်ကို ခမ်းနားထည်ဝါတဲ့ ရဲတိုက်ကြီးအတိုင်းပါပဲ။ ထမင်းစားခန်းထဲကို ချောင်းကြည့်လိုက်တော့ အရမ်းသားနားတဲ့ ထမင်းစား စားပွဲကြီးကို တွေ့ရသည်။

ကျယ်ထားလိုက်တာလည်း မပြောပါနဲ့တော့။ ထမင်းစားခန်းကြီးကပဲ သင်းရန့်တို့ အိမ်တစ်လုံးစာလောက်နီးနီးပါ။

"ဒီအိမ်မှာ လူတွေ ဘယ်လောက်များလို့ ထမင်းစားခန်းက ဒီလောက်တောင် ကျယ်ရတာလဲဟင်"

"လူမများပါဘူး၊ အိမ်သားအားလုံးမှ ငါးယောက်တည်းရှိတာ သင်းရန့်ရဲ့၊ ငါးယောက်မှာ တစ်ယောက်က အသက်ငါးဆယ်ကျော် အဘွားလေ၊ သူ့အခန်းထဲမှာပဲ သူ့အတွက်

www.burmeseclassic.com

www.burmeseclassic.com



အဖော်ရယ်၊ နှာစုံမရယ်နဲ့ နေတာ၊ ထမင်းစားခန်းထဲမှာ ထမင်းစားတာ လေးယောက်တည်းရယ်"

"တကယ်..."

"တကယ်ပေါ့ဟဲ့၊ သူဌေးလင်မယားရယ်၊ သူတို့သား နှစ်ယောက်ရယ် ဒီလောက်ပဲ"

"ဒါနဲ့ ထမင်းစားခန်းက ဒီလောက်တောင် ကျယ်ရ သလား"

"ဒီအခန်းထဲမှာ ဧည့်သည်တွေ ဖိတ်ပြီးတော့ ထမင်း ကျွေးတာလေ သင်းရနံ့ရဲ့၊ နင် နောက်တော့ ကြုံမှာပါ ပျော်စရာကြီး စားချင်တာတွေ တဝစားပဲ၊ ပင်လည်း ပင်ပန် တယ်၊ ငါတို့က မုန့်ဖိုးတွေလည်း ထပ်ပေးတယ်"

"ဪ..."

မစန်းပြောတာကို နားထောင်ရင်း သင်းက အိမ်ရှ တွေ တော်တော်ချမ်းသာတာပဲလို့ တွေးနေမိသည်။

ကြီးကြီးစိန်က ပြောပြထားလို့ လူကုံထံ စိတ်ပုပ်ဘေ ရဲ့အကြောင်းကိုလည်း သင်း ကြားဖူးထားပြီးသားပါ။

တချို့က သူဌေးပေမယ့် စေးနှဲသတဲ့။ သဒ္ဓါတရ မရှိဘူးတဲ့၊ အိမ်ဖော်တွေကို ဖြစ်သလိုကျွေးတတ်တာတဲ့



"ဟော... မင်းသမီးလေးရေ လာ... လာ ထမင်းစား ရအောင်"

ဒေါ်ပုက ပျူပျူငှာငှာ ခေါ်တာပါ။ သင်းတို့က မီးဖို ခန်းထဲမှာပဲ စားပွဲဝိုင်းချပြီး ထမင်းစားကြသည်။

ဟင်းတွေမှ စုံလို့ပါပဲ။ ဆန်ကလည်း ကောင်းပါသည်။ စားတော့လည်း ဝဝဖြိုးဖြိုးနဲ့ အလျှံပယ်ပါ။ သင်းတို့အိမ် မှာတောင် ဒီလောက်ကောင်းတဲ့ဟင်းတွေကို ဒီလို ဝဝလင်လင် မစားရ။

"စား... စား မနက်ပိုင်းဆိုရင်တော့ အသားဖြစ်ဖြစ်၊ ငါးဖြစ်ဖြစ်၊ ဆီပြန်ဟင်းတစ်ခွက်နဲ့ ချဉ်ရည်ဟင်း၊ ငါးပိရည် တို့စရာလောက်ပဲ သင်းရနံ့ရေ၊ ညစာဆိုရင်တော့ နေ့တိုင်း ဒီလိုစားရတယ်၊ သူဌေးမိသားစု ကျန်တဲ့ဟင်းတွေလေ၊ မမက ထမင်းဟင်းတွေ ညစာဆို ကျန်တာအကုန်ရှင်းခိုင်းတာ"

"အဟီး... ဒါကြောင့် ငါ ဝနေတာပေါ့"

"သင်းရနံ့လည်း ဝလာလိမ့်မယ်"

ပြောပြောဆိုဆိုပဲ သင်းရဲ့ ထမင်းပန်းကန်ထဲကို ဒေါ်ပု က ပုစွန်တုပ်ကြီး ခပ်ထည့်ပေးသည်။

"ထမင်းတွေ ထည့်စား၊ မနက်ဖြန်ဆို သုံးထပ်တိုက်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်တက်ပြီး သန့်ရှင်းရေး လုပ်ရမှာနော်”

“သင်းရန့်ကိုကြည့်ရတာ မရှိဆင်းရဲသားပုံစံမျိုး မဟုတ်ပါဘူး၊ ဘာဖြစ်လို့ ဒီမှာ အလုပ်လာလုပ်ရတာလဲ”

ဒေါ်ပုက မေးတာပါ။ ဒေါ်ပုနဲ့ မိစန်းကို ခင်မင်ရင်းနှီးတဲ့စိတ် ဖြစ်နေပြီမို့ သင်းက အမှန်အတိုင်းပဲ ပြောပြလိုက်ပါသည်။ အမေရဲ့ နောက်အိမ်ထောင်ရယ်၊ နောက်ထပ် မွေးထားတဲ့ သားသမီးတွေရယ်ကို ကြည့်လို့မရလို့ အိမ်မှာမနေချင်တဲ့အကြောင်းတွေပေါ့။

“အမေကလည်း နောက်ကလေးတွေကိုပဲ ချစ်နေတာ အဒေါ်ရဲ့၊ သင်းကိုများဆို အချိန်တိုင်း အားမကိုးရဘူး၊ ဘာမှ မသိတတ်ဘူး၊ မိဘကို နားမလည်ဘူးဆိုပြီးတော့ ဆူမှ နေတာ၊ ဒါကြောင့် ဒီမှာ အလုပ်လာလုပ်တာ”

သင်း ပြောတာကို မစန်းက ငေးငေးလေး နားထောင်နေသည်။

ထမင်းစားပြီးတော့ ဒေါ်ပုနဲ့ မစန်းက အိုးခွက်ပန်းကန်တွေ တိုက်ချွတ်ဆေးကြောကြသည်။

သင်းက ကူညီပေးချင်ပေမယ့် ဒေါ်ပုက သင်းကို လုံးဝ မလုပ်နိုင်းပါ။





“ဒီအိမ်မှာ ကိုယ့်အလုပ်ပဲ ကိုယ်လုပ်ရတယ် သင်းရန့်ရေ”

“ဟုတ်လား အဒေါ်”

“တစ်ယောက်နဲ့တစ်ယောက် မတည့်တာတို့ ခြေထိုးကုန်းတိုက်တာတို့ စကားရှုပ်တာတို့ကိုလည်း အိမ်ရှင်က မကြိုက်ဘူး”

“အို… ကောင်းလိုက်တာ အဒေါ်ရယ်”

“ပြီးတော့ ကိုယ့်အလုပ်ပြီးရင် ကြိုက်သလိုနေလို့ရတယ်”

“ဒါလည်း ကောင်းတာပဲ”

“စပ်စုတာလည်း မကြိုက်ဘူး၊ အထူးသဖြင့် သူ့ဒွေးသားနှစ်ယောက်နဲ့ ကင်းကင်းနေတာကိုပဲ ‘မမ’ က လိုချင်တာ”

“ကောင်းမှကောင်း သင်းကလည်း ဒီလိုမျိုးမှပဲ ကြိုက်တာ”

“သင်းရန့်ကတော့ အားလုံး ကောင်းနေတော့တာပဲဆော့”

“တကယ်ပါ အဒေါ်ရယ်၊ သင်းကလည်း အဲ့ဒီ



www.burmeseclassic.com

www.burmeseclassic.com



စည်းကမ်းအတိုင်းပဲ နေချင်တာပါ"

"မိစန်းကိုတော့ အဲ့ဒီစည်းကမ်းတွေနဲ့ ပုံစံဝင်အောင် အဒေါ်ပဲ မနည်းသွန်သင်ခဲ့ရတာ သင်းရန့်ရေ အဟင်း... ဟင်း"

"စိတ်ချ အဒေါ်ရေ၊ သင်းကိုတော့ ပင်ပင်ပန်းပန်း မသွန်သင်ရပါဘူးနော်"

"ကောင်းထာပေါ့ မိစန်းကတော့လား ခုထိ သွန်သင်နေရတုန်း"

မိစန်းက ဒေါ်ပုကို မျက်စောင်းထိုးသည်။ သင်းကတော့ ရယ်မောနေလိုက်ပါသည်။

အခြေအနေက လုံးဝကို မဆိုးပါ။ သင်း တွေးထားတာထက်ကို အဆပေါင်းများစွာ ကောင်းမွန်နေပါသည်။

အိမ်မှာထက်တောင် နွေးထွေးတာပဲလို့တွေးရင်း သင်းက စိတ်ထဲမှာ ပျော်ရွှင်သွားရတော့တာ။

စိတ်ပျော်တော့ အဲ့ဒီညမှာပဲ ကောင်းကောင်းအိပ်ပျော်သွားရပါတော့သည်။

*   *   *

## အခန်း (၅)

'မိုး' က ရှုပ်ပွနေတဲ့ ကိုယ့်အခန်းကို ကိုယ်ပြန်ကြည့်ပြီး စိတ်ညစ်သွားရသည်။ အခန်းရှင်းတဲ့အလုပ်ကို 'မိုး' လုံးဝ မလုပ်တတ်။

ယောကျ်ားလေးလည်း ဖြစ်ပြန်၊ တစ်သက်လုံးကလည်း ဒီအတိုင်းပဲ နေလာခဲ့တာမို့ ရှုပ်ပွနေတာကို ဘယ်လိုရှင်းရမှန်း မသိပါ။

အိပ်ရာကလည်း ရွှဲစောင်းလို့ စောင်က ခုတင်ပေါ်မှာ တစ်ဝက်၊ ခုတင်အောက်မှာ တစ်ဝက်နဲ့ တိုးလိုးတွဲလောင်း...

မှန်တင်ခုံပေါ်မှာပဲ ရှုပ်ပွ၊ စာရေးစားပွဲပေါ်မှာလည်း ရှုပ်ပွ၊ အဝတ်ဗီရိုထဲက အဝတ်ကို ဆွဲထုတ်ယူပြီး ပြုတ်ကျထားတာတွေကို ဒီအတိုင်း ပြန်ထည့်ထားတာမို့ ဗီရိုထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



လည်း ရှုပ်ပွနေသည်။

မာမီကလည်း သန့်ရှင်းရေး အလုပ်သမား ရှာမတွေ့သေး။ အစတုန်းကတော့ နော်ဝှေးရှိတာမို့ အဆင်ပြေသည်။ အခု နော်ဝေးက အလုပ်ထွက်သွားပြီ။

ဟာ… ကြည့်နေရင်း ခေါင်းမူးတယ် မကြည့်တာပဲ ကောင်းတယ်။

မိုးက အဝတ်အမြန်လဲပစ်လိုက်တော့တာ။ ပြီးတော့ အခန်းထဲမှ ခပ်မြန်မြန် ထွက်လာလိုက်ပါတော့သည်။

ကိုယ်တိုင်က အသန့်အပြန့်ကြိုက်ပြီး ရှုပ်ရှုပ်ပွပွနဲ့ မနေတတ်တဲ့ စရိုက်ပါ။ ဒါပေမဲ့ ကိုယ်တိုင် မရှင်းလင်းတတ်တော့လည်း ရှုပ်ပွရပြီပေါ့။

သူက အခန်းရှင်းဖို့အတွက် ဒေါ်ပုတို့ကိုလည်း မခေါ်ချင်ပါ။ ဒေါ်ပုရဲ့တာဝန်က ချက်ပြုတ်ရေးတာဝန်လေ၊ အိမ်သန့်ရှင်းရေး တာဝန်မှ မဟုတ်ဘဲ။

သူ့တာဝန် သူ့အလုပ်နဲ့ မအားရတဲ့သူကို ခေါ်ခိုင်းရင်တရားပါ့မလား။ 'မိုး' က မာမီ့စက်ရုံမှာပဲ မန်နေဂျာလည်းဟုတ်၊ အုပ်ချုပ်သူလည်း ဟုတ်ဆိုတော့ အလုပ်များသည်။





အခုလည်း ထမင်းစားခန်းထဲ အမြန်ဝင်ပြီး မနက်စာစောစောကို စားရသည်။ ပြီးတာနဲ့ စက်ရုံကို သွားရမည်။

မိုးအသက်က နှစ်ဆယ့်ရှစ်နှစ် ရှိပါပြီ။ စီးပွားရေးဘက္ကသိုလ်က ဘွဲ့ရထားသလို နိုင်ငံခြားတက္ကသိုလ် တစ်ခုကလည်း ဘွဲ့ရယူထားပြီးပါပြီ။

မိဘတွေမှာ လုပ်ငန်းတွေ ပိုင်ဆိုင်မှုတွေ များတော့ မိဘအလုပ်မှာလည်း ဝင်လုပ်ရတာ ဖြစ်သည်။

မိုးက ပညာတတ် ဥစ္စာပေါ ရုပ်ချောပါ။ ဒါပေမဲ့ အနေအထိုင် အေးဆေးသည်။ မိန်းမကိစ္စ ကင်းရှင်းသည်။ အလုပ်ကိုပဲ စိတ်ဝင်စားပြီး မိန်းကလေးတွေကို စိတ်မဝင်စားနိုင်သလို အချိန်လည်း မပေးနိုင်။

မာမီက သူ့ကို အသက်အစိတ်ပြည့်ပြီးကတည်းက အိမ်ထောင်ပြုချင်ပြုလို့ရပြီလို့ ပြောနေခဲ့တာ ဖြစ်သည်။

သူကသာ စိတ်ကြိုက် ရှာမတွေ့သေးတာပါ။ 'မိုး' က အရှမ်းစဉ်းစားတဲ့သူ ဖြစ်သည်။ နိုင်ငံခြားမှာ ဘွဲ့တစ်ဘွဲ့ယူလာခဲ့တဲ့အတွက် အနောက်နိုင်ငံတွေရဲ့ အိမ်ထောင်ရေးတည်ဆောက်ပုံနဲ့ မြန်မာမလေ့ တည်ဆောက်ပုံ အရှမ်းကွာခြားတာကို သတိထားမိသူပါ။

www.burmeseclassic.com



အနောက်တိုင်းကတော့ ရှင်းသည့်၊ ပြတ်သည့်၊ အဆင်ပြေရင် အတူနေကြမည်။ အဆင်မပြေတော့ရင် လမ်းခွဲမည်။

လက်ထပ်ဖို့မလို၊ လက်ထပ်ဖြစ်သွားခဲ့ရင်လည်း စိတ်သဘောထားချင်း မတိုက်ဆိုင်တော့တာနဲ့ လမ်းခွဲကြမည်။ ဘာကိုမှ ငဲ့ညှာထောက်ထားဖို့ မရှိပါ။

မြန်မာဓလေ့ကတော့ လက်ထပ်ခြင်းက တည်မြဲခိုင်မာသည်။ ရိုးမြေကျပေါင်းသင်းဖို့ပဲ ရည်ရွယ်ကြသည်။

စိတ်သဘောထားချင်း တိုက်ဆိုင်သည်ဖြစ်စေ၊ မတိုက်ဆိုင်သည်ဖြစ်စေ ခွင့်လွှတ်သင့်တာ ခွင့်လွှတ်၊ သည်းခံသင့်တာ သည်းခံပြီး မသေမချင်း ပေါင်းသင်းကြရတော့တာ။

တော်ရုံတန်ရုံနဲ့တော့ အိမ်ထောင်တစ်ခုကို ဖြိုခွဲဖို့ စိတ်မကူးတတ်ကြတာ မြန်မာ့လူနေမှုပဲ ဖြစ်ပါသည်။

ဒါကြောင့် အိမ်ထောင်ရေးမှာ အောင်မြင်သည်ဖြစ်စေ၊ မအောင်မြင်သည်ဖြစ်စေ၊ ပျော်ရွှင်သည်ဖြစ်စေ၊ မပျော်ရွှင်သည်ဖြစ်စေ၊ စိတ်ချမ်းသာသည်ဖြစ်စေ၊ စိတ်မချမ်းသာသည်ဖြစ်စေ တစ်သက်တာပါပဲ။

ဒီတော့ 'မိုး' က အိမ်ထောင်ပြုရမှာကို စိတ်ထဲက ကြောက်လန့်နေမိတာပါ။ အိမ်ထောင်ပြုပြီးမှ စိတ်မချမ်း





သာ ဖြစ်ရမှာကို စိုးရိမ်မိသည်။

စဉ်းစားကြည့်တော့လည်း ကြောက်စရာကြီးပါ။

လက်ထပ်ပြီးမှ သားသမီးတွေ မွေးဖွားလာခဲ့ပြီးမှ သဘောထားချင်း မတိုက်ဆိုင်လို့ ကွဲရကွာရမှာလည်း မဖြစ်နိုင်။

တစ်သက်လုံး စိတ်ဆင်းရဲ ကိုယ်ဆင်းရဲနဲ့ မအောင်မြင်တဲ့ အိမ်ထောင်ရေးကြီးကို မွေ့ဖက်ထားရမှာကလည်း ဘယ်လိုမှ မဖြစ်နိုင်၊ ဒါဆို မတွေးနိုင် မအန်နိုင်ဖြစ်ရတော့မှာ။

ဒီတော့ မိုးက တော်ရုံနဲ့ အိမ်ထောင်ပြုဖို့ မစဉ်းစားပါ။

ကိုယ်ကလည်း အရမ်းချစ်ပြီး ဘာမဆို နားလည်ခွင့်လွှတ်ပေးနိုင်သလို၊ သူ့ဘက်ကလည်း ကိုယ့်ကို တကယ်ချစ်မြတ်နိုးပြီး နားလည်ပေးနိုင်တာမျိုးနဲ့ တွေ့မှပဲ လက်ထပ်ဖို့ ဆုံးဖြတ်ထားသည်။

တကယ်လို့ နှစ်ဦးနှစ်ဖက် နှစ်နှစ်ကာကာ မြတ်မြတ်နိုးနိုး ချစ်တာမျိုး ရှာမတွေ့ဘူးဆိုရင်လည်း တစ်သက်အိမ်ထောင်မပြုတော့ဘူးလို့ စဉ်းစားဆုံးဖြတ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် အချစ်ကို မိုးက လိုက်မရှာပါ။ ကံရှိရင် တွေ့လာလိမ့်မယ်လို့ပဲ ထားထားပါသည်။

ဒီအတိုင်းနေရတာမှ ကောင်းပါသေးသည်။ တော်ကြာ အချစ်နဲ့တွေ့ပြီး ဒုက္ခရောက်ရမှ အခက်ပါ။

"လာ… ကိုကို၊ ဒီနေ့ ဆိပ်ကမ်းကို ပစ္စည်းတွေ ရောက်မယ်"

'ဆောင်း' က သူ့အလျင် ထမင်းစားခန်းမှာ ထိုင်နေပြီး ခေါ်တာပါ။

"အင်း… အဲဒီတော့…"

"ကျွန်တော့်မှာက အရေးကြီးတဲ့ကိစ္စ တစ်ခုရှိနေတယ် အဲဒါ…"

"ဆိပ်ကမ်းကို မင်းကိုယ်စား ငါ သွားပေးရမယ်ဆို ပါတော့"

"အဟား… ကိုကိုက အလိုက်တကယ်သိတာပဲဗျာ ဟွန်း… ဟွန်း"

ရယ်မောနေတဲ့ 'ဆောင်း' ရဲ့ မျက်နှာချောချောကို 'မိုး' မျက်မှောင်ကျုံ့ပြီး ကြည့်လိုက်သည်။

'ဆောင်း' က မိုးထက် နှစ်နှစ်ကျော်ငယ်သည်။ ဒီ





ဆောင်က မိုးလိုမဟုတ်၊ သိပ်အတွေးမများတတ် ပျော်ပျော်ပဲ နေသည်။

မိန်းမ၊ ယောကျ်ားမရွေး အားလုံးနဲ့ ခင်မင်ပေါင်းသင်း သည်။ ဉာဏ်ကောင်းသည်။ ပေါင်းသင်းဆက်ဆံရေးလည်း ကောင်းသည်။ လူမှုရေးလည်း ကောင်းသည်။

ရည်းစားထားပြီး ရှုပ်တာပွေတာမျိုးတော့လည်း မရှိပါ။ မိန်းမယူမှာလားဆိုတော့ ယူသင့်တဲ့အချိန်ရောက်တော့ ယူ လိုက်မှာပေါ့ဗျာ၊ ဒါ ခက်ခက်ခဲခဲကိစ္စ မဟုတ်ပါဘူးလို့ ပြောတတ်တဲ့သူပါ။

အခုလည်း အလုပ်တွေ လာပေးနေပြန်တာမို့ မိုးက ခပ်တည်တည်ပဲ မေးလိုက်သည်။

"ဘာလဲ ဟေ့ကောင်၊ ရည်းစားနဲ့ ချိန်းထားလို့လား"

"မဟုတ်ရပါဘူး ကိုကိုရာ၊ ရည်းစားလည်း မရှိသေး ပါဘူးဗျာ၊ အခုဟာက ကျွန်တော့်သူငယ်ချင်းတစ်ယောက် နိုင်ငံခြားသွားမှာကို လေဆိပ်ကို လိုက်ပို့ပေးရမယ်၊ အဲဒီ လေယာဉ်နဲ့ပဲ ပါလာမယ့် သူ့ညီမလေးကို ပြန်ကြိုလာပေး ရမယ်"

"ဟာကွာ… မင်းဟာက ရှုပ်ထုပ်နေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှုပ်လည်းလုပ်ရမှာပဲ ကိုကို၊ သူငယ်ချင်းက အရမ်းခင်တဲ့သူငယ်ချင်း၊ ပြီးတော့ ဆွေမျိုးတော်ဖို့ အလားအလာရှိတဲ့သူ"

"တော်ပါပြီကွာ၊ ဘယ်အချိန်သွားရမှာလဲပြော၊ မင်း အလုပ်ချိန်မှာ လူမှုရေးတွေ ကိုယ်ရေးကိုယ်တာတွေ ပတ်ရှုပ်နေ ဒက်ဒီနဲ့ မာမီသိရင်, မလွယ်ဘူး"

"ကိုကို မပြောဘဲနဲ့ ဘယ်သူမှ မသိနိုင်ပါဘူးဗျာ"

"အေး... လုပ်ထားပေါ့ကွာ"

ဒီလိုနဲ့ပဲ 'မိုး' က 'ဆောင်း' လုပ်ရမယ့်အလုပ်ကို လုပ်ပေးဖို့ တာဝန်ယူလိုက်ရပါတော့သည်။

* * *



## အခန်း (၆)

'ဆောင်း' က ရှင်မြူးသွက်လက်လို့ပါ။ 'ဒေလီယာ' ဆိုတဲ့ ကောင်မလေးကို ပြန်တွေ့ရမှာမို့ သူ မြူးနေတာ ဖြစ်သည်။

ဒေလီယာက သူ့သူငယ်ချင်း 'ဗညား' ရဲ့ ညီမလေး ဆယ်တန်းအောင်ပြီးတာနဲ့ နိုင်ငံခြားမှာရှိတဲ့ မိဘတွေဆီမှာ သွားနေတာ ဖြစ်သည်။

အခု နိုင်ငံခြားကနေ ပြန်လာတာပေါ့။ ဖြစ်ချင်တော့ ဗညားကလည်း အသွား၊ သူ့ညီမလေးကလည်း အလာ၊ လေယာဉ်အတက်နဲ့ အဆင်းပဲတွေ့ကြရမှာပါ။

ရန်ကုန်မှာက ဗညားရဲ့အဘွားပဲ ရှိတာ။ ဒီတော့ ဗညားကို လေယာဉ်ကွင်းပို့ပြီး ဗညားရဲ့ညီမ 'ဒေလီယာ'



www.burmeseclassic.com

www.burmeseclassic.com



ကို လေယာဉ်ကွင်းက ပြန်ကြိုလာဖို့ တာဝန်က သူ့ပခုံးပေါ်ကို ရောက်လာပါတော့သည်။

အဘွားကလည်း တုပ်ကွေးမိနေလို့ မလိုက်နိုင်။ ဒီတာဝန်ကို မယူချင်ဘဲ ယူလိုက်ရတာတော့ မဟုတ်ပါ။

ယူချင်လွန်းလို့ပဲ ယူလိုက်ရတာ ဖြစ်သည်။ ဆောင်းက ဒေလီယာကို ငယ်ငယ်လေးကတည်းက စိတ်ဝင်စားနေတဲ့သူပါ။

ဗညားနဲ့က သူငယ်ချင်းမို့ ဝင်ထွက်သွားလာရင်း သူ့ထက် ငါးနှစ်လောက်ငယ်တဲ့ ဒေလီယာကို သူ တပ်မက်ရင်ခုန်ခဲ့ရတာ ဖြစ်သည်။

သူမလေး ဆယ်တန်းအောင်မှပဲ ချစ်တဲ့အကြောင်း ဖွင့်ပြောတော့မယ်လို့ စိတ်ကူးထားပေမယ့် ဒေလီယာလေးက ဆယ်တန်းအောင်တာနဲ့ နိုင်ငံခြားကိုသွားတာမို့ သူ့မှာ ဘာမှ မတတ်နိုင်တော့ဘဲ ဖြစ်ခဲ့ရတာပါ။

ဒေလီယာနဲ့ ဝေးနေတာ လေးနှစ်ကျော်သွားပါပြီ။ ဒါပေမဲ့ သူကတော့ မေ့မထားနိုင်သေးပါ။ တခြား မိန်းကလေးတွေကိုလည်း စိတ်မဝင်စားနိုင်ဘဲ ဒေလီယာ့ကိုသာ သူ့နှလုံးသားက တမ်းတမ်းတတ မက်မက်မောမော ဖြစ်နေရပါသည်။





သတိတရရှိနေပေမယ့် လူချင်းကတော့ အဆက်အသွယ်မရှိခဲ့၊ ဒီနေ့မှ ပြန်တွေ့ရမှာလေ၊ ဒါကြောင့်ပဲ သူ့ရင်ခုန်သံတွေ မြန်ဆန်နေရတော့တာ။

နဂိုကတည်းက သားနားချောမောတဲ့ 'ဆောင်း' က အကောင်းဆုံး ဝတ်စားပြင်ဆင်ထားတော့ တောက်ပနေတော့တာ။

'ဆောင်း' ရဲ့ အရပ်က ခြောက်ပေနီးပါးရှိပါသည်။ အသားအရေက ဖြူဝင်းနေတာမို့ ဆောင်းက လူတွေကြားမှာ ထင်းခနဲ ပေါ်လွင်နေတတ်သူ ဖြစ်သည်။

ဆောင်းရဲ့ ဆံပင်တွေက လှိုင်းတွန့်လေးတွေနဲ့ ခပ်ပျော့ပျော့ဖြစ်သည်။ ငယ်ကတည်းက ဆံပင်ခပ်ရှည်ရှည်နဲ့ပဲ ဆောင်းက နေခဲ့တာပါ။

ဆံခွေလေးတွေ လည်ပင်းမှာ ခိုကပ်နေတာကပဲ ဆောင်း ညှို့အားပြင်းတဲ့ အလှပေါ့။

ဆောင်းရဲ့ မျက်ခုံးထူထူ၊ နှာတံထင်းထင်း၊ နှုတ်ခမ်း[illegible]တွေက မိန်းကလေးတွေရဲ့ နှလုံးသားကို ကောင်းကောင်း ဖမ်းစားနိုင်ပါသည်။

ဆောင်းကို သဘောကျပြီး မဆွတ်ခင်က ညွှတ်ချင်နေ



www.burmeseclassic.com

www.burmeseclassic.com



ကြတဲ့ မိန်းကလေးတွေမှ အများကြီးပါ။

ဒါပေမဲ့ ဆောင်းက ဘယ်သူ့ကိုမှ စိတ်မဝင်စား ထူးထူးဆန်းဆန်း ဒေလီယာဆိုတဲ့ ချာတိတ်မလေးကိုပဲ သူ နှလုံးသားက တမ်းတနေမိတော့တာ။

အခု သူမလေးနဲ့ တွေ့ရပါတော့မည်။ လေးနှစ်ဆိုတဲ့ အချိန်မှာ ဘာတွေပြောင်းလဲကုန်ပြီလဲ၊ နိုင်ငံခြားမှာ လေးနှ နေလာတဲ့ ဒေလီယာလေးကရော အလျင်ကလို ဖြူစင်ပါဦး တော့မလား။

ဒီလိုတွေးမိတော့ ရင်မောရပါသည်။ ဒေလီယာဆိုတဲ ပန်းကလေးကို ဖြူဖြူစင်စင်လေးပဲ ဖြစ်စေချင်နေတာ သူ့ရဲ ဆန္ဒပါ။ အတွေးထဲမှာ နစ်မြောရင်း ဆောင်းက ဗညားရဲ့ အိမ်ကို ရောက်သွားပါတော့သည်။

"ဟာ... စောလှချည်လား ဆောင်းရာ"

ဗညားကပြောတော့ ဆောင်းမှာ မလုံမလဲ ဖြစ်ရပ သည်။

"အဟွန်း... ရုံးကိုဝင်နေရင် ပြန်ထွက်ရခက်မှာစိုးလို့ မင်းဆီပဲ စောစောလာခဲ့တာ"

"ဆောင်း... လားဟေ့"





အဘွားက လှမ်းနှုတ်ဆက်တာပါ။

"ဟုတ်ကဲ့ ဘွားဘွား၊ နေကောင်းရဲ့လား"

"နည်းနည်းတော့ သက်သာပါပြီကွယ်၊ ဒါပေမဲ့ လူ ဆူဆီသွားလို့ မရသေးဘူး၊ တော်ကြာ ဘွားဆီက အဖျား တွေ သူများဆီ ကူးကုန်လိမ့်မယ်"

"ဘွားလည်း နေမကောင်းသေးပါဘူးဗျာ"

"အေးလေ ဒါကြောင့်ပဲ မြေးလေး ဒေလီယာကို လိုက် ကြိုနိုင်တာပေါ့"

"စိတ်ချပါ ဘွားရယ်၊ ဆောင်းက ဘွားမြေးကို ကောင်း ကောင်း ခေါ်လာပေးမှာပါ။ ဘယ်မှာမှ ရောင်းစားပစ်မှာ ဟုတ်ပါဘူး"

ဗညားက ရီးရီးသားသား ပြောဆိုနောက်ပြောင်နေတော့ ဆန်းဆန်းပြားပြားစိတ်တွေ ဖြစ်နေရတဲ့ ဆောင်းမှာ မလုံမလဲ နဲ့ ခံစားနေရပါတော့သည်။

"စိတ်ချပါတယ်တော်... စိတ်ချပါတယ်"

ဆောင်းက ဘာမှဝင်မပြောဘဲ ရယ်မောနေရကော့တာ။

"သွားစို့ ဆောင်း"

"စောသေးတယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



ဗညားက သူ့ကို မျက်စိမှိတ်ပြပြီး တိုးတိုးလေး ကပ်ပြောသည်။

"ငါ့ကောင်မလေးဆီ ခဏဝင်ပြီး နှုတ်ဆက် အနမ်းလေး ဘာလေးပေးရဦးမယ်လေကွာ၊ တော်ကြာ စိတ်မကောင်းဖြစ်နေမှာပေါ့"

"မင်းကတော့ လုပ်ပြီ"

"ကျွတ်... မင်းကတော့လုပ်ပြီ

"ဒီကိစ္စတွေကို ရည်းစားမရှိတဲ့ မင်းတို့လိုကောင်တွေ နားမလည်ပါဘူးကွာ၊ တချို့ကောင်မလေးတွေက သူတို့ကို မထိရက် မတို့ရက်ချစ်တာမျိုးကို မကြိုက်ကြဘူးကွ၊ ထိထိမိမိမှ ကြိုက်ကြတာ အဟွန်း.... ဟွန်း"

"မင်းကတော့ ပြောပြန်ပြီ"

ဗညားက နည်းနည်းပွေသည်။ ဆောင်းနဲ့ သိပ်မတူ၊ ဆောင်းက ပွေတာရှုပ်တာ မကြိုက်ပါ။

ဗညားက သူ့အဘွားကို ကန်တော့ပြီး နှုတ်ဆက်နေတော့ ဆောင်းက ကားထဲကပဲ စောင့်နေလိုက်ပါသည်။

ဒေလီယာ့ကို သူ စိတ်ဝင်စားနေတဲ့ ကိစ္စကို ဗညားကတော့ သိလည်းမသိ၊ ထင်လည်း ထင်လိမ့်မည် မဟုတ်ပါ။





ဆောင်းကရော ဘယ်လိုပြောပြရမှာတဲ့လဲ။

သူငယ်ချင်းရဲ့ ညီမကို ကြိုက်ရမှာ အားနာစရာတော့ အကောင်းသား။ ခဏကြာတော့ ဗညားက စပ်ဖြဲဖြဲနဲ့ ကားပေါ်ရောက်လာသည်။

"ငါ့ကောင်မလေးအိမ်ကို အရင်မောင်းကွာ"

"မင်း နောက်ကျနေဦးမယ်နော် ဗညား"

"သိပါတယ်ကွာ၊ အာဝါးပေးရုံလောက်ပါပဲ မကြာဘူး"

"သေချာလို့လားကွာ"

"သေချာတယ်၊ ဆယ်မိနစ်ကြာတာနဲ့ မင်း ကားဟွန်းတီးလိုက်"

ဗညားကို ကားရပ်ပေးပြီး ဆောင်းက ဒေလီယာ့ပါးကလေးကို အာဝါးပေးရရင် ကောင်းမှာပဲလို့ တွေးလိုက်မိသည်။

ပြီးမှ ဆောင်းက တစ်ယောက်တည်း ပြုံးလိုက်မိတော့သည်။

သူ့အတွေးကို ဗညားသာသိရင် အတော်ပဲ ရှက်သွားမှာပါ။

ဒေလီယာရယ်...



www.burmeseclassic.com

www.burmeseclassic.com



ရင်တွေခုန်လိုက်တာကွာ။

ဆောင်းက မျက်ဝန်းမှိတ်လိုက်တော့ အာရုံထဲမှာ ဒိုင်ယာနာပုံ ဆံပင်လေးနဲ့ ဂါဝန်လေးဝတ်ပြီး တက်ကြွပျော်မြူးနေတဲ့ ဆယ့်သုံးလေးနှစ်အရွယ် ဒေလီယာလေးရဲ့ ပုံရိပ်က ပေါ်လာသည်။

သူ စတွေ့ခဲ့တုန်းက ဒေလီယာက ရှစ်တန်းကျောင်းသူလေးပဲ ရှိသေးတာ။ အခုကတော့ တက္ကသိုလ်ကျောင်းသားပင် ဖြစ်နေပါပြီ။ တွေ့လိုက်တာနဲ့ပဲ သူ့မှာ ရင်တွေခုန်သွားခဲ့ရတာပါ။

အခု မကြာခင် သူတွေ့ရမယ့် ဒေလီယာနဲ့ သူစတွေ့ခဲ့တဲ့ ဒေလီယာ ဘာတွေကွာခြားသွားပြီလဲ။

အခု ဒေလီယာ့ကို တွေ့ရင် ဟိုတုန်းကလိုပဲ ရင်ခုန်မိနေဦးမှာလား၊ အဲ့ဒါကိုပဲ သူက သိချင်နေတာပါ။

စိတ်လှုပ်ရှားရပါလား ဒေလီယာလေးရယ်။

* * *



## အခန်း (၃)

အလုပ်စလုပ်ရတော့မှာမို့ သင်းရနံ့က စိတ်လှုပ်ရှား ရတော့တာ။

အိမ်ကြီးရဲ့ ခမ်းနားကြီးကျယ်မှုကလည်း အံ့မခန်းပါပဲ။

အပေါ်ထပ်ကိုတက်တဲ့ ကျွန်းလှေကားကြီးတွေက ဖိတ်ဖိတ်တောက်ပပြီး နင်းရက်စရာပင် မရှိ။

ဒေါ်ပုက သော့တွဲတွေနဲ့ သင်းကို လိုက်ပြသည်။

"သင်းရနံ့ရေ သန့်ရှင်းရေးအလုပ်သမား မရှိတာ ယ့်ငါးရက်တောင် မကတော့ဘူး၊ တစ်လနီးပါးလောက် ထင်ပါရဲ့၊ ဒါကြောင့် အလယ်ထပ်က အိပ်ခန်းတွေကို ရှင်ရှင်းမှ ဖြစ်မှာ"

www.burmeseclassic.com



"ဩော်... အိမ်ရှင်တွေက အလယ်ထပ်မှာ အိပ်တာလား"

"ဟုတ်တယ်၊ အဲ... ဒါပေမဲ့ မမတို့လင်မယားရဲ့ အိပ်ခန်းထဲကိုတော့ ဝင်ရှင်းပေးစရာ မလိုဘူး၊ မမက သူ့အခန်း ဘယ်သူဝင်တာမှ မကြိုက်ဘူး၊ သူ့ဘာသာသူပဲ ရှင်းတယ်"

"ဟုတ်ကဲ့"

"ကိုကိုကြီးနဲ့ ကိုကိုလေးရဲ့ အခန်းရယ်၊ တခြားအိပ်ခန်းတွေရယ်၊ အလယ်ထပ်က ဧည့်ခန်းရယ်၊ ဘုရားခန်းရယ်၊ ဒါတွေကိုပဲရှင်း၊ နေဦး ကိုကိုကြီးနဲ့ ကိုကိုလေးရဲ့ အခန်းကို အရင်ရှင်းနော်"

ဒေါ်ပုက ပြောပြောဆိုဆိုပဲ အခန်းတစ်ခန်းရဲ့ တံခါးကို ဖွင့်ပေးတော့တာ။

ခန်းလုံးပြည့် မွေးပွကော်ဇောတွေ ခင်းထားတဲ့အခန်းပါ။

ပရိဘောဂပစ္စည်းတွေကလည်း အကောင်းစားတွေချည်း၊ ဒါပေမဲ့ တစ်ခန်းလုံး မြင်မကောင်းအောင်ကို ရှုပ်ပွနေသည်။





အိပ်ရာကလည်း ရွဲ့စောင်းလို့ မှန်တင်ခုံပေါ်က ပစ္စည်းတွေကလည်း ဖရိုဖရဲ၊ စက္ကူလုံးတွေကလည်း ကော်ဇောပေါ်မှာ ပြန့်ကျဲနေသည်။

"အမယ်လေး ရှုပ်ပွနေတာပဲ"

"ဒါ ကိုကိုကြီးရဲ့ အခန်းပေါ့ သင်းရန့်ရေ၊ ဘာတစ်ခုမှကို မရှင်းတတ်တာ၊ သူ အဆိုးဆုံးပဲ"

ဒေါ်ပုက သင်း ရှင်းပေးရမယ့် အခန်းတွေကိုပြပြီး ပြန်ဆင်းသွားတာမို့ သင်း တစ်ယောက်တည်းပဲ ကျန်ရစ်ခဲ့ရပါတော့သည်။

သင်းက ကော်ဇောပေါ်က စက္ကူတွေကို အလျင်ဆုံး လိုက်သိမ်းပြီး အမှိုက်ပုံးထဲ ထည့်လိုက်သည်။

နောက် မှန်တင်ခုံပေါ်က ပစ္စည်းတွေကို နေရာတကျ စီစဉ်သည်။

ပြီးတော့ အိပ်ရာကို ပြန်ပြင်ခင်းလိုက်သည်။ ဖရိုဖရဲဖြစ်နေတဲ့ အဝတ်အစားတွေကို ပြန်စီရီပေးလိုက်သည်။

စာရေးစားပွဲကိုရှင်းတော့ မှောက်နေတဲ့ ဓာတ်ပုံကို တွေ့တာကြောင့် ပြန်ထောင်ပေးလိုက်သည်။

အမှတ်မထင်ဘဲ ဓာတ်ပုံကို ကြည့်လိုက်မိတော့ သင်း

www.burmeseclassic.com



ရဲ့ နှလုံးသားလေးက ဆတ်ခနဲ တုန်သွားရတော့တာ။

"အို... ချောလိုက်တာ" လို့ ပါးစပ်က ရေရွတ်မိသွားတဲ့အထိကို ဓာတ်ပုံထဲက ယောက်ျားပျိုက လှပချောမောလွန်းပါသည်။

ဆံပင်တွေက လေနဲ့လွင့်ပြီး ဖရိုဖရဲ၊ ကိုယ်ပေါ်မှာက ဘောင်းဘီတိုလေးပဲ ဝတ်ဆင်ထားတာ။ ဓာတ်ပုံရဲ့ နောက်ခံကို ကြည့်လိုက်တာနဲ့ ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းတစ်ခုမှာ ရိုက်ထားတဲ့ပုံဆိုတာ ပေါ်လွင်ထင်ရှားနေပါသည်။

ယောက်ျားပျိုတစ်ယောက်ရဲ့ ပကတိအလှကို သင်းက သတိလက်လွတ်လေး ငေးကြည့်နေမိတော့တာ။

ရင်ခုန်သံတွေကလည်း မြန်ဆန်လာရတော့တာ။ ဘယ်တုံးကမှ မလှုပ်ရှားခဲ့ဖူးတဲ့ သင်းရဲ့ နှလုံးသားနုနုလေးက ဘောင်ဘင်ခတ်ပြီး လှုပ်ရှားနေတော့တာ။

ကြီးကြီးစိန်ကတော့ ပြောပြသည်။ ဒီအိမ်မှာ ယောက်ျားပျိုနှစ်ယောက် ရှိတယ်တဲ့။ တစ်ယောက်က 'မိုး' တဲ့ တစ်ယောက်က 'ဆောင်း' ဒေါ်ပုကတော့ ဒါ ကိုကိုကြီးရဲ့အခန်းလို့ ပြောသွားပါသည်။

ကိုကိုကြီးဆိုတာ 'မိုး' လား၊ 'ဆောင်း' လား သင်း





မသိပါ။ ဟော့ဒီဓာတ်ပုံကတော့ဖြင့် သင်းကို ညို့ငင်အားပြင်းပြင်းနဲ့ ဆွဲဆောင်ဖမ်းစားလိုက်ပါရောလား။

ဘာအလုပ်မှ မလုပ်နိုင်တော့ဘဲ သင်းက ဓာတ်ပုံကိုပဲ ကြည့်နေမိတော့တာ။ ကြည့်နေလေ ကြည့်ချင်လေ၊ ကြည့်ချင်လို့ကြည့်လေ ရင်ခုန်လှိုက်မောရလေနဲ့ ဖြစ်နေရတော့တာ။

သင်း ဘာဖြစ်သွားရတာလဲကွယ်။ ဒီလိုမျိုး တစ်ခါမှ မခံစားဖူးခဲ့ပါဘူး၊ သင်းကို ကြိုက်ကြ ချစ်ကြတဲ့ ယောက်ျားတွေမှ အများကြီးပါ။

ရည်းစားစကားပြောတာကိုလည်း အကြိမ်ပေါင်း မမှတ်မိနိုင်အောင် နားထောင်ခဲ့ဖူးပါရဲ့။

ယောက်ျားတွေရဲ့ ရူးစိုက်ကြည့်တဲ့ အကြည့်၊ ညို့ငင်တဲ့အကြည့်တွေကိုလည်း ခံယူဖူးခဲ့တာပါပဲ။ အဲ့ဒီတုန်းကတောင်မှ ရင်မခုန်တတ်၊ စိတ်မလှုပ်ရှားတတ်ခဲ့ဘဲနဲ့ အခုသက်မဲ့ဓာတ်ပုံတစ်ပုံကြောင့် ရင်ခုန် စိတ်လှုပ်ရှားနေတာတော့ ထူးဆန်းအံ့သြဖွယ်ရာပါ။

ဓာတ်ပုံကို ရှေ့ရင်ဖြိုးဖြိုးမှာ ကပ်ထားလိုက်မိပြီးမှ ရှက်ရွံ့တုန်လှုပ်စွာနဲ့ သင်းက အမြန်ပြန်ချထားလိုက်ရတော့တာ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ကိုယ့်ကိုယ်ကို ဆုံးမပြီး မွေးပွဲကော်ဇောပေါ်မှာ ဖုန်စုပ်စက်နဲ့ သန့်ရှင်းရေးလုပ်ရတော့သည်။

ကြီးကြီးစိန်က သူ့ဘွေးမကြီးကို ပြောခဲ့တာပဲ၊ လူ့စည်းဘီလူးစည်းတဲ့လေ၊ ကိုယ့်စည်းနဲ့ကိုယ်နေရင် အိုးချင်းထားလို့လည်း မထိနိုင်ပါဘူးတဲ့။ သင်းကိုယ်တိုင်က ကိုယ့်စည်းနဲ့ကိုယ် နေရမှာပါ။

နောက်ထပ် ဓာတ်ပုံကို မကြည့်မိအောင် ကြိုးစားပြီးတော့ သင်းက သန့်ရှင်းရေးလုပ်စရာကို သေသေသပ်သပ် လုပ်ပြီး အခန်းထဲမှ ထွက်လာခဲ့လိုက်ပါတော့သည်။

နောက်ထပ် အခန်းတွေကို ရှင်းနေပေမယ့် သင်းရဲ့ အမြင်အာရုံထဲမှာ စွဲထင်နေတာကတော့ ညို့အားပြင်းတဲ့ ဓာတ်ပုံထဲက ပုံရိပ်ပါပဲကွယ်။

အလုပ်က မပင်ပန်းပါ။ ဖုန်စုပ်စက်နဲ့ သန့်ရှင်းရေးလုပ်၊ ပရိဘောဂပစ္စည်းတွေပေါ်တင်နေဟဲ့ ဖုန်တွေကိုသုတ်ဒီလောက်ပါပဲ။ အခန်းတွေက အလုံခန်းတွေမို့ ဖုန်လည်း သိပ်မရှိပါ။

ဒါပေမဲ့ တိုက်အိမ်ကြီးရဲ့အလယ်ထပ်ကို သင်း ရှင်းလင်းရေးလုပ်တာ နေ့လယ် ဆယ့်နှစ်နာရီထိုးတာတောင် မပြီး။





"သင်းရန့် ထမင်းစားချိန်လေ၊ နာရီလေး ဘာလေး ကြည့်ပါဦး" လို့ မစန်းက လာပြောမှပဲ သင်းက ဆယ့်နှစ်နာရီထိုးနေပြီဆိုတာကို သတိထားမိတော့တာ။

"ဟယ်... အချိန်ကုန်တာ မြန်လိုက်တာ၊ ဒီတစ်ထပ်ဆောင် ရှင်းလို့မပြီးသေးဘူး"

"ဖြည်းဖြည်းလုပ် သင်းရန့်ရေ၊ နင့်ကို သင်ပေးမှပဲဖြစ်မှာပါ။ ဒီမှာ အရေးကြီးတာက လက်ရှိလူနေတဲ့အခန်းတွေအဲ့ဒါကို ဦးစားပေးပြီးရှင်း၊ နောက်မှ လူမနေတဲ့အခန်းကိုရှင်း"

"အပေါ်ဆုံးထပ်မှာ လူမနေဘူးလား"

"ဟင့်အင်း၊ နောက်ဆုံးမှ အဲ့ဒါကိုလုပ်၊ တစ်နေ့ တစ်ထပ်ပေါ့၊ သင်းရန့်ရယ် တစ်နေ့လုံး သုံးထပ်လုံး အပြီးသန့်ရှင်းရေးလုပ်ရင် နင် သေလိမ့်မယ်လား၊ ရေချိုးထမင်းစားရအောင်"

"ဟို... အိမ်... အိမ်ရှင်တွေရော..."

"အိမ်ရှင်တွေက မနက်စာဆိုရင် အိမ်မှာမစားဘူး၊ အမှုကြီးရုံးခန်းကို ချိုင့်နဲ့ပို့ပေးရတယ်၊ ညနေစာမှ အိမ်မှာစားကြတာ"

"ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



“သူဌေးတွေကမှ အလုပ်ပိုလုပ်တာ သင်းရန့်ရေ မိသားစုလေးယောက်စလုံး အလုပ်လုပ်လိုက်ကြတာများ အံ့ရောပဲ”

“ဩော်... ဒါကြောင့်လည်း ချမ်းသာပြီးရင်း ချမ်းသာနေတာပေါ့ မစန်းရယ်”

“အေးနော်၊ ဆင်းရဲသားတွေက ပိုပျင်းကြတယ်ဟာ၊ ငါ့ပထွေးဆို ဆိုက်ကားနင်းတယ် မဟုတ်လား၊ ဆန်ဖိုးနဲ့ ဟင်းချက်စရာဖိုးရရင် အိပ်နေရော”

သင်းက အံ့သြသွားရတော့တာ။

“ဟင်... နင့်မှာလည်း ပထွေးရှိတယ်လား”

“ရှိတာပေါ့၊ ပထွေးက ပရောပရီ ခြေပုတ်ခေါင်းပုတ် လုပ်လို့ ငါ့အမေက ငါ့ကို ဒီအိမ်မှာ အလုပ်လုပ်ခိုင်းထားတာလေ၊ နင့်ပထွေးကရော နင့်ကို ပရောပရီလုပ်တာပဲလား”

မစန်းက မေးတာပါ။

“မလုပ်ပါဘူး၊ သူ့ဘာသာသူနေတာပဲလေ”

“ဒါဆို မဆိုးပါဘူး သင်းရန့်ရယ်၊ နင့်ပထွေးက လူကောင်းပါ”

“မသိပါဘူးဟာ၊ ငါကတော့ လုံးဝ ကြည့်မရဘူး





တကယ်ပဲ”

သင်းက စကားစ ဖြတ်ပစ်လိုက်ပါသည်။

အင်း... မစန်းရဲ့ပထွေးထက် သင်းရဲ့ပထွေးက အများကြီးကောင်းတာပေါ့။

ဒီနေ့အထိ သင်းကို မရိုးမသားပုံစံနဲ့ ကြည့်လည်း မကြည့်၊ ပြောလည်းမပြောသေးပါ။ အနေအထိုင် အေးဆေးတည်ကြည်ပြီး သူ့ဘာသာသူပဲနေတာ ဖြစ်သည်။

သင်းရန့်က အိမ်ကို တစ်ချက်သတိရမိသွားတော့တာ။

ဒါပေမဲ့ ချက်ချင်းပဲ ပြန်မေ့ပစ်လိုက်ပါသည်။

သင်းက စိတ်နာပြီး ထွက်လာခဲ့တာလေ။

ဘယ်နှစ်ရက်မှ မကြာသေးဘဲ အိမ်ကိုသတိရလို့ ဖြစ်မှာတဲ့လားနော်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ထိုအချိန်တွင် 'ဆောင်း' နဲ့ ဒေလီယာကလည်း ကားပေါ်မှာ စကားလက်ဆုံကျနေတာပါ။

"ကိုကိုက အရမ်းချောနေတော့တာပဲ"

ဒေလီယာက ရယ်မောပြီး ပြောတာပါ။

"အဟွန်း... ဟွန်း ဒေလီယာကမှ နတ်မိမယ်လေးလိုကို လှနေတာ"

"ကိုကိုကတော့ မြှောက်နေပြန်ပါပြီ"

"မမြှောက်ပါဘူးဗျာ၊ ရင်ထဲက စကားပါ"

ဆောင်းက အကြည့်နက်နက်တွေနဲ့ ကြည့်လိုက်မိတော့ ဒေလီယာက ပြုံးပြီး ခေါင်းလေးငုံ့သွားပါသည်။





ဒေလီယာ့အလှက အနောက်တိုင်းသူ မဆန်ဘဲ အရှေ့တိုင်းသူတစ်ယောက်လိုပဲ လှပနေတာ ဖြစ်သည်။

ဝတ်စားထားတာကလည်း အနောက်ဆန်တဲ့ အမြင်မျိုး၊ အဝတ်အစားမျိုးမဟုတ်ဘဲ အရှေ့တိုင်းရဲ့အမြင်နဲ့ တင့်အယ်တဲ့ ဘောင်းဘီရှည်နဲ့ ကုတ်အင်္ကျီကို ဝတ်ဆင်ထားတာမို့ မျက်စိအေးတဲ့အလှပါပဲ။

'ဆောင်း' ရဲ့ ရင်ခုန်သံတွေက မြန်ဆန်ကျယ်လောင်နေရတော့တာ။ ပျောက်ဆုံးနေတဲ့ ရွှေယမင်းရုပ်ကလေးကို ပြန်ရှာတွေ့ရသလိုမျိုး ရင်ဘတ်ထဲမှာ အပျော်တွေက ပြည့်လျှံနေရပါသည်။ အလျင်ကတည်းက ခိုင်မာနေတဲ့ တိတ်တခိုးအချစ်တွေက ခုတော့ ဆပွားပြီး ပွင့်အံထွက်ကုန်တော့သလားပင် ထင်မှတ်နေရတော့တာ။

ဒေလီယာရဲ့ ပြည့်စုံနေတဲ့ အလှအပလေးတွေကိုပဲ မျက်စိမခွာနိုင်အောင် ဖြစ်နေရတော့သည်။

"ဒေလီယာ"

"ရှင်..."

"ဟိုမှာ ရည်းစားတွေဘာတွေ ရှိခဲ့ပြီလားဟင်"

"မရှိပါဘူး ကိုကိုရယ်"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပဲလားဗျာ"

"ကိုကိုသာ ရည်ဘာ တွေအများကြီး မဟုတ်လား"

မျက်စောင်းလေးနဲ့ ဒေလီယာက ချစ်စဖွယ်ပြောတော့ သူ့မှာ အသည်းယားသွာ ရတော့တာ။

"ကိုကိုလား ရည်းစားထားမှာ၊ ကောင်မလေးတစ် ယောက်ကို တိတ်တိတ်လေး တမ်းတနေရတာနဲ့ပဲ ရည်းစား လည်းမထားနိုင်ပါဘူးဗျာ အဟွန်း... ဟွန်း"

"အမယ်... ကိုကိုက ဘယ်သူ့ကို တမ်းတနေရလို့လဲ"

"ကိုကိုချစ်မိတဲ့ ကောင်မလေးကိုပေါ့ဗျာ၊ သူလေး ကတော့ သိမှာမဟုတ်ပါဘူး၊ ကိုကိုကသာ စတွေ့ကတည်းက သူလေ့ကို ချစ်နေမိတာဗျ၊ ကိုကိုနဲ့ သူလေးနဲ့ စတွေ့တော့ သူလေးက ဆယ့်လေးနှစ်တောင်ရှိမှာ မဟုတ်သေးဘူးလေ"

"အို..."

ဒေလီယာ့မျက်နှာလေးက ပန်းရောင်ရင့်ရင့်လေး ဖြစ် သွားတော့တာ။

သူပြောနေတဲ့ စကားတွေရဲ့ အဓိပ္ပာယ်ကို သူမလေး ရိပ်မိသွားတဲ့ပုံရပါ။ မထူးတော့တဲ့အတွက် ဆောင်းက ဖွင့် ပြောလိုက်ပါတော့သည်။





သူ့ရင်ထဲမှာ အချစ်တွေနဲ့ ပြည့်နေရပြီ မဟုတ်လား။ ပြီးတော့ အခုမှတွေ့ကြရတဲ့သူတွေမှ မဟုတ်တာ။

"တကယ်ပါ ဒေလီယာရယ်၊ ကိုကိုလေ မြင်မြင်ချင်း ပဲ ဒေလီယာ့ကို ချစ်ခဲ့မိတာပါ၊ ဒါပေမဲ့ ဒေလီယာက ငယ် သေးတော့ ကိုကို့အချစ်တွေကို မျိုသိပ်ထားခဲ့ရတယ်လေ၊ သူသားမသိအောင် မျိုသိပ်ထားခဲ့ပြီးတော့ ဒေလီယာ ဆယ်တန်း အောင်မှ ဖွင့်ပြောမယ်လို့ ရည်ရွယ်ထားခဲ့တာ ဒေလီယာက ဆယ်တန်းအောင်တာနဲ့ နိုင်ငံခြားမှာ သွားနေလိုက်တော့ ကိုကို့မှာ အချစ်တွေကို ဖွင့်ပြောခွင့်မသာဘဲ မျိုသိပ်ခဲ့ရပြန် ရောဗျာ...

အခုမှပဲ ဒေလီယာနဲ့ ပြန်တွေ့ရတာလေ၊ ကိုကို့ရင်ထဲ မှာ အချစ်တွေ ပြည့်သိပ်နေပြီဗျာ၊ မမျိုသိပ်နိုင်တော့ဘူး"

"အို..."

ဒေလီယာက ပါးစပ်အဟောင်းသားလေး ဖြစ်သွားရ တော့တာ။

တကယ်တော့ ကိုကိုဗညားရဲ့ သူငယ်ချင်းဖြစ်တဲ့ ကိုကို ဆောင်းကို ရင်ခုန်တတ်စ မြီးကောင်ပေါက်မလေးအဝနဲ့ပဲ ဒေလီယာက တိတ်တခိုးလေး ချစ်ခဲ့ရတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ဒေလီယာ့လို သူငယ်နှပ်စား သေးသေးလေးကို ကိုကိုဆောင်းက စိတ်ဝင်စားမှာ မဟုတ်ပါဘူးဆိုတဲ့ အတွေးနဲ့ ဒေလီယာ့မှာ ကျိတ်ဆွေးခဲ့ရတာပါ။

ဒါကြောင့်ပဲ ဆယ်တန်းအောင်တာနဲ့ မိဘတွေရှိတဲ့ နိုင်ငံခြားမှာ ဒေလီယာ သွားနေပြီး ကျောင်းတက်ခဲ့တာ ဖြစ်သည်။ ဒီမှာ ဆက်နေရင် ကိုကိုဆောင်းအပေါ် တိတ်တခိုး ချစ်နေတာတွေ မဖုံးနိုင် မဖိနိုင်ဖြစ်မှာစိုးလို့ပါ။

နိုင်ငံခြားမှာ လေးနှစ်ကျော်သာ ကြာခဲ့ပေမယ့် ဒေလီယာ ကိုကို့ကို လုံးဝ မမေ့နိုင်ခဲ့။ တစ်နေ့မှကို မမေ့ခဲ့တာ ဖြစ်သည်။

ကိုကို့အကြောင်း သိချင်ပေမယ့် ကိုကိုဗညားကိုလည်း မမေးရဲခဲ့ပါ။ ဒေလီယာ့မှာ အုံ့ပုန်းပူခဲ့ရတာ။ အခု ရန်ကုန် လေဆိပ်မှာ ကိုကိုဆောင်းက လာကြိုနေတော့ အတိုင်းမသိ ပျော်ရပါသည်။

ကိုကို့မျက်နှာချောချောကို ငေးမောကြည့်ရင်း ဒေလီယာ့ ရင်ခုန်သံတွေ မြန်ဆန်လာခဲ့ရတာ ဖြစ်သည်။ ဒါပေမဲ့ ကိုကို့ အချစ်ကိုတော့ ဒေလီယာ မမျှော်လင့်ရဲခဲ့။

ကိုကိုက ပျို့တိုင်းကြိုက်တဲ့ နှင်းဆီခိုင် မဟုတ်လား။





ဒီအရွယ်မှ အမြီးမပေါက်ရင် ဘာမျောက်ဖြစ်ရမှာတဲ့လဲ။ ကိုကို့မှာ ချစ်သူတွေ ဘာတွေရှိနေပြီလို့ပဲ ထင်ထားတာ။

အခု ကိုကို့ဆီက ချစ်စကားတွေ ကြားလိုက်ရတော့ ဒေလီယာက ဟန်မဆောင်နိုင်လောက်အောင် ပျော်ရွှင်အံ့သြသွားရပါတော့သည်။

"ကိုကို... ကိုကို တကယ်ပြောနေတာလား"

ဒေလီယာက မဝံ့မရဲလေး မေးမိသွားရတော့တာ။

"ဟာ... ဒါ နောက်ပြောင်စရာလားဗျာ၊ ကိုကို့ ရင်ထဲမှာ ဒေလီယာ့ကို ချစ်တဲ့အချစ်တွေ မျိုသိပ်လို့ မရတော့လို့ ပေါက်ကွဲထွက်လာရတာပါဗျာ၊ ဒေလီယာ ကိုကို့ကို စိတ်ဆိုးသွားပြီလားဗျာ"

ကိုကိုကမေးတော့ ဝမ်းသာစိတ်ကို မချုပ်တည်းနိုင်တော့ဘဲ ဒေလီယာက ရှိုက်ငိုမိသွားရပါတော့သည်။

"အဟင်း... ဟင့်... ဟင့်"

"ဟာ..."

ဒေလီယာလေးက ဘာမပြောညာမပြောနဲ့ ငိုချတော့ ခိုးရိမ်တကြီး ဖြစ်သွားရတဲ့ ဆောင်းက မောင်းနေတဲ့ကားကို လမ်းနံဘေးမှာ ထိုးရပ်လိုက်ရတော့တာ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို့ကို စိတ်ဆိုးသွားပြီလား ကလေးရယ်၊ အနူး အညွတ် တောင်းပန်ပါတယ်ဗျာ"

"ဟင့်အင်း... ဒေလီယာ... ဒေလီယာ စိတ်မဆိုးပါဘူး ကိုကိုရယ် အဟင့်... ဟင့်"

"ဒါဆို ဘာဖြစ်လို့ ငိုနေရတာလဲဗျာ၊ ကိုကို့ကို ပြောပါဦး"

ဆောင်းက စိုးရိမ်တကြီးနဲ့ပါ။

အခုမှတွေ့တာကို ချက်ချင်းကြီး ရည်းစားစကား ပြောလိုက်မိတဲ့အတွက်လည်း နောင်တရမိပါသည်။ ချစ်ရသူလေးရဲ့ မျက်ရည်တွေကို တွေ့လိုက်ရတော့ သူ့ရင်ထဲမှာ ပူလောင်ရပါသည်။

"အဟင့်... ဟင့်"

"ပြောပါ ဒေလီယာရယ်၊ ကိုကို နောင်တရမိပါပြီဗျာ၊- တကယ်ဆို ကိုကို... ကိုကို မှားသွားတယ်"

"ဟင့်အင်း... ကိုကို မမှားပါဘူး၊ ကိုကို့ဆီက ဒီလို စကားမျိုးကို ကြားရဖို့ ဒေလီယာ စိတ်ကူးယဉ်ခဲ့တဲ့နှစ်တွေမှ အများကြီးပါ ကိုကိုရယ်၊ အခု... အခု ဝမ်းသာလွန်းလို့ ငိုမိတာပါရှင်"





"ဟာ..."

ဝမ်းသာလွန်းလို့ ဆောင်းက ဟေးခနဲ အော်လိုက်မိတော့တာ။

ပြီးတော့ ဒေလီယာကိုယ်လုံးလေးကိုလည်း သူ့ရင်ခွင်ထဲ ဆွဲသွင်းထားလိုက်မိတော့သည်။

"အို..."

ဒေလီယာက အလန့်တကြားလေး အော်လိုက်ပေမယ့် ဆောင်းကတော့ ချစ်ရသူလေးကို လွှတ်မပေးဘဲ တင်းတင်းကြီး ပွေ့ဖက်ထားလိုက်မိတော့တာ။

"အချစ်ရယ်... ကလေးရယ်၊ ဒါဆို ကိုကို့အချစ်ကို အချစ်က လက်ခံတယ်ပေါ့နော် ဟုတ်လား"

"အင်း..."

"ဟာ... စကားနဲ့ဖြေပါဗျာ၊ ကိုကို နားထောင်ချင်လွန်းလို့ပါ"

"ဟင်... ကိုကိုကလည်း ဒေလီယာ ရှက်တယ်"

"ချစ်တာ ရှက်စရာလား"

"အဟင်း... ဒါဆို ဖြေမယ်နော်၊ ဒေလီယာလေ ကိုကို့ကို စတွေ့တဲ့အချိန်ကတည်းက ချစ်ခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



"အချစ်ရယ် ကိုကိုလည်း စတွေ့တဲ့ အချိန်ထဲက ချစ်ခဲ့တာပါဗျာ၊ ကြည့်စမ်း... ကိုကိုတို့ နှစ်ယောက် အချစ်တွေကို မျိုးသိပ်ထားခဲ့ရတဲ့ နှစ်တွေက နည်းလားဗျာ အဟွန်း... ဟွန်း"

"အခုတော့ ဖူးစာရင်းမှန်လို့ ပြန်ဆုံတွေ့ရတာပဲ ဖြစ်မှာနော်"

ပြောရင်းနဲ့ပဲ ချစ်သူလေးက သူ့ရင်ခွင်မှာ မှီနွဲ့လို့နေတော့တာ။

မြတ်နိုးချစ်မက်စွာနဲ့ ဆောင်းက ချစ်သူလေးရဲ့ နဖူးပြင်လေးကို နမ်းရှိုက်လိုက်မိပါတော့သည်။

"အချစ်ရယ်... ကိုကိုတော့ အပျော်ဆုံးနေ့တစ်နေ့ကို ပိုင်ဆိုင်ရပါပြီဗျာ"

"ဒေလီယာလည်း ကိုကို့လိုပါပဲရှင်"

"အဟွန်း... ဟွန်း ဗညားကတော့ ဘာမှသိရှာမှာ မဟုတ်ဘူးနော်"

"ကိုကိုဗညားက အရေးမကြီးဘူး ကိုကိုရေ၊ အခု အဘွားအိမ်မှာ စောင့်နေပြီး အမြန်သွားစို့နော်"

"ဟုတ်ပါရဲ့ဗျာ၊ မေ့များတောင် မေ့နေတယ်၊ အချစ်





နဲ့ ပတ်သက်လာရင် လူတွေအားလုံး ဒီလိုပဲနော် အဟွန်း... ဟွန်း"

"ကိုကို"

"ဗျာ..."

"ကိုကိုဗညားကို ချက်ချင်းပြောမပြနဲ့ဦးနော်"

"ဘာဖြစ်လို့လဲ"

"ရှက်လို့ပေါ့"

"အဘွားကိုရော"

"ဟင့်အင်း... ဘယ်သူ့ကိုမှ မပြောပြနဲ့ဦး တိတ်တိတ်လေးပဲနော်"

"ကောင်းပါပြီဗျာ၊ အချစ်လေးရဲ့ သဘောတော်အတိုင်းပါပဲ၊ ညကျရင် ကိုကို လာခေါ်မယ်နော်၊ ဘုရားဖူးရအောင်လေ"

"ဟုတ်ကဲ့ ကိုကို"

"အရမ်းချစ်တာပဲဗျာ"

ဆောင်းက မချင့်မရဲလေး ဖြစ်သွားရတာမို့ ချစ်သူရဲ့ ကိုယ်လုံးလေးကို ခပ်တင်းတင်းလေး ဖျစ်ညှစ်ဖက်ထားလိုက်ပြီးမှ လွှတ်ပေးလိုက်မိတော့တာ။



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်ရင် မလွှတ်တမ်း ဖက်တွယ်ယုယထားချင်ပါတယ်ဗျာ။

ဒေလီယာက ချစ်သူကိုကိုရဲ့ ရင်ခွင်နွေးထွေးကို ခိုးဝှက် နမ်းရှိုက်လိုက်မိတော့တာ။

"ချစ်လိုက်တာ ကိုကိုရယ်၊ ကမ္ဘာပေါ်မှာ ကံအကောင်းဆုံးလူသားဟာ ဒေလီယာပါပဲကွယ်"

ကိုကို့ရင်ခွင်ငွေ့က ဒေလီယာအတွက် နွေးထွေးလွန်းလှပါသည်။

* * *



## အခန်း (၉)

အိပ်ခန်းထဲ ဝင်လိုက်တာနဲ့ သပ်ရပ်ရှင်းလင်းပြီး ပစ္စည်းတွေအားလုံး နေရာတကျ ဖြစ်နေတာကို တွေ့လိုက်ရတာမို့ 'မိုး' က အံ့သြသွားရပါသည်။

သန့်ရှင်းရေးအလုပ်သမားရပြီလို့ မာမီက မပြောသေးပါ။ ဒါ မအားတဲ့ကြားထဲကပဲ ဒေါ်ပု လာရှင်းပေးထားတာဖြစ်ပါလိမ့်မည်။

'မိုး' က အားလည်းနာ ကျေးဇူးလည်း တင်သွားရတာမို့ ဒေါ်ပုကို ဘောက်ဆူးပေးဖို့ စဉ်းစားလိုက်မိသည်။

သူတို့မိသားစုရဲ့ စိတ်ဓာတ်ကိုက အဲ့ဒီလိုမျိုးပါ။ ငါ့အလုပ်သမားပဲ ငါ ခိုင်းတာ အကုန်လုပ်ရမှာပေါ့ဆိုတဲ့ စိတ်မျိုးမရှိဘဲ စာနာထောက်ထားတဲ့စိတ်နဲ့ ဆက်ဆံပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းချက် အလုပ်သမားကို ထမင်းချက်တဲ့နေရာမှာပဲ ခိုင်းသည်။ သန့်ရှင်းရေးလည်း လုပ်ပေးရမယ် အဝတ်တွေလည်း မီးပူတိုက်ပေးရမယ်လို့ သိမ်းကျုံးမခိုင်း။

ဘွားဘွားအတွက် ခေါ်ထားတဲ့ အဖော်က ဘွားဘွားရဲ့ ဝေယျာဝစ္စပဲ လုပ်ရသည်။ ဘွားဘွားအနားမှာပဲ တစ်နေ့လုံး နေပေးရသည်။ တခြားအလုပ်တွေ မခိုင်းပါ။

ဒါကြောင့်ပဲ သူတို့မိသားစုထဲကို ရောက်လာသမျှ အလုပ်သမားတွေအားလုံး ပျော်ရွှင်ကြသည်။ အလုပ်မြဲကြသည်။ ရိုးသားပြီး သစ္စာရှိကြသည်။

သူတို့က စေတနာပေးတော့ စေတနာပြန်ရတာပဲပေါ့။

အခုလည်း မိုးက ရေချိုး အဝတ်အစားလဲပြီးတာနဲ့ ခြံထဲဆင်းရင်း ဒေါ်ပုကို ဝင်ပြီး စကားပြောလိုက်သည်။

"ဒေါ်ပု"

"ရှင်... ကိုကိုကြီး"

"ဩော်... မအားတဲ့ကြားထဲက ကျွန်တော့်အခန်းကို လာရှင်းပေးထားတဲ့အတွက် ကျေးဇူးတင်တယ်ဗျာ"

"ဒေါ်ပုရှင်းတာ မဟုတ်ပါဘူး ကိုကိုကြီးရယ်၊ သန့်ရှင်းရေးအလုပ်သမား ရှင်းတာပါ"





"ဩော်... အလုပ်သမားရပြီလား၊ မာမီ မပြောသေးလို့ သိဘူးဗျာ"

"ဒီနေ့ပဲ အလုပ်စဝင်တာပါ ကိုကိုကြီး"

"တော်သေးတာပေါ့ဗျာ၊ အလုပ်သမား အမြန်ရပေလို့ပဲ ဟုတ်ရင် ကျွန်တော့်အခန်းလည်း ရှုပ်ပွပြီး အမှိုက်ပုံဖြစ်ရတော့မှာ အဟွန်း... ဟွန်း"

ခြတ်ပုံထဲက ကိုလူချောကြီးကို အပြင်မှာ မျက်ဝါးထင်ထင်တွေ့လိုက်ရတာမို့ ကော်ဖီမသောက်နိုင်ဘဲနဲ့ သင်းရန့်က ငေးမောကြည့်မိသွားတော့တာ။

'ကိုကိုကြီး' လို့ သင်းရဲ့ ရင်ထဲကနေ လှိုက်လှိုက်လှဲလှဲလေး ခေါ်မိသွားရတော့တဲ့အထိပါပဲ။ သင်း ငေးနေတုန်းမှာပဲ ကိုကိုကြီးက မီးဖိုခန်းတံခါးဝကနေ ပြန်လှည့်ထွက်သွားပါသည်။

မီးဖိုခန်းရဲ့ထောင့်တစ်နေရာမှာ ကော်ဖီထိုင်သောက်နေတဲ့ သင်းကို ကြည့်လည်းမကြည့် သတိထားမိပုံလည်းမရပါ။ သင်းမှာသာ ရင်တွေခုန် ဒူးတွေတုန်ပြီး ကျန်ရစ်ခဲ့ရပါသည်။

"အဲ့... အဲ့ဒါ ဘယ်သူလဲဟင် အဒေါ်"

သင်း အသံကတုန်တုန်လေး။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုကြီးပေါ့ သင်းရနံ့ရဲ့၊ နာမည်က 'မိုး' တဲ့တော် အနေတည်ပေမယ့် တစ်မိသားစုလုံး စိတ်သဘောထား ပြည့် ကြပါတယ်အေ၊ အလုပ်သမားတွေအပေါ်မှာ စာနာတတ် တယ်"

ဩော်... မိုးတဲ့လား။

သင်းက ဒေါ်ပုပြောနေတဲ့ စကားတွေကို မကြားတ ချက် ကြားတစ်ချက်နဲ့ပါ။ သင်းရဲ့ စိတ်တွေက ကိုကိုကြ ဆီပဲ ရောက်နေတော့သည်။

တကယ်ပဲ သင်း ရင်ခုန်နေရပါပြီ။ စိတ်လှုပ်ရှား ရပါပြီ။ သင်းရဲ့ နှလုံးသားနုနုလေးမှာ မုန်တိုင်းတိုက်ခ ချင်နေရပါပြီ။

ဒါပေမဲ့ သင်းက ကိုယ့်စိတ်ကို ကိုယ်ထိန်းချုပ်ထ ထားရသည်။ စိတ်ကို အလိုလိုက်လို့မဖြစ်။ ကြီးကြီးစိန်မြ တဲ့ လူ့စည်း ဘီလူးစည်းဆိုတဲ့ စကားကို သင်းက အ မပြတ် ကြားယောင်နေမိတာမို့ သတိလေးနဲ့ ထိန်းချုပ်ထ ရတော့တာ။

ထိန်းနေတဲ့ကြားထဲကပဲ ရင်ခုန်နေတော့လည်း ခ ပါသည်။





"မိုးနဲ့ဆောင်း နှစ်ယောက်စလုံးက အနေတည်ပေမယ့် ိတ်ထားတော့ ကောင်းကြပါတယ် သင်းရနံ့ရယ်"

"အဘွားကရောဟင်..."

"အဘွားက ကျန်းမာရေး သိပ်မကောင်းဘူး၊ သူ့ ဘာသာသူပဲ နေတာများတယ်၊ အောက်ထပ် ဟိုဘက်အခြမ်း ာ အခန်းကျယ်ကြီးထဲမှာနေတယ်၊ နောက်တော့ တွေ့ရမှာ ါ၊ ဆရာကြီးရဲ့ အမေပေါ့၊ မမက ချွေးမဆိုပေမယ့် အဘွား အပေါ်မှာ အရမ်းဂရုစိုက်တာ သင်းရနံ့ရဲ့"

"ဩော်..."

"သူဌေးမိသားစုက ရိုးသားတာကို ကြိုက်တယ်၊ ဟန် ဆောင်တာကိုဆို လုံးဝ မကြိုက်ဘူး၊ ပြီးတော့ အတွင်းလိုက် ာတာတို့ ဘာတို့လည်း လုံးဝ မကြိုက်ဘူး၊ သင်းရနံ့က နေတတ်ထိုင်တတ်ပါတယ်လေ"

ဩော်... ဒေါ်ပုက သင်းကို ယုံလို့ပါ။

သင်းကတော့ နေတတ်ထိုင်တတ်ပါ့မလားလို့ပဲ ကိုယ့် ိုယ်ကို စိတ်ပူနေရပါပြီ။

သင်း ကိုကိုကြီးကို ရင်ခုန်နေမိပြီ မဟုတ်လား။ ါပေမဲ့ ကိုယ့်စည်းနဲ့ကိုယ်နေဖို့ပဲ သင်းက ဆုံးဖြတ်ထားပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။

အိမ်ရှင်သူဌေးသားကို သင်းလို အလုပ်သမလေးက စိတ်ကူးယဉ်စရာတဲ့လား။ စိတ်ကူးယဉ်မိရင် သင်း အရူးပဲပေါ့။

ကော်ဖီသောက်ပြီးတာနဲ့ သင်းက ထမင်းစားခန်းထဲမှာ ဖုန်စုပ်စက်နဲ့ သန့်ရှင်းရေး လုပ်လိုက်သည်။

"သင်းရန့်က အလုပ်လုပ်တာ သေသပ်တယ်"

ဒေါ်ပုကတော့ တစ်ချိန်လုံး သင်းကိုပဲ ချီးကျူးနေတော့တာ။

ညနေ ငါးနာရီထိုးသွားတော့ ဒေါ်ပုကပဲ သင်းကိုအလုပ်နားခိုင်းပါသည်။

"ရပြီ သင်းရန့်ရေ၊ နေ့တိုင်းလုပ်ရမယ့်အလုပ်ကို လောဘမကြီးနဲ့ နားလိုက်တော့၊ ဒီနေ့တောင် အလယ်ထပ်နဲ့ အောက်ထပ် နှစ်ထပ်ပြီးအောင် လုပ်နိုင်တာ အံ့ရောပဲ၊ ရေမိုးချိုးပြီး နားတော့"

"ဟုတ်ကဲ့ အဒေါ်"

"သင်းရန့်ဟာတော့လေ အလုပ်လုပ်ပြီး ချွေးတွေစို့နေတာတောင် လှတာပဲ" လို့ မစန်းဂါပြောနေသေးတာ။

"ဟုတ်ပါ့" လို့ ဒေါ်ပုကလည်း ထောက်ခံနေတာ





သင်းက ရယ်မောပြီး ကိုယ့်အတွက် ပေးထားတဲ့အခန်းထဲကို ပြန်ဝင်လာခဲ့ရပါတော့သည်။

သင်း လှတာကို သင်းဘာသာသင်း သိပါသည်။ ဒါပေမဲ့ ကိုကိုကြီးက သင်းကို တစ်ချက်လေးတောင် ကြည့်မသွားတဲ့အတွက်တော့ ရင်ထဲမှာ တစ်မျိုးလေးပဲ ခံစားနေရသည်။

သင်းရဲ့ အလှတွေကို ကိုကိုကြီးတွေ့အောင် ပြချင်တဲ့ စိတ်ကလေးက ခေါင်းထောင်ထလာတော့ သင်းမှာ သတိလေးနဲ့ ထိန်းချုပ်ရပြန်ပါသည်။

တကယ်တော့ ကိုယ့်ဘာသာကိုယ်နေတာပဲ အကောင်းဆုံးဖြစ်မှာပါ။ သူဌေးမကြီးကိုယ်တိုင်က သင်းလှလို့ အလုပ်မခန့်ချင်ခဲ့တာဟာ သူ့သားတွေနဲ့ သင်းနဲ့ နီးစပ်သွားမှာစိုးရိမ်လို့ပဲ ဖြစ်မှာပေါ့။

သင်းက မပြီးပြတ်နိုင်တဲ့ အတွေးလေးတွေကို ဖြတ်တောက်ပြီးတော့ ရေချိုးလိုက်ပါသည်။ ဖုန်စုပ်စက်တွေနဲ့ သန့်ရှင်းရေးလုပ်ရတာ မပင်ပန်းပါဘူးဆိုပေမယ့် အလေ့အကျင့်မရှိတဲ့အတွက် သင်းတစ်ကိုယ်လုံး နာကျင်နေသည်။

ရေချိုးပြီးတာနဲ့ သင်းက အိပ်ရာပေါ်မှာ လှဲအိပ်နေလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပါတော့သည်။

"ဟဲ့… သင်းရနံ့ နေမကောင်းဘူးလား"

မစန်းက အခန်းထဲဝင်လာပြီး မေးတာပါ။

"ကိုယ်တွေလက်တွေ နည်းနည်းနာနေလို့ဟယ်"

"အဟင်း… ဟင်း နင်က ရွှေမင်းသမီးလေးပါ သင်းရနံ့ရယ်၊ ဒီလိုအလုပ်တွေနဲ့ နင်နဲ့ မအပ်စပ်ပါဘူးဟာ"

မစန်းက တကယ်ပြောနေတာပါ။

"ပေါက်ကရတွေ မပြောစမ်းပါနဲ့ဟာ၊ နင်နဲ့ငါ အတူတူပဲ"

"မတူဘူး၊ နင့်ပုံစံက တကယ့် အထက်တန်းစား ရွှေမင်းသမီးလေးရဲ့ ပုံစံမျိုး သင်းရနံ့ရဲ့"

"ရပါပြီဟာ"

အဲ့ဒီအချိန်မှာပဲ ဒေါ်ပုက 'မိစန်းရေ' လို့ အော်ခေါ်တာမို့ မစန်းက ပြန်ပြေးထွက်သွားပါတော့သည်။

* * *



## အခန်း (၁၀)

မိုးက ဘွားဘွားကို ဝင်ကြည့်ပြီး စကားစမြည်ပြော ိုက်သည်။

"မြေးကြီး မိန်းမ မယူသေးဘူးလား"

သူ့ကိုတွေ့တာနဲ့ ဘွားဘွားက မေးနေကျမေးခွန်းကို မေးပါသည်။

"ဖြည်းဖြည်းပေါ့ ဘွားဘွားရယ် အဟွန်း… ဟွန်း"

သူကလည်း ဖြေနေကျ အဖြေကိုပဲ ပေးရပါသည်။

"ရွှေလွန်းရင် မရတဲ့ စကားပုံရှိတယ် မြေးကြီးရဲ့၊ ရမ်းစဉ်းစားမနေနဲ့"

"ဘွားဘွားကလည်း မစဉ်းစားလို့ ရှိလားဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ဘွားကတော့ မြေးကို လူပျိုကြီး မဖြစ်စေချင်ဘူးနော်၊ အသက်သုံးဆယ်မကျော်ခင် လက်ထပ်သင့်တယ်"

"ကျွန်တော့်အသက်က ခုမှ နှစ်ဆယ့်ရှစ်နှစ်ပဲ ရှိပါသေးတယ်ဗျာ၊ သုံးဆယ်ပြည့်ဖို့ နှစ်နှစ်တောင် လိုပါသေးတယ် အဟွန်း... ဟွန်း"

"ဘွားကတော့ စိတ်ပူတာပဲဟေ့"

"ကျွန်တော် ရှာနေပါတယ်ဗျာ"

"နာစ့်မလေးလည်း မဆိုးဘူးနော်"

ဘွားဘွားက သူ့နားကပ်ပြီး တိုးတိုးလေးပြောတာပါ။

"ဟာ... ကျွန်တော် မကြိုက်ပါဘူး ဘွားရာ၊ ရုပ်ပျာ ရုပ်ပျာနဲ့ စကားကလည်း များသေးတယ်"

"အဟင်း... ဟင်း မြေးကြီးကတော့ ဇီဇာကြောင်တယ် ဟေ့"

ဘွားဘွားက သူ့ကို နာစ့်နဲ့ပဲ အောင်သွယ်ချင်နေတာပါ။

ဘွားရဲ့နာစ့်ကို မိုးကလည်း လုံးဝ ကြည့်မရပါ။ ရဲတင်း သွက်လက်လွန်းလို့ ဖြစ်သည်။ ဘွားဘွားရဲ့ရှေ့မှာဆိုရင် ပုံစံကတစ်မျိုး၊ သူ့ကိုတွေ့ရင် ပုံစံကတစ်မျိုးပါ။

ဘွားကတော့ အပြစုကောင်းတဲ့ နာစ့်ကို သဘောကျနေ





ပေါ့။ အခုလည်း နာစ့်က အနားမှာမရှိတဲ့အတွက် ဘွား အောင်သွယ်နေပြန်တာပါ။

"ဇီဇာကြောင်တာ မဟုတ်ပါဘူးဗျာ၊ တစ်သက်လုံး ပေါင်းရမှာဆိုတော့ စိတ်ကြိုက်ရှာရမှာပေါ့ ဘွားရဲ့ အဟွန်း... ဟွန်း"

"ဒါလည်း ဟုတ်တာပါပဲ"

ဒီလိုဆိုတော့လည်း ဘွားက လက်ခံပါသည်။ ဘွားဘွား တော့ ရှင်းသည်။ ဂုဏ်ရှိမှ၊ ချမ်းသာမှ လက်ထပ်ရမယ်လို့ ခါမှ မပြောပါ။

"ရိုးသားအေးဆေးတဲ့ ခေတ်ပညာတတ်မိန်းကလေး ရပါပြီကွယ်၊ ချမ်းသာတာ၊ ဂုဏ်ရှိတာ ရွေးနေစရာ မလို ဘူး၊ အဲ့ဒါတွေက ဘွားတို့မှာ ပြည့်စုံပြီးသားပဲဟာ" လို့ အမြဲတမ်း ပြောတတ်သည်။

ဘွားက ကျန်းမာရေး မကောင်းတော့ပေမယ့် ဒီအိမ် မှာတော့ ဘွားရဲ့ ဩဇာအာဏာအတိုင်းပါပဲ။

ဒက်ဒီကလည်း ဘွားကို မလွန်ဆန်ပါ။ ဘွားကလည်း အယူသန်တာ၊ မမျှတတာ ဘာမှမလုပ်ဘဲ အေးချမ်းတဲ့သူ၊ တရားမျှတ မှန်ကန်တဲ့သူ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒက်ဒီက ဘွားရဲ့စကားကို နားထောင်တော့ မာမီကလည်း ဘွားကို အရေးထားရပါတော့သည်။

"ဘွား လမ်းလျှောက်မလား"

"နေ့လယ်က လျှောက်ပြီးပြီ"

"ထမင်းစားလို့ရော ကောင်းရဲ့လား"

"မယ်ပု ဒီလောက် ဟင်းချက်ကောင်းတာ ထမင်းစားလို့ ကောင်းတာပေါ့၊ ဪ... ဒါနဲ့ သန့်ရှင်းရေးအလုပ်သမား မရသေးဘူးလားကွယ့်"

"ရပြီတဲ့ ဘွားဘွား၊ ဒီနေ့ အလုပ်စလုပ်ပြီတဲ့၊ ကျွန်တော့် အခန်းတော့ သပ်ရပ်ပြောင်လက်သွားပြီ"

"ဘွားတောင် မသိသေးဘူးကွယ့်"

"ကျွန်တော်လည်း ခုမှသိတာ၊ အလုပ်သမားကို ဖြူသလား၊ မည်းသလားတောင် မမြင်ဖူးသေးဘူးဗျာ"

"ဟဲ့... ဒီလိုမျိုးတော့ ဖြစ်မလား၊ သန့်ရှင်းရေးအလုပ်သမားဆိုတာ အခန်းတိုင်း ဝင်ထွက်နေရမယ့် လူလေ၊ သူ့ကို အကဲခတ်မှ ဖြစ်မှာပေါ့"

"မာမီက အကဲခတ်ပြီးမှ အလုပ်ခန့်ထားတာ ဖြစ်မှာပါ အဘွားရယ်"





"အို... ဘွားလည်း ကြည့်ဦးမှပါ ခင်ရေ"

ပြောပြောဆိုဆိုပဲ ဘွားဘွားက သူ့ရဲ့အဖော် 'ခင်' ဆိုတဲ့ ကောင်မလေးကို ခေါ်လိုက်သည်။

"ရှင်... ဘွားဘွား"

"သွား... မယ်ပုကို သွားပြော၊ အလုပ်သမားအသစ်ကို ဘွားဆီ ခဏပို့ပေးပါလို့"

"ဟုတ်ကဲ့ ဘွား"

'ခင်' ထွက်သွားတော့ မိုးက ဘွားဘွားနဲ့ စကားစမြည်ပြောရင်း ဆက်ထိုင်နေလိုက်ပါသည်။

ထိုအခါတွင် သင်းရနံ့ကတော့ ခေါ်ပု လာခေါ်တဲ့အတွက် ထိတ်ထိတ်ပျာပျာလေး ဖြစ်သွားရပါတော့သည်။

"အဘွားက ဆိုးလား အဒေါ်၊ ဘယ်လို ဆက်ဆံရမလဲ"

"မဆိုးပါဘူး သင်းရနံ့ရဲ့၊ သဘောကောင်းပါတယ်၊ ဘယ်လို ဆက်ဆံရမလဲဆိုတော့ ကိုယ့်ပုံစံအတိုင်းပဲနေပေါ့၊ ဘာမှ ဟန်မဆောင်နဲ့ ဟုတ်လား"

"ဟုတ်ကဲ့ အဒေါ်"

သင်းက ဆံပင်ခပ်မြန်မြန်ဖြီးသင်ပြီး သနပ်ခါးရေကျဲ



www.burmeseclassic.com

www.burmeseclassic.com



လေး လူးထားတဲ့ မျက်နှာလေးနဲ့ပဲ ဒေါ်ပုနဲ့အတူ လိုက်လာခဲ့လိုက်ပါတော့သည်။

"ဘွားဘွား အလုပ်သမားအသစ် ခေါ်လာပါပြီ"

"လာလေ မယ်ပု"

အခန်းကျယ်ကြီးထဲကို သင်းက ခေါင်းလေးငုံ့လို့ ဝင်လိုက်လာခဲ့တော့တာ။

"ထိုင် ကလေးမ၊ မယ်ပု သွားလို့ရပြီ"

"ဟုတ်ကဲ့"

"နာမည်ဘယ်လိုခေါ်လဲကွဲ့"

"သင်းရနံ့လို့ခေါ်ပါတယ် ဘွားဘွား"

"ခေါင်းမော့ပါဦးကွယ့်၊ အို... အချောလေးပဲ အသက်ကရော ဘယ်လောက်ရှိပြီလဲ"

"ဆယ့်ရှစ်နှစ်ပါ ဘွားဘွား"

"ပညာရော ဘယ်လောက်အထိ တတ်သလဲကွယ်"

"အခြေခံပညာ ဒုတိယနှစ် တက်နေပါတယ် ဘွားဘွား"

"အလုပ်ကြမ်းကြမ်း လုပ်နိုင်လို့လားကွယ်"

"ဟုတ်ကဲ့ လုပ်နိုင်ပါတယ်၊ ဟို... သန့်... သန့်ရှင်း





ရေး လုပ်ရတာလဲ မပင်ပန်းပါဘူး"

မိုးက ဘွားဘွားနဲ့ စကားပြောနေတဲ့ သန့်ရှင်းရေးအလုပ်သမားဆိုသူလေးကို ငေးမောကြည့်နေမိတော့တာ။

စက်စက်ယိုအောင်လှပတဲ့ တကယ့်အလှလေးပါပဲ။

ဘာမှပြင်ဆင်မထားဘဲ အိမ်နေဝတ် အဝတ်အစားလေးနဲ့တောင် သူမလေးရဲ့အလှက ထင်ရှားတောက်ပနေပါသည်။

ကိုယ်နေဟန် အသားအရေ မျက်နှာသွင်ပြင် ဘာဆိုဘာမှ ပြောစရာမရှိအောင်ပါပဲ၊ ပြစ်မျိုးမဲ့မထင် အလှပိုင်ရှင်လေးပါ။

လက်ချောင်းလေးတွေကအစ လှပလွန်းနေပြီး ဘယ်လိုမှ အိမ်ဖော်ပုံစံ မပေါက်ပါ။ တကယ့် အထက်တန်းစားလူကုံထံထဲက မိန်းကလေးတစ်ယောက်ရဲ့ ပုံစံမျိုးပါ။

"အရင်က လုပ်ဖူးလို့လားကွယ်"

ဘွားဘွားက ကြင်နာနွေးထွေးတဲ့ပုံစံနဲ့ မေးနေတာမို့ သင်းရနံ့က ကြောက်စိတ်အနည်းငယ် ပြေပျောက်သွားရပါသည်။

ဒါပေမဲ့ သင်းရဲ့ရှေ့မှာ ကိုကိုကြီး ရှိနေတဲ့အတွက် သင်းရဲ့ ခန္ဓာကိုယ်လေးက တဆတ်ဆတ်တုန်ခါနေရတော့



www.burmeseclassic.com

www.burmeseclassic.com



တာ။ နှလုံးသားလေး တုန်ခါနေတော့ ခန္ဓာကိုယ်လည်း တုန်ခါရပြီပေါ့။ သင်းက အဘွားမေးတာတွေကို အမှန်အတိုင်းပဲ ဖြေလိုက်ပါသည်။

“မ... မလုပ်ဖူးပါဘူး ဘွားဘွား”

“မိဘတွေ ရှိတယ်မဟုတ်လား”

“ရှိပါတယ် ဘွားဘွား”

“မိဘတွေက ဘာတွေလုပ်လဲကွယ့်”

“ဟို... အဖေက... အဖေဆိုပေမယ့် အမေ့ရဲ့ နောက်အိမ်ထောင်ပါ အဘွား”

“ဟုတ်ပြီ... ဟုတ်ပြီ ဘွားဘွား နားလည်ပြီ ဆက်ပြော”

“အဲ့... အဲ့ဒီအဖေကတော့ (......) ကုမ္ပဏီက စက်ရုံမှာ အလုပ်လုပ်ပါတယ်၊ အမေက အင်္ကျီချုပ်တဲ့ဆိုင် ဖွင့်ထားပါတယ်”

“ဪ... ဒါဆို ဆင်းဆင်းရဲရဲထဲက မဟုတ်ပါဘူး၊ ဒါနဲ့ ဘာဖြစ်လို့ ဒီမှာ အလုပ်လာလုပ်ရတာလဲကွယ်”

ဘွားဘွားက တရားခံစစ်စစ်မေးနေတာမို့ သူမလေးကို မိုးက အားနာမိပါသည်။





တစ်ဖက်ကလည်း ဘွားဘွား မေးနေတဲ့အကြောင်းအရာတွေကို သူက သိချင်နေမိပြန်သည်။

ပိုပြီး စိတ်ဝင်စားစရာကောင်းတာက သူမလေးရဲ့ အဖေ အလုပ်လုပ်တဲ့စက်ရုံဆိုတာ သူတို့က ကုမ္ပဏီပိုင် စက်ရုံဖြစ်နေတာပါ။

“ဟို... ဟိုလေ အမေ့မှာက နောက်ထပ်ကလေးသုံးယောက်ရှိတော့ သင်းကို အမေက ကြည့်လို့မရဘူး၊ ဒါကြောင့် ဒီမှာ အလုပ်လာလုပ်တာပါ၊ ဟို... အမေ့မိသားစုနဲ့ မနေချင်လို့”

ဘွားဘွားရဲ့ မျက်ဝန်းထဲမှာ ကရုဏာတွေ၊ မေတ္တာတွေကို တွေ့မြင်နေရသည်။

သူကိုယ်တိုင်လည်း ရင်ထဲမှာ လှုပ်ခါသွားလောက်အောင်ကိုပဲ သူမလေးကို သနားမိသွားရပါတော့သည်။

“ဪ... ကလေးမက အမေကို အထင်လွဲနေတာကိုး၊ အေးကွယ်... လိုအပ်တာရှိရင် ဘွားဘွားကိုပြောပေါ့၊ ဒါနဲ့ ဘယ်သူ အလုပ်သွင်းပေးဖို့ ခေါ်လာတာလဲ”

“ကြီးကြီးစိန် အဲ... ဒေါ်စိန်ပါ ဘွားဘွား”

“အေး... အေး သွားတော့... သွားတော့”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

သူမလေးက သူ့ကို လုံးဝမကြည့်ဘဲ ခေါင်းလေးငုံ့သို့ ဘွားဘွားရဲ့ အခန်းထဲမှနေ ထွက်သွားပါတော့သည်။

သူမလေး ထွက်သွားတာနဲ့ မိုးရဲ့ ရင်ထဲမှာ ဟာပြီး ကျန်ရစ်ခဲ့ရပါတော့သည်။ မိန်းကလေးတစ်ယောက်နဲ့ ပတ်သက်ပြီး ဒီလိုမျိုး ခံစားရတာ ဒါ ပထမဦးဆုံးအကြိမ်ပါ။

သူ့ကိုယ်သူ အံ့ဩနေတုန်းမှာပဲ ဘွားဘွားကလည်း အံ့အားသင့်စရာ စကားကို ပြောလာပါသည်။

"ဒီကလေးမလေးကို တွေ့ရတာ ရင်ထဲမှာ ဘယ်လို အေးချမ်းသွားမှန်း မသိပါဘူး မြေးကြီးရယ်၊ သနားမိတာလဲ ဟီးချုပြီးတောင် ငိုချင်သလိုပဲ"

ဘွားမျက်နှာက တကယ်ပဲ ခံစားနေရတဲ့ မျက်နှာပါ။

"ဟာ... ဘွားဘွားကလည်း သူများကို သနားတာတော့ သနားပေါ့၊ ဟီးချုငိုပြီးတော့လည်း မသနားပါနဲ့ဗျာ အဟွန်း... ဟွန်း"

မိုးက ဘွားဘွားရဲ့ ခံစားချက်တွေ ပေါ့သွားအောင် နောက်ပြောင်ပြီး ပြောလိုက်တာပါ။

"ဘွား တကယ်ပြောတာ မြေးရဲ့၊ ကလေးမလေးကို





တွေ့လိုက်ကတည်းက အနှစ်နှစ်အလလ ဝေးနေရတဲ့ ကိုယ့်သွေးသားကို ပြန်တွေ့ရသလိုပဲ ခံစားရတယ်၊ လှလိုက်တဲ့ ကလေးမကွယ် မှုန်နေအောင်ကို လှတာ၊ ဒီလောက် အထက်တန်းကျတဲ့ ရုပ်ရည်နဲ့ မိန်းကလေးက ဘာကြောင့်များ သူများအိမ်မှာ အလုပ်လုပ်ရတာလဲ သနားလိုက်တာ"

အဘွားက တတွတ်တွတ်ပြောပြီး မျက်ရည်တွေ သုတ်နေတော့ မိုးက ဘာလုပ်ရမှန်းမသိဘဲ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ရပါတော့သည်။

"ဟာ... ဘွားဘွားက တကယ်ငိုနေတာလား၊ ဘာဖြစ်လို့လဲ ကျွန်တော် စိတ်ပူလာပြီ"

"ဘာမှမဖြစ်ပါဘူးကွယ်၊ သွား... သွား မြေး သွားတော့"

ဘွားဘွားက ချက်ချင်း မျက်ရည်သုတ်ပြီး သူ့ကိုပါ မောင်းထုတ်တာမို့ ထွက်လာခဲ့ရပါတော့သည်။

ဒါပေမဲ့ မိုး ရင်ထဲမှာတော့ မေးခွန်းပေါင်းများစွာနဲ့ပါ။

ဘွားဘွားက ဘာဖြစ်လို့ ဒီလောက်တောင် ခံစားသွားရတာလဲ။ ဒီအကြောင်းကို သူ့ရင်ထဲမှာပဲ သိမ်းထားလို့တော့ ဖြစ်မည်မထင်။ ဒက်ဒီ့ကို ပြောပြရမည်ထင်သည်။

www.burmeseclassic.com



မာမီ့ကိုတောင် မပြောချင်ပါ။ တော်ကြာ မာမီက သူမလေးကို သွားရမ်းနေရင် အခက်ပါ။

ပြီးတော့ ဘွားဘွားက ဒက်ဒီ့ရဲ့အမေလေ၊ မာမီက ချွေးမဆိုတော့ ဘွားဘွားအကြောင်းကို သားဖြစ်တဲ့ ဒက်ဒီလောက်တောင် သိမှာမှ မဟုတ်ဘဲ။

ဒါကြောင့် ဒက်ဒီ့ကိုပဲ ပြောပြဖို့ ဆုံးဖြတ်လိုက်ပါတော့သည်။

ညနေစာ ထမင်းဝိုင်းမှာလည်း သူက မပြောပါ။ မာမီ့ကွယ်ရာမှာပဲ ပြောပြဖို့ စိတ်ကူးလိုက်သည်။

"ဒီနေ့မှပဲ မြင်ရတွေ့ရတာ ရှင်းလင်းနေတော့တယ်ဗျာ၊ မာမီ အလုပ်သမားရပြီ ဖြစ်မယ်"

ထမင်းဝိုင်းမှာ 'ဆောင်း' က ပြောတာပါ။ 'မိုး' က ဘာမှဝင်မပြောဘဲ တိတ်တိတ်လေးပဲ နေလိုက်ပါသည်။

ဘာမှမသိသလိုပေါ့။

"ဟုတ်တယ်၊ အလုပ်သမားရပြီ ကောင်မလေးက ငယ်တယ်၊ မာမီကတော့ အရမ်းကြီး သဘောမကျပါဘူး၊ ဒေါ်စိန်ကလည်း အာမခံတယ်၊ အလုပ်သမားကလည်း အရမ်းလိုအပ်နေတယ်ဆိုတော့လဲ"





**မာမီက** ဆက်မပြောပါ။

"ဘယ်လောက်တောင် ငယ်လို့လဲ သန္တာရာယ်"

ဒက်ဒီက မေးတာဖြစ်သည်။

"ဆယ့်ရှစ်နှစ်တဲ့ မောင့်"

"ဟာ... ဒါ မငယ်ပါဘူး၊ မိစန်းတို့ ခင်ခင်တို့လည်း ဆယ့်ရှစ် နှစ်ဆယ်ဝန်းကျင်တွေပဲဗျာ"

မာမီ ဘာကို သဘောမကျဘူးလဲဆိုတာကို 'မိုး' က သိနေပါသည်။

မိုးက သူမလေးကို တွေ့ထားပြီးပြီလေ၊ သူမလေး အရမ်းလှနေတာကို မာမီ သဘောမကျနိုင်ဘဲ ဖြစ်နေတာပါ။

ဒက်ဒီနဲ့ ဆောင်းကတော့ သူမလေးကို မမြင်ရသေးတော့ မာမီ့စကားကို အံ့သြနေကြပုံ ရပါသည်။

"မတူဘူး မောင်ရေ၊ ကောင်မလေးက ရုပ်ကလေး ချောလွန်းတော့ သန္တာ သိပ်သဘောမတွေ့ဘူး၊ ကိုယ့်မှာက သား လူပျိုနှစ်ယောက် ရှိတယ်လေ"

"ဟာဗျာ မာမီကလည်း သူများတွေကြားရင် ကျွန်တော်တို့ကပဲ ချောချောလှလှမြင်ရင် နှာဘူးထတယ်လို့ ထင်ကုန်တော့မှာပဲဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းက ပြောတာပါ။

"ဟုတ်သားပဲ သန္တာရယ်"

"သားတွေကို ယုံပါတယ်"

"ဟော... မင်းစကားက ပိုဆိုးသွားပြန်ပြီ သန္တာ၊ သားတွေကို ယုံပါတယ်ဆိုတော့ တစ်ဖက်က မိန်းကလေးကို မယုံဘူးဆိုတဲ့သဘော သက်ရောက်မနေဘူးလား"

"မောင်ကလည်း..."

မာမီနဲ့ ဒက်ဒီ ပြောနေတာကို နားထောင်ရင်း မိုး ရင်ထဲမှာ မကောင်းလှပါ။

ဘွားဘွားလိုပဲ သူလည်း သူမလေးကို သနားကြင်နာနေမိတာမို့ မာမီရဲ့ သဘောထားကို မကြိုက်ချင်ပါ။

မာမီ ဒီလောက်ပြောရင် ဘယ်အထိ ရည်ရွယ်တယ်ဆိုတာကို သူ ကောင်းကောင်းသိပါသည်။ ဒါ သူနဲ့ ဆောင်းကို တားမြစ်တာပါ။

မိုးက သက်ပြင်းခိုးချမိသွားပါတော့သည်။

* * *



BURMESE CLASSIC

## အခန်း (၁၁)

သင်းရနံ့ရဲ့ ရင်ထဲမှာ ထူးထူးဆန်းဆန်း ခံစားနေရပါသည်။

တကယ်ပါပဲ။ အဘွားကို တွေ့လိုက်တာ သင်း ရင်ထဲမှာ နွေးထွေးလုံခြုံသွားရသလိုပါ။ အဘွားကို ကြည့်ရတာ ရင်ထဲမှာ အေးချမ်းပြီး အဘွားဆီက မေတ္တာတွေကို ရရှိမိသလို ခံစားရပါသည်။

ဒါ ဘာကြောင့်လဲဆိုတာ သင်းလည်းမစဉ်းစားတတ်တော့။ အဘွားကို တွေ့တော့ ရင်ထဲမှာ နွေးထွေးသည်။

ကိုကိုကြီးကို တွေ့ရတော့ သင်းရဲ့ ရင်ခုန်သံတွေ ဆူညံရသည်။ သင်းတော့ ရူးတော့မယ် ထင်ပါရဲ့တွယ်။

အခုလည်း သင်းက အခန်းထဲမှာ တစ်ယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်စွာနဲ့ အတွေးနယ်ချဲ့နေမိတော့တာ။ ကိုကိုကြီးကို ရင်ခုန်တာရယ်၊ အဘွားကို တွေ့တော့ နွေးထွေးသွားတာရယ်၊ အဲ့ဒါတွေကို သင်း ဘယ်လို ခံစားနားလည်ရတော့မှာလဲကွယ်။

အဘွားကို တွေ့ပြီး စကားတွေပြောလိုက်တာနဲ့ အရမ်းရင်းနှီးနီးကပ်သွားသလို ခံစားရတာပါ။

တကယ်ပါပဲ...

သွေးသားရင်းချာလိုမျိုးပါ။ သူများတွေကို ပြောပြမိရင် သင်းကို မဲ့ရွဲ့ကဲ့ရဲ့ကြမှာ သေချာပါသည်။

သူဌေးမကြီးကို ဖားတယ်၊ အကွက်ဆင်တယ်ဆိုပြီးတော့ပေါ့။ ဒါကြောင့် သင်းက ကိုယ့်ခံစားချက်ကို ကိုယ်သိမ်းဆည်းထားဖို့ပဲ စိတ်ကူးလိုက်ပါသည်။

ထိုအချိန်တွင် 'မိုး' က ဒက်ဒီရဲ့ အလုပ်ခန်းထဲဝင်သွားပါသည်။ ဘွားဘွားအကြောင်း ပြောပြဖို့ပါ။

ဒါပေမဲ့ သူဝင်သွားတော့ ဒက်ဒီက မရှိပါ။ ဒါနဲ့ပဲ သူက ပြန်ထွက်လာပြီး ဘွားဘွားဆီသွားဖို့ လုပ်တော့ ဒက်ဒီက ဘွားဘွား ရဲ့အခန်းထဲ ရောက်နေပါသည်။

ဒါနဲ့ပဲ သူလည်း ဘွားဘွားဆီ မဝင်ဖြစ်တော့ဘဲ နေလိုက်ရပါတော့သည်။





ဆောင်းက သီချင်းတဲကြော်ကြော်နဲ့ပါ။

"ဟော့ကောင် ဘာဖြစ်နေတာလဲ"

"ပျော်နေတာပေါ့ ကိုကို၊ အချစ်ကြောင့် ပျော်နေတာ ပေါ့ဗျာ၊ ဒီနေ့ပဲ အချစ်ကို ကျွန်တော် တွေ့လိုက်တာ"

"ဟင်..."

မိုးရဲ့ ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားရသည်။ ဆောင်း သူမလေးကို တွေ့သွားပြီလားဆိုတဲ့ သံသယအတွေးက မိုး ကို နှိပ်စက်ပါတော့သည်။

ရင်ထဲမှာ ပူစပ်ပူလောင်နဲ့ ဖြစ်နေရတော့တာ။ ဆောင်း ကလည်း တကယ်ပဲ မြူးကြွသွက်လက်နေပါသည်။

"အချစ်ဆိုတာ တကယ် တန်ခိုးကြီးတာနော် ကိုကို မယုံမရှိနဲ့ဗျ ကိုကိုရော အချစ်နဲ့ မတွေ့သေးဘူးလား တွေ သင့်နော်၊ လူ့ဘဝဆိုတာ အချစ်ရှိမှ ပြည့်စုံတာဗျ အဟွန်း... ဟွန်း"

"မင်းက အချစ်ကို ဘယ်မှာရှာတွေ့တာလဲ"

မိုးက သံသယနဲ့ သွေးတိုးစမ်းလိုက်တာ ဖြစ်သည်။

"အဝေးကြီးမှာ မဟုတ်ဘူး ကိုကို၊ နီးနီးလေးလေးမှာ ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်..."

သူ့ရင်ခုန်သံတွေက ဒိုင်းခနဲ မြည်သွားရတော့တာ သေချာနေပါပြီ။ ဆောင်းကတော့ သူမလေးကို တွေ့သွားပြီး မြူးကြွသွက်လက်နေတာပါ။

စိုးရိမ်စိတ်နဲ့ အသက်ရှူရတာတောင် မကောင်းချင်တော့ ဆောင်းက သွက်လက် မြူးကြွနေလေ သူ့မှာ စိတ်ပူနေရလေလေပါ။

"ကျွန်တော် အပြင်သွားဦးမယ် ကိုကို"

ဆောင်းက ပြောလည်းပြော သွားလည်းသွားတာပါ။

သူ့မှာသာ ရင်ပူပြီး ကျန်ရစ်ခဲ့ရပါတော့သည်။ ဒီတော့မှပဲ မိုးက သူ့ကိုယ်သူ မေးခွန်းထုတ်မိတော့သည်။

ဘာဖြစ်လို့ ဆောင်းနဲ့ သူမလေး တွေ့သွားမှာ၊ ချစ်သွားမှာကို စိတ်ပူနေရတာလဲ။

အဖြေကတော့ ရှင်းရှင်းလေးပါ။ သူမလေးကို သူ စိတ်ဝင်စားနေမိလို့ပဲပေါ့။ သူ ရင်ခုန်နေမိလို့ပဲပေါ့။

ဒါပေမဲ့ ရှင်းနေတဲ့အဖြေကို တိတိကျကျပေးရမှာလည်း 'မိုး' က တွန့်ဆုတ်နေမိပြန်ပါသည်။

အခန်းထဲရောက်တော့ ဒီအခန်းကို သူမလေး ရှင်းပေး





သွားတာပဲဆိုတဲ့အသိနဲ့ သူ့ရင်ထဲမှာ တသိမ့်သိမ့် လှုပ်ခါသွားရပြန်ပါသည်။

သူမလေး ပြန်ပြင်ခင်းပေးသွားတဲ့ အိပ်ရာပေါ်မှာ အိပ်ရင်း သူမလေးရဲ့အလှတွေကို စိတ်ကူးနဲ့ ပြန်ခံစားရတာကိုကပဲ သူ့အတွက်တော့ ဆန်းသစ်တဲ့ ခံစားမှုတစ်ခု ဖြစ်နေရပါတော့သည်။

စိတ်ဝင်စားတာ ရင်ခုန်တာကို ဝန်ခံနိုင်ပေမယ့် မိုးက အဲ့ဒါတွေကို အချစ်လို့တော့ မထင်မိသေးပါ။

အချစ်ဆိုတာ သတ်သတ်ပဲလို့ သူ့စိတ်ထဲက တွေးနေမိပါတော့သည်။

အဲ့ဒီအချိန်မှာ ဘွားဘွား ဒေါ်မမတင်က သားဖြစ်သူနဲ့ အခန်းတံခါးပိတ်ပြီး တီးတိုးစကား ပြောနေပါတော့သည်။

"သားကြီး..."

"ဗျာ... မေမေ"

"မေမေ သားကြီးကို ခိုင်းစရာတစ်ခုရှိလာပြီကွယ်"

"ဟာ... မေမေရယ် ပြောနေစရာတောင် မလိုပါဘူး၊ ခိုင်းစရာရှိတာပဲ ခိုင်းရောပေါ့ဗျာ"

ဦးကျော်ကိုကိုက မိခင်ဖြစ်သူကို ရယ်မောပြီး ပြော

www.burmeseclassic.com



လိုက်သေမယ့် မိခင်ရဲ့ အမူအရာနဲ့ အပြုအမူတွေ ထူးခြားနေတာကိုတော့ သတိပြုမိပါသည်။

မေမေ့မျက်နှာပေါ်မှာ စိတ်ခံစားမှုရဲ့ အရိပ်တွေ ထင်ဟပ်နေတာကိုလည်း အတိုင်းသား တွေ့မြင်နေရသည်။ ပြီးတော့ အခန်းတံခါးပိတ်ပြီး စကားပြောတာကိုက ထူးခြားနေတာပါ။

"မဟုတ်ဘူး သားကြီး၊ အခု မေမေခိုင်းမယ့်ကိစ္စက အရမ်းအရေးကြီးတယ်"

"ပြောပါ မေမေ"

"သာ အခု အိမ်မှာ သန့်ရှင်းရေးအလုပ်သမားအဖြစ် ရောက်နေတဲ့ ကလေးမလေးရဲ့အကြောင်း မေမေ့ကို စုံစမ်းပေးစမ်းပါကွယ်"

"ဗျာ..."

ဦးကျော်ကိုကိုက တအံ့တသြဖြစ်သွားရပါတော့သည်။

"မေမေ ဒီကလေးမရဲ့အကြောင်းကို သိချင်တယ်"

"ဘာဖြစ်လို့လဲ မေမေ၊ ဒီကလေးမကို မေမေ သဘောမကျလို့လား၊ သန္တာကလည်း သိပ်တော့ သဘောမကျပါဘူး၊ လူလိုနေလို့သာ ခန့်လိုက်ရတာတဲ့ ပြောနေပါတယ်"





မေမေ့မျက်နှာ တင်းခနဲ ဖြစ်သွားတော့ ဦးကျော်ကိုကို ဘာလုပ်ရမှန်းမသိဘဲ ဖြစ်သွားရပါတော့သည်။

"သန္တာ့ကို မင်း ကြည့်ပြောထားကွယ်၊ ဒီကလေးမကို စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် မလုပ်ပါနဲ့လို့"

"ဗျာ..."

"အေး... ပြီးတော့ မင်းစုံစမ်းပေးကွယ်၊ ဒီကလေးမရဲ့ အကြောင်းကို မေမေ သေသေချာချာ သိချင်တယ်"

"ဟို... ဘာကြောင့်လဲဆိုတော့ ကျွန်တော့်ကို ပြောနိုင်မလား မေမေ"

"အဲ့ဒီကလေးမကို သား မတွေ့သေးဘူး မဟုတ်လား"

"ဟုတ်ကဲ့၊ ကျွန်တော် မတွေ့ရသေးပါဘူး မေမေ"

"အေး... သူလေးကိုတွေ့ပြီးရင် မေမေ ဘာကြောင့် စုံစမ်းခိုင်းရတယ်ဆိုတာ မင်း နားလည်သွားလိမ့်မယ်"

မေမေကတော့ လျှို့ဝှက်သည်းဖိုတွေ လုပ်နေတာလို့ တွေးပြီး ဦးကျော်ကိုကိုက စိတ်ထဲကနေ ပြုံးလိုက်မိပါသည်။

"စိတ်ချပါ မေမေ၊ မေမေ သိချင်တာကို ကျွန်တော် စုံစမ်းပေးပါ့မယ်"

"ဒါကို မင်း တစ်ယောက်တည်းပဲ သိပါစေနော်



www.burmeseclassic.com

"ဒီတော့ ..."

"စိတ်ချပါ မေမေ"

"ဟဲ... အခု အဲ့ဒီကောင်မလေးကို မင်း သွားတွေ့ ...လိုက်"

...မေမေကတော့ ဘာတွေများ လုပ်နေပြန်ပြီ မသိပါ။ ...ဒေါ်တစ်ယောက်ကို ဘာကြောင့်များ ရေးကြီးခွင်ကျယ် ...နေတာပါလိမ့်။ ဘာဖြစ်လို့လဲ... ဘာကြောင့်လဲ။

စိတ်ထဲကသာတွေးနေရပေမယ့် အပြင်ဘက်မှာတော့ ...ခိုင်းတာကို လုပ်ရပါတော့သည်။ ဇနီးသည်ကိုလည်း ...လို့ဖြစ်။ အမေက ဘယ်သူမှ မသိစေနဲ့လို့ မှာထား ...သည်။

နောက်ဆုံးတော့ ဦးကျော်ကိုကိုက ဇနီးဖြစ်သူ ဒေါ်သန္တာ ...ခန်းဝင်နေတုန်းမှာပဲ ဒေါ်ပုကတစ်ဆင့် အလုပ်သမား ...ဆိုတဲ့ မိန်းကလေးကို ခေါ်ခိုင်းရပါတော့သည်။

"ဒေါ်ပု အသစ်ရောက်လာတဲ့ အလုပ်သမား ကလေးမ ...ည့်ခန်းထဲ ခဏခေါ်ခဲ့စမ်းဗျာ"

"ဟုတ်ကဲ့ ဆရာကြီး"

ဒေါ်ပု ထွက်သွားတော့ ဦးကျော်ကိုကိုက မေမေ ဘာဖြစ်





တာလဲ၊ ဘာတွေများ ခံစားနေရတာလဲလို့ အတွေးနယ်ချဲ့ ရင်း ကျန်ရစ်ခဲ့ရသည်။ ဘာကိစ္စကိုမှ မေမေ မစပ်စုတော့ တာ ဘယ်လောက် ကြာနေပြီလဲ။ ရှင်းရှင်းနေချင်လို့ဆိုပြီး တော့ အောက်ထပ်က အဆောင်တစ်ဆောင်မှာ အဖော်တစ် ယောက်ရယ်၊ နာ့စ်တစ်ယောက်ရယ်နဲ့ မေမေ နေခဲ့တာ မနည်းကြာနေပါပြီ။

"ဆရာကြီး ရောက်ပါပြီ"

"ဪ... အင်း...အင်း"

အတွေးနဲ့ ငေးနေရာကနေ လှည့်ကြည့်လိုက်တော့ ရို့ရို့လေးရပ်နေတဲ့ ကလေးမလေးကို တွေ့လိုက်ရသည်။

"ထိုင်ကွယ်၊ ကလေးမ နာမည်"

"သင်း... သင်းရနံ့ပါရှင်"

ကလေးမလေးက ခေါင်းလေးမော့ပြီး ဖြေလိုက်တာ မို့ မျက်နှာလေးကို ရှင်းရှင်းလင်းလင်း တွေ့လိုက်ရပြီး ဦးကျော်ကိုကိုက 'ဟင်' ခနဲ ဖြစ်သွားရပါတော့သည်။

တအံ့တသြနဲ့ ကလေးမရဲ့ မျက်နှာကို ကြည့်နေလိုက် မိပြီး မေမေ ဘာကြောင့် ဒီကလေးမရဲ့အကြောင်းကို သိ ချင်ရတာလဲဆိုတာကိုပါ ဦးကျော်ကိုကို ချက်ချင်း သဘော



www.burmeseclassic.com

www.burmeseclassic.com



ပေါက်သွားရပါတော့သည်။

မေမေ ခံစားရသလိုမျိုး ဦးကျော်ကိုကိုလည်း ခံစားရပါတော့သည်။

"အလုပ်လုပ်ရတာ အဆင်ပြေရဲ့လားကွယ်"

"ဟုတ်ကဲ့"

"အေး... အေး လိုအပ်တာရှိရင် ပြောနော်၊ သွားလို့ရပြီ သမီး"

"ဟုတ်ကဲ့"

ကလေးမလေးနဲ့ ဒေါ်ပု ထွက်သွားတာနဲ့ အတွေးတွေ စိတ်လှုပ်ရှားမှုတွေနဲ့ ဦးကျော်ကိုကိုက ကျန်ရစ်ခဲ့ရသည်။

စိတ်လှုပ်ရှားရလွန်းလို့ ရင်ထဲမှာ ကတုန်ကယင်ကြီး ဖြစ်လာရသည်။

ဒီကလေးမက ဘာကြောင့် ညီလေးကျော်ညီညီနဲ့ တစ်ထေရာတည်း တူညီနေရတာလဲ။ တစ်ယောက်တည်း မခံစားနိုင်တော့တဲ့အတွက် ဦးကျော်ကိုကိုက မေမေ့ဆီ ပြေး လာခဲ့လိုက်ပါသည်။

သနားစရာကောင်းတဲ့ မေမေက ငူငူလေး ထိုင်လို့ မျက်ရည်တွေ ကျနေသည်။





"မေမေ..."

ဦးကျော်ကိုကို ခေါ်လိုက်တော့ မေမေက သူ့ကို လှည့်ကြည့်ပါသည်။

"ကျွန်တော်... ကျွန်တော် ကလေးမလေးကို တွေ့ပြီးပြီ မေမေ၊ ညီညီနဲ့ တစ်ပုံစံတည်းပါပဲဗျာ"

"ဒါဆို ဒီကလေးမရဲ့ အကြောင်းကို မေမေ ဘာကြောင့် သိချင်တာလဲဆိုတာ သားကြီးသဘောပေါက်သွားပြီ မဟုတ်လား"

"သဘောပေါက်ရုံတင်မကပါဘူးဗျာ၊ ကျွန်တော်လည်း မေမေ့လိုပဲ အရမ်းသိချင်နေမိပါပြီ"

ဦးကျော်ကိုကိုတို့သားအမိနှစ်ယောက်က တစ်ယောက်မျက်နှာ တစ်ယောက် ငေးကြည့်ပြီး အတိတ်ဆီကို စိတ်တွေ ရောက်သွားရတော့တာ။

တကယ်တော့ ဦးကျော်ကိုကိုက ဒေါ်မမတင်ရဲ့ မွေးစား သားပါ။ သားသမီး မထွန်းကားနိုင်ဘဲ အိမ်ထောင်သက်ရှည် ကြာလာတဲ့အတွက် ဒေါ်မမတင်တို့ လင်မယားက ကလေး တစ်ယောက်ကို မွေးစားခဲ့ကြတာပါ။

မွေးစားသားဖြစ်တဲ့ ကျော်ကိုကိုလေးကို လင်မယား



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်စလုံး တုန်နေအောင် ချစ်ကြပါသည်။ မွေးစားသား လို့တောင် လုံးဝ အပြောမခံခဲ့ပါ။ ဒါပေမဲ့ ငါးနှစ်သားလေး ကို မွေးစားထားတာဆိုတော့ ကလေးကလည်း မွေးစားသား ဆိုတာကို သိနေပါသည်။

ကျော်ကိုကိုလေးကလည်း မွေးစားမိဘတွေကို အရမ်း ချစ်ပါသည်။ ကျော်ကိုကို ဆယ့်ငါးနှစ်အရွယ်ကို ရောက်တော မှ ဒေါ်မမတင်က ကိုယ်ဝန်ဆောင်ပြီး သားလေးတစ်ယောက် ထပ်မွေးသည်။

သားကြီးက ကျော်ကိုကိုဆိုတော့ သားငယ်ကိုတော့ ကျော်ညီညီလို့ နာမည်ပေးလိုက်လိုက်ပါသည်။

သားငယ်ကျော်ညီညီက အရမ်းချော အရမ်းလှပြီး ငယ်ငယ်လေးကတည်းက ခေါင်းမာဖွဲကြီးတဲ့ ကလေးဖြစ် သည်။ သားကြီးက လိမ္မာသလောက် သားငယ်က ဆိုးပေ သည်။

ဒေါ်မမတင်မှာ သားကြီးကြောင့် စိတ်အေးချမ်းခဲ့ရ သလို သားငယ်နဲ့ကျမှပဲ စိတ်ပူလောင်ရတော့သည်။

သားကြီးကလည်း သူ့ညီလေးကို ဆုံးမသွန်သင်တာ ပါပဲ။ ဒါပေမဲ့ ဗွေဆိုးနဲ့ မွေးလာလို့လားမသိပါ။ ဆယ့်ငါး





နှစ်သားလောက်မှာ အကုန်တတ်နေပြီ။

ပိုက်ဆံဆိုလည်း သုံးလိုက်တာ သောက်သောက်လဲ ဆယ်တန်းစာမေးပွဲကျလို့ အဖေနဲ့ ပြဿနာတက်တဲ့နှစ်မှာ ပဲ သားငယ် ကျော်ညီညီက အိမ်မှနေ ထွက်ပြေးသွားပါ တော့သည်။

အိမ်က ထွက်ပြေးသွားတဲ့ ဆယ့်ခြောက်နှစ်သားကို ဘယ်မှာမှ ရှာလို့မရတဲ့အဆုံးမှာ ဖခင်ဖြစ်သူလည်း စိတ် ထောင်းကိုယ်ကြေဖြစ်ပြီး အိပ်ရာထဲမှာ လဲတော့သည်။ မိခင် ဒေါ်မမတင်မှာတော့ လင်အတွက်ပူရ သားအတွက်ပူရနဲ့ အရူးတစ်ပိုင်းပါ။

ကျိုကျိုတက်ချမ်းသာပေမယ့် ချမ်းသာတာတွေကလည်း ဘာမှလုပ်မပေးနိုင်ပါ။ သားငယ်က သူ့ကို မချစ်ဘူး၊ သူ့ကို မလိုချင်ကြဘူး၊ သူ့ကိုဆို လုပ်သမျှ အပြစ်မြင်ကြ တယ်။

ကိုကိုကြီးကိုပဲ ချစ်ကြတယ်။ သူကတော့ ဒီအိမ်ရဲ့ အမှိုက်ပဲလို့ပြောပြီး ထွက်သွားခဲ့လိုက်တာ ဖခင်ဆုံးသွားတော့ လည်း ပြန်ရောက်မလာ လိုက်ရှာတော့လည်း ရှာလို့မတွေ့၊ ဘာသတင်းမှမရဘဲ စုတ်စမြုံတစ်စ ပျောက်ကွယ်သွားခဲ့တာ

www.burmeseclassic.com



ဒီနေ့ အထိပါပဲ။

သင်းရန့်ဆိုတဲ့ ကလေးမက သားငယ်နဲ့ အရမ်းတူနေတဲ့ အပြင်၊ အိမ်မှာ လူပိုဖြစ်နေလို့ အမေက မချစ်တော့လို့ ထွက်လာပြီး ဒီမှာ အလုပ်လုပ်တာပါလို့ပြောတဲ့ ပုံစံကအစ သားငယ်နဲ့တူနေတာမို့ ဒေါ်မမတင်ခမျာ ခံစားနေရတာဖြစ်ပါသည်။

"သားကြီး မင်း ဘယ်လိုထင်လဲဟင်၊ မေမေ့ကို ပြောစမ်းပါဦးကွယ်"

"ကျွန်တော့်အထင်တော့ ဒီကလေးမဟာ ညီညီ့သမီးလေးများ ဖြစ်နေမလားဘဲ မေမေ၊ ညီရလေးက သူ့သမီးကို မေမေ့အနား တမင်လွှတ်တာများလား"

ဒေါ်မမတင်က ခေါင်းခါယမ်းလိုက်မိသည်။ ဖြစ်မှ မဖြစ်နိုင်တာ။

"ဒါဆို မင်း ဒီကလေးမကို ဘာမှမမေးရသေးဘူးပေါ့"

"ဟုတ်ကဲ့ မေမေ၊ ကျွန်တော် ဘာမှမမေးရသေးပါဘူး"

"မေမေ မေးကြည့်ပြီးပြီ၊ သူလေးရဲ့အမေက နောက်အိမ်ထောင်နဲ့တဲ့၊ နောက်အိမ်ထောင်နဲ့ မွေးထားတဲ့ကလေးတွေလည်း ရှိတယ်တဲ့၊ သူ့အမေရဲ့ မိသားစုထဲမှာ လူပို ဖြစ်နေ





လို့ ဒီမှာ အလုပ်လာလုပ်တာတဲ့"

"သေချာပါပြီဗျာ၊ ဒါ ညီလေးရဲ့ သွေးပဲဖြစ်မှာပါ"

"မေမေ့ကို သေသေချာချာစုံစမ်းပေးပါ သားကြီးရယ်"

"စိတ်ချ မေမေ၊ ကျွန်တော်စုံစမ်းပေးပါ့မယ်"

ဒေါ်မမတင်တို့ သားအမိနှစ်ယောက်က စိတ်လှုပ်ရှားမှုကိုယ်စီနဲ့ပါ။

"သားကြီး အသက်က ခြောက်ဆယ်ကျော်ပြီနော်"

"ဟုတ်ကဲ့၊ မေမေ ခြောက်ဆယ့်နှစ်နှစ်ပါ"

"သားငယ်က မင်းထက် ဆယ့်ငါးနှစ်တောင် ငယ်တာဆိုတော့ သားငယ်ကလေး ဆယ့်ခုနစ်နှစ်လောက်ရှိရောပေါ့၊ မေမေ တွေ့ချင်လိုက်တာကွယ်"

"ကျွန်တော် အမြန်ဆုံး စုံစမ်းပေးပါ့မယ် မေမေ၊ မနက်ဖြန်ခါပဲ ဒေါ်စိန့်ဆီသွားပြီး ဒီကလေးမရဲ့အမေဆိုတာကို သွားရှာပါ့မယ်"

"ကျေးဇူးတင်ပါတယ် သားကြီးရယ်"

ဦးကျော်ကိုကိုက မိခင်ရဲ့ မျက်ရည်တွေကို သုတ်ပေးလိုက်ပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

အလုပ်သာလုပ်နေရပေမယ့် သင်းရန့်ရဲ့ အတွေးတွေကတော့ ဒေါ်ပုပြောတဲ့ စကားတွေဆီပဲ ရောက်နေရတော့တာ။

"သင်းရန့်ရေ ဆရာကြီးက ညည်းကိုခေါ်တွေ့တာ တော်တော်ထူးဆန်းတာပဲ၊ ဘယ်တုံးကမှ ဒီလို မရှိခဲ့ဘူး" လို့ ဒေါ်ပုက တအံ့တဩပြောခဲ့တာပါ။ သင်းကိုယ်တိုင်လည်း အံ့ဩနေမိပါသည်။

အိမ်ရှင်သူဌေးရဲ့ သင်းကို ငေးကြည့်တဲ့ အကြည့်တွေက ထူးဆန်းလွန်းနေလို့ပါ။ သင်းကတော့ ကိုကိုကြီးနဲ့ ပတ်သက်ပြီး ရင်ခုန်နေရသူမို့ ကိုယ့်ဘာကိုယ်ယက်ပြီးတော့ စိတ်ကူးယဉ်နေမိသည်။





ကိုကိုကြီးက သင်းကို မြင်မြင်ချင်း ချစ်ခင်စွဲလမ်းသွားပြီး သူ့အဘွားနဲ့ အဖေ့ကို ဖွင့်ပြော။

အဘွားနဲ့ အဖေက သင်းကို ခေါ်တွေ့ပြီး သဘောကျပါတယ်ဆိုပြီးတော့ ကိုကိုကြီးနဲ့ သဘောတူပေး...

ဒါဆိုရင် ဘယ်လောက်ကောင်းလိုက်မလဲနော်၊ စိတ်ကူးလေးယဉ်ရင်း သင်းရန့် မျက်နှာလှလှလေးက ပြုံးနေပါတော့သည်။

"သင်းရန့်ရေ..."

"အမယ်လေး လန့်လိုက်တာ မစန်းရယ်"

"မောလိုက်တာဟာ၊ နင့်ကို အဘွားခေါ်နေတယ် သွားလိုက်ဦး"

"ဟင်... ဟုတ်လား"

သင်း ရင်ထဲမှာ ထိတ်ခနဲပါ။

"ဟုတ်လားတွေ ဘာတွေ လုပ်မနေနဲ့ မြန်မြန်သွား"

"အင်း... အင်း"

မျက်နှာလှလှလေးမှာ ချွေးစို့နေရင်းနဲ့ပဲ သင်းက အပေါ်ဆုံးထပ်ကနေ အောက်ဆုံးထပ်ကို ဆင်းလာခဲ့ရပါတော့သည်။

ဒေါ်မမတင်က ခင်ခင်နဲ့ နာစ့်မလေးကို အခန်းအပြင်



www.burmeseclassic.com

www.burmeseclassic.com



မှာ ထွက်နေခိုင်းလိုက်သည်။ ဒီအတိုင်းကြီး ထွက်နေခိုင်းတာတော့ မဟုတ်ပါ။ အလုပ်ခိုင်းပြီး ထွက်နေခိုင်းတာပဲ ဖြစ်သည်။

"ဘွားဘွား ရောက်ပါပြီရှင့်"

"လာ... လာ ထိုင်၊ ဒီခုံမှာလာထိုင်"

ဒေါ်မမတင်က အနီးဆုံးခုံမှာ ထိုင်ခိုင်းလိုက်တော့ ကလေးမလေးက မဝံ့မရဲနဲ့ ဝင်ထိုင်ပါသည်။

အို... ကြည့်လေ တူလေပါပဲကွယ်။ မျက်လုံး၊ နှုတ်ခမ်း၊ မျက်နှာအကျအားလုံးက သားလေးကျော်ညီညီနဲ့ တစ်ပုံစံထဲပါ။

"သမီးလေးရဲ့အဖေနာမည်က ဘယ်လိုခေါ်လဲကွယ်"

"ဟို... အဖေအရင်းရဲ့ နာမည်လား ဘွားဘွား"

"အင်းပေါ့"

"ဦးလှမှန်းတဲ့"

"ဟင်..."

"အမေ့နာမည်က ဒေါ်စံပယ်ပါ"

ဒေါ်မမတင်က ဦးလှမှန်းဆိုတဲ့နာမည်ကြောင့် စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်သွားရပါသည်။ မျှော်လင့်ထားတာ





က ကျော်ညီညီဆိုတဲ့ နာမည်မဟုတ်လား။

"သမီးအဖေအရင်းက ရှိနေသေးလား"

"ဟင့်အင်း... ဆုံးသွားပါပြီ ဘွားဘွား"

"အို..."

စိတ်ထိန်းနေတဲ့ကြားထဲက မူးမိုက်သွားတာမို့ ဒေါ်မမတင်က မျက်စိမှိတ်ထားလိုက်ရသည်။

"အဘွား... အဘွား နေကောင်းရဲ့လားဟင်၊ ဘာလုပ်ပေးရမလဲ"

သင်းရနံ့က ထိတ်ထိတ်ပျာပျာလေး ဖြစ်သွားရတော့တာ။ အဘွားရဲ့ပုံစံက ချက်ချင်းဖြူဖျော့သွားတာမို့ စိတ်ပူပင်သွားရပါတော့သည်။

"ကောင်းပါတယ်ကွယ်၊ နည်းနည်းမူးသွားလို့ပါ"

"သင်း ဘာလုပ်ပေးရမလဲ"

"ရပါတယ်ကွယ်၊ ဆရာမကိုပဲ ခေါ်ပေးပါ၊ ပြီးရင် သမီး နားနေလိုက်၊ အလုပ်ပင်ပန်းတာတွေ မလုပ်နဲ့"

"ရှင်..."

သင်းရနံ့က ဆရာမကို ထွက်ခေါ်ပေးလိုက်သည်။ ပြီးတော့ အဘွားကို စိတ်ပူပေမယ့် အဘွားရဲ့အခန်းထဲမှနေ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ထွက်လာခဲ့ရပါသည်။

သင်းက အလုပ်သမားမဟုတ်လား၊ တော်ကြာ ဘေးလူတွေက တစ်မျိုးထင်ကုန်မှာမျိုး မဖြစ်ချင်ပါ။ သင်းရင်ထဲမှာ အဘွားကို တကယ့် ကိုယ်သွေးသားလို ခံစားရပေမယ့် ဘေးလူတွေကတော့ တစ်ခုခုရလိုမှုနဲ့ အတင်းလိုက်ကပ်နေတယ်လို့ ထင်ချင်ထင်ကြမှာ မဟုတ်လား။

ဒါကြောင့် သင်းက ကိုယ့်အလုပ်ပဲ ကိုယ်ပြန်လုပ်ဖို့ ပြင်ဆင်လိုက်ပါတော့သည်။ သင်း အပြင်ထွက်လိုက်တာနဲ့ ဒေါ်သန္တာကို ရုတ်တရက်ကြီး တွေ့လိုက်ရသည်။ တကယ်တော့ ဒေါ်သန္တာက အရေးကြီးတဲ့ ပစ္စည်းတစ်ခု အိမ်မှာ ပြန်လာယူတာပါ။

အဘွားကြီးရဲ့ အဆောင်ထဲကနေ အလုပ်သမားကောင်မလေး ထွက်လာတာကို တွေ့လိုက်တော့ ရင်ထဲမှာ ခုသွားရသည်။

"ဟိတ်... ညည်းက ဘာဖြစ်လို့ ဒီအခန်းထဲ ဝင်ရတာလဲ"

သင်းရန့်က ဆတ်ခနဲ တုန်သွားရသည်။

"ဟို... ဟို... အဘွား... အဘွား ခေါ်လို့ပါရှင်"





"ခေါ်လို့သွားတာဆို ပြီးရော၊ မင်းရဲ့သဘောနဲ့တော့ စပ်စပ်စုစု လျှောက်မသွားနဲ့ ကြားလား"

"ဟုတ်ကဲ့"

သင်းက ခေါင်းလေးငုံ့ပြီး သန့်ရှင်းရေး လုပ်နေတဲ့ အပေါ်ဆုံးထပ်ကို ပြန်တက်လာခဲ့ပါတော့သည်။

ထိုအချိန်တွင် ဦးကျော်ကိုကိုကလည်း ဒေါ်စိန်နဲ့ သွားတွေ့ဖို့ ဟန်ပြင်နေပါသည်။ ခက်တာက ဒေါ်စိန်ဆိုတဲ့ အိမ်ဖော်ပွဲစား အမျိုးသမီးကို ဘယ်လိုဆက်သွယ်ရမယ်ဆိုတာ သူ မသိပါ။

ကိုယ်နဲ့ မဆိုင်တဲ့အတွက် မသိတာ ဘာမှမဆန်း၊ ဇနီးကို မေးရင်လည်း တန်ပြန်မေးခွန်းတွေနဲ့ ဒုက္ခရောက်နိုင်ပါသည်။ မေမေက ဒီကိစ္စကို သန္တာ့ကို သိစေချင်ပုံ မရပါ။ ဘာလုပ်ရမလဲ၊ ဘယ်လိုအကြောင်းပြချက်နဲ့ ပွဲစားဒေါ်စိန်ရဲ့ လိပ်စာကို တောင်းရမလဲ၊ ဒါကိုပဲ စဉ်းစားနေရပါတော့သည်။

"သန္တာ"

"ပြောလေ မောင်"

"ကိုယ့်သူငယ်ချင်း ကိုသူရကြီး သန္တာသိတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"သိတယ်လေ၊ ဘာလဲ သေပြီလား"

"ဟာ... ပေါက်ပေါက်ရှာရှာကွာ၊ ကိုသူရကြီးရဲ့ အမျိုးသမီးက အိမ်ဖော်လိုချင်လို့တဲ့၊ အဲ့ဒါ ပွဲစားကောင်း ကောင်းဆိုလို့ဗျာ သန္တာ့ဆီမှာ ရှိတဲ့အကြောင်း ပြောပြလိုက်တယ်"

"အဲ့ဒီတော့..."

"ပွဲစားဒေါ်စိန်ကို ဆက်သွယ်လို့ရမယ့် ဖုန်းနံပါတ်လေး ပေးပါလား၊ ကိုယ် ကိုသူရကြီးကို ပေးချင်လို့"

"ဒါများ ရှည်ရှည်ဝေးဝေးတွေ ပြောနေရသလား မောင်ရယ်၊ ပွဲစားဒေါ်စိန့် ဖုန်းနံပါတ်ပေးစမ်းဆိုရင် ပြီးနေတာပဲ"

ပြောပြောဆိုဆိုပဲ ဇနီးသည်က ဒေါ်စိန်ရဲ့ ဖုန်းနံပါတ်ကို ပေးပါသည်။ ဒီတော့မှပဲ သက်ပြင်းချလိုက်ရတော့သည်။

ကိုယ့်ဘက်က ဖုံးထားရတာလေးတွေ ရှိတာကြောင့် ရှည်ရှည်ဝေးဝေးတွေ ပြောပြီး ဖုန်းနံပါတ်တောင်းရတာပါ။

"မောင့်သူငယ်ချင်းအိမ်က လူအရမ်းလိုနေရင် အိမ်ကို အသစ်ရောက်လာတဲ့ ကောင်မလေး ပေးလိုက်ပါလား!"

ဦးကျော်ကိုကိုက အလန့်တကြား ဖြစ်သွားရတော့တာ။





"ဘာဖြစ်လို့လဲ သန္တာ"

"ဩော်... ဘာရယ်မဟုတ်ပါဘူး၊ မေမေ့အခန်းထဲ ဝင်ထွက်သွားလာနေတာ တွေ့ရလို့ပါ၊ တော်ကြာ မေမေ့ကို အပိုင်ပေါင်းပြီး သားတွေကို ရအောင်ကြိုးစားသွားရင် ဘယ်လို လုပ်မလဲ"

"မင်းကွာ သူများကို အထင်သေးစကား မပြောပါနဲ့၊ မေမေက အဖော်မရှိလို့ စကားခေါ်ပြောတာလား၊ ဒါမှမဟုတ် တစ်ခုခု ခေါ်ခိုင်းတာလားပဲ"

"သန္တာကတော့ သားနှစ်ယောက်အတွက် စိတ်မချပါဘူး မောင်ရယ်၊ တော်ကြာ အောက်တန်းစားတွေနဲ့ အကြောင်းပါသွားရင် မခက်ဘူးလား"

ဦးကျော်ကိုကိုက ဇနီးသည်ကို စိတ်တိုသွားတာမို့ ခပ်ဆတ်ဆတ်ပဲ ပြောလိုက်သည်။

"အောက်တန်းစားဆိုတာ ဘာကိုပြောတာလဲ သန္တာ၊ ပိုက်ဆံမချမ်းသာတာနဲ့ပဲ အောက်တန်းစား ဖြစ်ရရောလား၊ သူများတကာတွေကို ထိခိုက်စေမယ့်စကားတွေ မပြောပါနဲ့ကွာ"

"အင်း... သန္တာ မှားသွားပါတယ် မောင်၊ သားတွေ



www.burmeseclassic.com

www.burmeseclassic.com



အတွက် စိတ်ပူပြီးတော့ပါ။ အမေဆိုတာ သားသမီးအတွက် အကောင်းဆုံးတွေကိုပဲ တွေ့ချင် မြင်ချင်တာ မဟုတ်လား"

"တရားရှိပါ သန္တာ၊ မေမေက ဒီကလေးမလေးကို ခေါ်ပြောဆက်ဆံတာနဲ့ပဲ မင်းရဲ့သားတွေအတွက် စိတ်ပူနေစရာအကြောင်း မရှိပါဘူး၊ မင်းရဲ့သားတွေဟာ ငါ့အမေရဲ့ မြေးတွေပါပဲ"

ခင်ပွန်းသည်က စိတ်တိုသံနဲ့ ပြောတာမို့ ဒေါ်သန္တာက အသာလေးပဲ လျှော့ထားလိုက်ရပါတော့သည်။

ယောက္ခမကြီးက အရမ်းချမ်းသာသည်။ ဘယ်လောက် ချမ်းသာတယ်ဆိုတာ ခန့်မှန်းလို့တောင် မရ၊ ခင်ပွန်းသည် ကလည်း သူ့အမေမှ သူ့အမေ သဲသဲလှုပ်နေတာပါ။

ဒီတော့ ဒေါ်သန္တာက အတိုက်အခံ မလုပ်ရဲ၊ ဒေါ်သန္တာတို့ ချမ်းသာပြည့်စုံနေတာ၊ အလုပ်တွေ အများကြီးနဲ့ တင့်တယ်နေရတာလည်း ယောက္ခမကြီးကြောင့်လေ။

သားနှစ်ယောက်ရမယ့် အမွေတွေကလည်း နည်းနည်းနောနော မဟုတ်။ ဒီတော့ ယောက္ခမ စိတ်ကွက်အောင် လုပ်လို့မရပါ။ ဒီကလေးမကိစ္စကိုလည်း အသာလေး လွှတ်ပေးထားမှပဲ ဖြစ်ပါတော့မည်။





ဦးကျော်ကိုကိုက ခပ်တည်တည်ပဲ နေလိုက်ပါသည်။ ဒီမိန်းမက ဒီလို ပြတ်ပြတ်တည်တည်လုပ်မှရတဲ့ မိန်းမမျိုး မဟုတ်လား။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

ရုံးဆင်းတာနဲ့ ဆောင်းက ရုံးခန်းထဲမှနေ အလောတကြီးပဲ ထွက်လာခဲ့လိုက်သည်။ ဒေလီယာ့ဆီ သွားရမယ်လေ။

ကိုကိုကလည်း အရေးတကြီးထွက်လာတာမို့ ဆောင်းက အံ့သြသွားရသည်။

"ဟော့ကောင်… ပျာယာခတ်နေတာပဲ ဘာဖြစ်နေတာလဲ"

"အမြန်ပြန်ပြီး အချစ်မျက်နှာကို ကြည့်ချင်လို့ပေါ့ ကိုကိုရာ အဟွန်း… ဟွန်း"

ဆောင်းက ဒီလိုပြောတော့ ကိုကို့မျက်နှာ ပျက်သွားတာကို တွေ့ရသည်။





ဘာလဲလို့ စဉ်းစားယူရတဲ့အထိပါပဲ။ သူက အချစ်မျက်နှာကို ကြည့်ချင်လို့ပေါ့လို့ ပြောတာနဲ့ပဲ ကိုကိုက မျက်နှာပျက်ရတာ ဘာဖြစ်လို့လဲ။

"မင်း တကယ်ပြောနေတာလား ဆောင်း"

"ဟင်… ဘာလဲ ကိုကို"

"အဲဒီကောင်မလေးကို မင်း တကယ်ချစ်တာလားလို့ မေးနေတာ"

"ချစ်တာပေါ့ ကိုကိုရာ၊ တကယ်မချစ်ဘဲနဲ့ ကျွန်တော်က ဘာလုပ်ရမှာလဲ"

သူပြောတော့ ကိုကို့မျက်နှာက ပိုပျက်သွားသည်။

"မာမိက သဘောတူမယ်ထင်လို့လား"

"ဟာ… ကျွန်တော့် အချစ်ရေးကို ကျွန်တော့်ဘာသာ ဆုံးဖြတ်မှာပေါ့ ကိုကိုရာ၊ မာမိက မှားနေရင်သာ ပြင်ဆင်ဖို့ ပြောနိုင်တယ်လေ"

"မဟုတ်သေးဘူး၊ မင်းကရော တကယ်ပဲ လက်ထပ်နိုင်မှာမို့လို့လား"

"ဟာ… သေချာတာပေါ့ ကိုကိုရာ၊ လက်မထပ်နိုင်ဘဲ ကျွန်တော်က မချစ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



မိုးက ဘာပြောရမှန်း မသိတော့ဘဲ ဖြစ်သွားရပါတော့သည်။

ရင်ထဲမှာလည်း ခံစားလိုက်ရသည်။ ဆောင်းက သူမလေးကို တကယ်ချစ်နေတာပဲ။ ဒီလို ရဲရင့်တဲ့စကားကို ကြားလိုက်ရတော့ သူ့နှလုံးသားရဲ့ အမှန်တရားကို သူ့ဘာသာသူ ပြန်မြင်လိုက်မိပါသည်။

သင်းရနံ့ဆိုတဲ့ မိန်းကလေးကို သူ တကယ်ချစ်မိနေတာပါ။ ဒါပေမဲ့ ဆောင်းကလည်း ချစ်နေပြီဆိုတော့ သူ့ခံစားချက်တွေကို မျိုသိပ်ထားရဖို့ပဲ ရှိပါတော့သည်။

"မင်း ဖွင့်ပြောပြီးပြီလား ဆောင်း၊ မင်း အချစ်ကိုရော သူက လက်ခံပြီလား"

"ဖွင့်လည်းပြောပြီးပြီ လက်လည်းခံပြီးပြီ၊ နေပါဦး ကျွန်တော်နဲ့ ဒေလီယာ့ကိစ္စကို ဘယ်လိုလုပ်ပြီး ကိုကို သိနေတာလဲ"

"ဟင်..."

ဒီတော့မှ 'မိုး' က ရယ်ချင်သွားရပါတော့သည်။ သူက **သင်းရနံ့ကို** ရည်ရွယ်ပြီး ပြောနေတာလေ။ အခု ဆောင်း **ပြော**တာက 'ဒေလီယာ' တဲ့ သူတောင်မှ မသိတဲ့နာမည်ပါ။





ဒါပေမဲ့ ကိုယ်က ရမ်းမိပြီမို့ ချော်လဲရောထိုင် လုပ်ရပါတော့သည်။

"တိတိကျကျတော့ မသိဘူးပေါ့ကွာ၊ ဒါပေမဲ့ မဖြစ်သင့်တာ မဖြစ်ရအောင် ပြောရတာပါ"

"စိတ်ချ ကိုကို၊ ကျွန်တော်နဲ့ ဒေလီယာက ဖြစ်သင့်လို့ဖြစ်ရတာဗျ၊ သွားမယ်နော် ကျွန်တော့်အချစ်ကလေး စောင့်နေပြီ"

ဆောင်း ထွက်သွားတော့မှပဲ မိုးက သက်ပြင်းချလိုက်မိတော့သည်။

တော်ပါသေးရဲ့။ အခုမှပဲ ရင်ထဲမှာ အေးချမ်းသွားရပါတော့သည်။ မဖြစ်ပါဘူး၊ တွေဝေတွန့်ဆုတ်နေမယ့်အစား အချစ်တွေကို ရင်ဖွင့်လိုက်တာ အကောင်းဆုံးပဲ ဖြစ်မှာလို့ တွေးမိပေမယ့် တကယ်တမ်းကျတော့ သူက မရဲပါ။

စကားတောင် တစ်ခါမှ မပြောဖူးသေးတဲ့ မိန်းကလေး တစ်ယောက်ကို ချစ်တယ်၊ ကြိုက်တယ် သွားပြောလို့ဖြစ်မလား။ ပြီးတော့ သူမလေးက ကိုယ့်အိမ်မှာ အလုပ်လုပ်နေရတဲ့ သူလေး...

ဒီလိုနဲ့ပဲ အတွေးတွေ ယောင်ချာချာနဲ့ မိုးက အိမ်ပြန်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ရသည်။ အိမ်ရောက်တော့ ညှော်ခန်းထဲမှာ သန့်ရှင်းရေး လုပ်နေတဲ့ သူမလေးကို တွေ့လိုက်ရသည်။

ချွေးကလေးစို့ပြီး ဖုန်သုတ်နေတဲ့ သူမလေးကို တွေ့လိုက်တာနဲ့ သူ့ရင်ထဲက အချစ် အကြင်နာတွေ ပွင့်ထွက်ကုန်ရပါတော့သည်။

"ဟာ… အဲ့ဒီအပေါ်ထိတက်ပြီးတော့ ဖုန်မသုတ်နဲ့လေ၊ ပြုတ်ကျရင် ဘယ်လိုလုပ်မလဲ"

ခုံရှည်လေးပေါ်တက်ပြီး ကျွန်းဗီရိုကြီးရဲ့ အမိုးပေါ်က ဖုန်တွေကို သုတ်ဖယ်ပစ်နေတုန်းမှာပဲ သင်းအနားကို ကိုကိုကြီး ရောက်လာတာပါ။

ကိုကိုကြီးကို တွေ့လိုက်ကတည်းက ရင်ခုန်စိတ်လှုပ်ရှားမိတဲ့ သင်းက ရုတ်တရက်ကြီး မထင်မှတ်တဲ့ စကားကို ကြားလိုက်ရတော့ တကယ်ပဲ ခုံအမြင့်ပေါ်ကနေ ပြုတ်ကျရပါတော့သည်။

"အမယ်လေး"

"ဒုန်း…"

"ဝုန်း…"

"ဟာ…"





ခြေလွတ်လက်လွတ် ပြုတ်ကျသွားရတာမို့ သင်းက မျက်ဝန်းလေးကို စုံမှိတ်ထားလိုက်ရတော့တာ။

အောက်က စားပွဲတွေနဲ့ ဆောင့်မိပြီး ခေါင်းပဲကွဲမလား၊ ကြမ်းပြင်အထိ ပြုတ်ကျပြီး ဘာတွေဖြစ်ကုန်မလဲ၊ သင်း နာချင်နာသွားပါစေ ပစ္စည်းတွေ ကွဲတာရှုတာတော့ မဖြစ်ပါစေနဲ့လို့ ဆုတောင်းနေရင်းနဲ့ပဲ စားပွဲခုံပေါ်ကို သင်းက ပြုတ်ကျသွားရပါတော့သည်။

"ဒုန်း…"

"အား…"

ခွေခနဲ ပြုတ်ကျလာပြီး စားပွဲခုံနဲ့ ဦးခေါင်းနဲ့ ဆောင့်မိသွားတာမို့ 'မိုး' က သူမလေးအတွက် စိတ်ပူသွားပြီး ဘာမှ မစဉ်းစားနိုင်တော့ဘဲ ပွေ့ချီလိုက်မိတော့သည်။

"ချာတိတ်… ချာတိတ်"

"ဟာ… ခေါ်လို့လည်း မရတော့ဘူး"

"ဒုက္ခပါပဲကွာ"

"သင်းရန့်… သင်းရန့်"

စိုးရိမ်တကြီးနဲ့ သူက သူမလေးရဲ့ မျက်နှာလှလှလေးကို ကိုင်လှုပ်ပြီး ခေါ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ သူမလေးက မတုံ့ပြန်နိုင်ပါ။ ဒီတော့ စိုးရိမ်စိတ်တွေ မွန်ထူပြီး မိုးက ဒေါ်ပုကို အော်ခေါ်ရပါတော့သည်။

သူမလေးကို ပွေ့ချီထားတာကိုလည်း လွှတ်မချရဲပါ။ သတိမေ့နေတာမို့ တစ်ခုခုဖြစ်သွားမှာ စိုးရိမ်မိလို့ပါ။

"ဒေါ်ပု... ဒေါ်ပု"

"ဒေါ်ပု"

သုံးလေးခွန်း အော်တော့မှပဲ ဒေါ်ပုက ကြားပြီး ပြေးထွက်လာသည်။

"ဟင်... ဘာ... ဘာဖြစ်"

"ခုံပေါ်က ပြုတ်ကျတာဗျာ၊ လုပ်ပါဦး ခေါ်လို့မရဘူး"

"သင်းရနံ့... သင်းရနံ့"

"ဟာ... နာ့စ်ကိုပဲ ခေါ်လိုက်လေဗျာ၊ မြန်မြန်"

"အင်း... အင်း"

ဒေါ်ပုက သူမလေးကို လာခေါ်ကြည့်နေတာမို့ မိုးက အော်လွှတ်လိုက်ရသည်။ အားလုံး ရုတ်ရုတ်သဲသဲတွေ ဖြစ်ကုန်ရပါတော့သည်။

ဘွားဘွား အနားမှာရှိနေတဲ့ နာ့စ်ကို ဒေါ်ပုက သွား





ခေါ်တာမို့ သူမလေး ခုံအမြင့်ကြီးပေါ်က ပြုတ်ကျတာကို ဘွားဘွားလည်း သိသွားသည်။

"ဆရာမ... ဆရာမ လုပ်... လုပ်ပါဦး၊ သင်းရနံ့ ခုံပေါ်က ပြုတ်ကျပြီး သတိမေ့နေတယ်"

"ဟင်... ဘယ်မှာလဲ"

အဘွားက စိုးရိမ်တကြီး ထရပ်လိုက်တာမို့ အားလုံး ထိတ်ထိတ်ပျာပျာ ဖြစ်သွားရတော့တာ။

"ဧည့်ခန်းထဲမှာပါ"

"ဟဲ့... တစ်ယောက်တည်းလား"

"ကိုကိုကြီး အနားမှာရှိပါတယ်"

"ခေါ်ခဲ့... ဒီကိုခေါ်ခဲ့၊ မယ်ပု ဆရာဝန်ဆီ ဖုန်းဆက်စမ်း"

"ဟုတ်ကဲ့ အဘွား"

အဘွားကိုယ်တိုင် ပျာယာခတ်တော့ အားလုံးလည်း ပျာရပါတော့သည်။

"ကိုကိုကြီး အဘွားက အခန်းထဲခေါ်လာခဲ့ပါတဲ့"

မိုးကလည်း သတိမေ့နေဆဲ သူမလေးကို ပွေ့ချီပြီး ဘွားဘွားရဲ့ အခန်းထဲကို ခေါ်သွားရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော မြေးကြီး၊ ဘွားဘွား အိပ်ရာပေါ်ပဲတင်"

မိုးက တအံ့တသြ ဖြစ်သွားရသည်။ ဘွားဘွားက အလုပ်သမား ကောင်မလေးတစ်ယောက်ကို သူ့အိပ်ရာပေါ်မှာ တင်တာမို့ ဖြစ်သည်။

"မြေး... မြေးလေး"

ဘွားဘွားက သင် ရန့်လေးရဲ့ မျက်နှာကို ပွတ်သပ်ပြီး မျက်ရည်တွေ ကျနေတာမို့ ပိုပြီးတော့ အံ့သြရပြန်ပါသည်။

"ဆရာမ နည်းနည်းကြည့်ပါဦးဗျာ၊ ခုံပေါ်က ပြုတ်ကျပြီး စားပွဲစွန်းနဲ့ခေါင်းနဲ့ ဆောင့်မိသွားတယ်"

မိုး ပြောတော့မှပဲ ဆရာမက ကြည့်ပေးသည်။

"ခေါင်းမှာ ဘုပဲဖြစ်သွားတာပါ။ ကွဲတာ ပေါက်တာတော့ မရှိပါဘူး၊ အကြောက်လွန်ပြီး သတိမေ့သွားတာ ဖြစ်မယ်"

နာ့စ်က ပြောလည်းပြော ရှုဆေးနဲ့လည်း လှုပ်နှိုးပေးသည်။

"ညီမလေး... ညီမလေး"

"သင် ရန့်"





"ဟင်..."

ခေါ်သံတွေကို ပီပီပြင်ပြင် ကြားရတော့မှပဲ သင်းက လူးလဲထထိုင်မိသည်။

"အား... မူးတယ်"

"မထနဲ့ လှဲနေ မြေးလေး"

"ပစ္စည်းတွေ... ပစ္စည်းတွေ သင်းကြောင့် ကွဲကုန်ပြီလားဟင်"

သင်းက စိတ်ပူနေမိတာကိုပဲ အလျင်မေးမိတာပါ။

"အို... ထားလိုက်စမ်းပါကွယ်၊ ဘာတွေပဲကွဲကွဲ အရေးစိုက်မနေနဲ့၊ အခု မြေးလေး ဘာဖြစ်နေလဲ၊ ဘယ်နားနာနေလဲ ဘွားဘွားကို ပြောစမ်းပါ"

"ဟင်... ဘွားဘွား"

အခုမှပဲ မျက်လုံးကို ဖွင့်ကြည့်ပြီး သင်းက ဘွားဘွားရဲ့ အခန်းထဲ ရောက်နေတာကို သိလိုက်ရပါတော့သည်။

သင်းအနားမှာ ဘွားဘွားနဲ့ ကိုကိုကြီးက စိုးရိမ်တကြီး အကြည့်တွေနဲ့ သင်းကို စောင့်ကြည့်နေကြတာ။ သင်း ရောက်နေတာက ဘွားဘွားရဲ့ အိပ်ရာပေါ်မှာ။ ဘွားဘွားရဲ့ နူးညံ့နွေးထွေးတဲ့ လက်ချောင်းလေးတွေက သင်းရဲ့ မျက်နှာလေး



www.burmeseclassic.com

www.burmeseclassic.com



ကို ပွတ်သပ်ကိုင်တွယ်လို့။

ဘုရား... ဘုရား။

သင်း အိပ်မက်များ မက်နေတာလား၊ ဒါမှမဟုတ် သင်း စိတ်ကူးယဉ်နေမိတာလား။

"ပြောလေ ဘာတွေဖြစ်နေလဲ၊ ဘွားဘွား စိတ်ပူလိုက်တာကွယ်"

"ဘာ... ဘာမှမဖြစ်ပါဘူး ဘွားဘွား၊ လန့်... လန့်သွားလို့ပါ"

သင်းက နောက်တစ်ကြိမ် လူးလဲထမိပြန်ပါသည်။

ဒါပေမဲ့ ခေါင်းမူးနေတာမို့ မျက်စိမှိတ်ပြီး ပြန်လှဲနေလိုက်ရသည်။

"ဘာဖြစ်လို့လဲ"

"မူး... မူးတယ်"

"မယ်ပု ဆရာဝန်ဆီ ဖုန်းဆက်ပြီးပြီလား"

"ဟုတ်ကဲ့ ဘွားဘွား၊ အခု လာခဲ့မယ်တဲ့"

မိုးက သူမလေးအတွက်လည်း စိတ်ပူ၊ ဘွားဘွားကို ကြည့်ပြီးတော့လည်း အံ့သြနေပါ။ ဘွားဘွားကို ကြည့်ရတာ တကယ့်သွေးသားရင်းချာအတွက် စိုးရိမ်ပူပန်နေတဲ့ ပုံစံမျိုး





ဖြစ်နေသည်။

တစ်ခုခုတော့ တစ်ခုခုပါပဲ၊ အခုလို အနီးကပ်ယှဉ်ကြည့်တော့ သူမလေးရဲ့ မျက်နှာကျပုံနဲ့ ဘွားဘွားရဲ့ မျက်နှာကျပုံနဲ့ ဘွားဘွားရဲ့ မျက်နှာကျပုံက တူညီနေသလိုမျိုး ခံစားရသည်။

သူ့ရင်ထဲမှာ ပဟေဠိတွေ ဖြစ်နေတုန်းမှာပဲ ဆရာဝန်လည်း ရောက်လာသလို၊ မာမီလည်း ရောက်လာပါတော့သည်။ ဒက်ဒီတော့ ရောက်မလာသေးဘဲ မာမီ အလျင်ရောက်လာတာကိုက ပြဿနာတစ်ခု ဖြစ်ရပါတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"ဟဲ့... ဧည့်ခန်းထဲမှာ ဘာတွေဖြစ်နေတာလဲ"

ဒေါ်သန္တာကလည်း ကျနေတဲ့ခုံရယ်၊ ဖရိုဖရဲဖြစ်နေတဲ့ စားပွဲခင်းနဲ့ အလှထိုးပန်းအိုးရယ်ကို ကြည့်ပြီး အော်လိုက်တာပါ။

"ဟို... သင်းရန့် သန့်ရှင်းရေးလုပ်ရင်း ခုံပေါ်က ပြုတ်ကျလို့ပါ မမ"

"အို... ဒီကောင်မလေးဟာ အချိုးမကျပါဘူး၊ အခု ဘယ်မှာလဲ"

"အဘွားရဲ့ အခန်းထဲမှာပါ မမ၊ ဆရာဝန်လည်း အခုပဲ ရောက်ပါတယ်"

ယောက္ခမနဲ့ ပတ်သက်နေပြီဆိုတော့ ဒေါ်သန္တာက လေသံကို လျှော့လိုက်ရပါသည်။





"ဆရာဝန်တောင် ခေါ်ရလောက်အောင် ဘာတွေဖြ
သွားလို့လဲ"

"ဟို... သတိမေ့သွားလို့ပါ မမ"

ဒေါ်သန္တာက စိတ်ထဲကနေ မဲ့လိုက်မိသည်။ သတိမေ့
ချင်ယောင်ဆောင်တာ ဖြစ်မှာပေါ့လို့လည်း တွေးလိုက်မိသည်။

"ဒါနဲ့ မိုးရော"

"အဘွားအခန်းထဲမှာပါ မမ"

"ဟင်..."

ဒေါ်သန္တာက တကယ်ပဲ စိတ်ကြီးသွားရပါတော့သည်။ သားကြီးမိုးက ဘာဆိုင်လို့လဲ။ အဘွားကြီးကတော့ ရှုပ်ရှုပ် ယှက်ယှက်တွေ လုပ်နေပြန်ပါပြီ။

သားပါရောပါနေပြီဆိုတော့ ဒီအတိုင်းနေလို့ မရတော့ ပါ။ ဒါနဲ့ပဲ ဒေါ်သန္တာက အဘွားကြီးရဲ့အခန်းထဲကို ဝင် လာခဲ့ရပါတော့သည်။ ဒီအတိုင်းလွှတ်ထားလို့မှ မဖြစ်တာ။

တော်ကြာ ဒီအဘွားကြီးက သားတွေကို သူ့စိတ်ထဲ ထင်ရာ မိန်းကလေးတွေနဲ့ ပေးစားနေမှ ရင်ကျိုးရမှာပါ။

ဒေါ်သန္တာက ပြောမရလို့သာ ကြည့်နေရတာပါ။ ယောက္ခမကြီးရဲ့ သဘောထားကို သဘောမကျတာတော့ အမှန်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ယောက္ခမကြီးက ပြောသည်။ ဂုဏ်ရှိပြီးသား ပိုက်ဆံချမ်းသာပြီးသားမို့ ချွေးမရှာရင် ရိုးသားအေးဆေးတာကိုပဲ ရှာရမယ်တဲ့။ ချမ်းသာတာ မချမ်းသာတာကို ထည့်မတွက်ရဘူးတဲ့။ အရေးကြီးတာက အေးချမ်းသိမ်မွေ့တဲ့ စိတ်နှလုံးသားပိုင်ရှင်ဖြစ်ဖို့ပဲတဲ့။

ဒေါ်သန္တာကတော့ အဲ့ဒီလို သဘောမထားနိုင်၊ ကိုယ့်မိသားစုက ချမ်းသာပြီး ဂုဏ်ရှိသည်။ ဒီလိုပဲ သားနှစ်ယောက်လက်ထပ်တဲ့ မိန်းကလေးတွေကိုလည်း ချမ်းသာပြီး ဂုဏ်ရှိတာမျိုးပဲ ဖြစ်စေချင်ပါသည်။

ချမ်းသာပြီးသားမို့ နောက်ထပ် မချမ်းသာရဘူးလို့ပဲ ရှိရဦးမှာလား။ အော်ကဲတန်းစားတစ်ယောက်ကို စိတ်ထားကောင်းတယ်ဆိုတာလေး တစ်ခုထဲနဲ့ ချွေးမ မတော်နိုင်ပါဘူး။

အခုလည်း ဒေါ်သန္တာက သားကြီးမိုးအတွက် စိတ်ပူပြီး ယောက္ခမရဲ့ အခန်းထဲကို ဝင်သွားမိတော့တာ။

"ခေါင်းမူးနေတယ်ဆိုတော့ စောင့်ကြည့်ဖို့လိုပါတယ် အန်တီ၊ ရုတ်တရက် ထိုးအန်တာတို့ တက်သွားတာတို့ဖြစ်ရင် အရေးကြီးတဲ့ အခြေအနေမို့ ချက်ချင်း ဆေးရုံကို သွားရပါလိမ့်မယ်"





"ဘယ်လောက်ကြာကြာ စောင့်ကြည့်ရမှာလဲကွယ်"

"နှစ်ဆယ့်လေးနာရီပါ"

"အခု အန္တရာယ်များ ရှိနေလား ဆရာ"

"ဦးနှောက်ကို ထိတယ်ဆိုရင်တော့ အန္တရာယ်ရှိတယ်၊ ဦးနှောက်ကို မထိဘူးဆိုရင်တော့ အန္တရာယ်မရှိပါဘူး၊ အဲ... ဦးနှောက်ထိမထိ သိရဖို့အတွက် ကျွန်တော်က စောင့်ကြည့်နိုင်းတာပါ"

"တစ်ခါတည်း ဆေးရုံကိုသွားပြီး စမ်းသပ်ကြည့်ရရင် မကောင်းဘူးလား ဆရာ"

"အဲ့ဒီလောက်တော့လည်း မလိုအပ်သေးပါဘူး အန်တီ၊ ငြိမ်ငြိမ်လေးထားပြီး စောင့်ကြည့်ရင် ရပါပြီဗျာ၊ ထိုင်တာထတာ ရွေ့ပြောင်းတာတွေလုပ်ရင် ပိုဆိုးမှာစိုးရိမ်ရလို့ပါ"

ဒေါ်သန္တာက အူယားနေပါပြီ။ အဘွားကြီးက အိမ်ဖော်မလေးကို သူ့ခုတင်ပေါ်မှာ အကျအနတင်ထားလို့။ မျက်နှာကလည်း ဖြစ်နေလိုက်တာ စိုးရိမ်တကြီးနဲ့ပါ။ တကယ်ဆို ဘာဆိုင်လို့လဲ။

သားကြီးကပါ သဲသဲလှုပ်နေတဲ့ပုံမို့ ဒေါ်သန္တာက ဒေါသထွက်ရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်တာလဲ မေမေရယ်၊ မထိတ်သာ မလန့်သာ ရှိလိုက်တာ"

"ခုံအမြင့်ကြီးပေါ်က ပြုတ်ကျပြီး စားပွဲစောင်းနဲ့ ခေါင်းနဲ့ ဆောင့်မိသွားတာလေ သတိတောင် မေ့နေတာ"

"မေမေကိုယ်တိုင် နေကောင်းတာလည်း မဟုတ်ဘဲနဲ့၊ ဘာကြောင့် မေမေ့အခန်းထဲခေါ်ရတာလဲ၊ သားကြီးကလည်း ဘွားဘွားကို တခြားနည်း စီစဉ်ပေးတာ မဟုတ်ဘူးကွယ်"

"မြေးကြီးနဲ့ မဆိုင်ပါဘူး၊ မေမေကိုယ်တိုင် ဒီကလေးမအတွက် စိတ်ပူလို့ ဒီအထဲကို ခေါ်လာခိုင်းတာ"

"သူ့အခန်းမှာ သူ့ကို ထားလိုက်ရင် မကောင်းဘူးလား မေမေ၊ လူဆိုတာ ဒူးနေရာဒူး တော်နာရာတော်ပဲ ကောင်းပါတယ် မေမေရယ်၊ မေမေ စိတ်ရှုပ်မခံပါနဲ့၊ ဒေါ်ပု သူ့ကို သူ့အခန်းထဲ ခေါ်သွားလိုက်"

"ဟုတ်ကဲ့ မမ"

"မယ်ပု ညည်းဘာသာညည်း နေစမ်း ဒီကလေးကို လုံးဝ လာမထိနဲ့"

"ဟုတ်... ဟုတ်ကဲ့ အဘွား"

"သန္တာ ညည်းလည်း မေမေ့အခန်းထဲအထိ ဝင်ပြီး





ညစ်ဓာအာဏာတွေ လာပြမနေနဲ့ သွားကြ... သွားကြ"

ဘွားဘွားက စိတ်တိုပြီ အော်ထုတ်ပါသည်။ မိုးက ဘာလုပ်ရမှန်းမသိတော့ပါ။ ဒီကိစ္စ မာမီလွန်တာကို မိုး သိသည်။ တကယ်ဆို ဘွားဘွားလုပ်နေတဲ့ကိစ္စကို မာမီ ဘာမှ ဝင်ပြီး အာဏာပြစရာမလို။

ဒက်ဒီတောင်မှ ဒီလိုမျိုး မလုပ်တတ်။ ဘွားဘွားရဲ့ စကားကို သေသေချာချာ နားထောင် လိုက်နာတတ်ပါသည်။ ဒက်ဒီက ဘွားဘွားကို ဒီအိမ်ကြီးရဲ့ အကြီးအကဲအဖြစ်ပဲ ထားတာပါ။ မာမီကတော့ သိပ်ကြည်သာပုံမရ။

သူသိသည်။ ဘွားဘွား ချမ်းသာလွန်းလို့ပဲ မာမီက နာခံနေတာပါ။

"လာ... သားကြီး"

မာမီက သူ့ကိုပါ ဆွဲခေါ်သည်။ မိုးက မာမီ့နောက် ဘယ်လိုလိုက်ရမှာလဲ။

"သွား... သွား မြေးကြီး၊ လိုက်သွား... လိုက်သွား၊ ဒီမှာ လူတွေအများကြီးရှိတယ်"

ဘွားဘွားက ဒီလောက်ပဲပြောပြီး သူနဲ့ မာမီ့ကို လုံးဝ ပြန်မကြည့်တော့ပါ။ သင်းရနံ့လေးရဲ့ မျက်နှာကိုပဲ ငေးကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးကလည်း သူမလေးအနားက လုံးဝ မခွာချင်ပါ သူလည်း စိတ်ပူနေပါသည်။ ဒါပေမဲ့ မာမီခေါ်တာကို ငြင်းပြန်လျှင် မာမီက ပိုပြီး ဒေါသထွက်တော့မည်။ ဒါဆို ဘွားဘွားနဲ့ ပြဿနာပိုကြီးနိုင်သည်။ ဒါကြောင့် စကားနည်း ရန်စဲ ထွက်လိုက်လာခဲ့ရပါတော့သည်။

ဘွားဘွားအခန်းရဲ့ အပြင်ကိုရောက်တာနဲ့ မာမီက ပေါက်ကွဲပါတော့သည်။

"နေပါဦး သားကြီးရယ်၊ မင်းအဘွားက အိမ်ဖော်တစ်ယောက်ကို ဒီလောက်တောင် လူရာသွင်း အရေးပေးနေတာ ဘာသဘောလဲကွ"

"အဲ့ဒီလိုတော့ မပြောပါနဲ့ မာမီရယ်၊ အိမ်က အလုပ်သမား တစ်ခုခုဖြစ်သွားခဲ့ရင် ကျွန်တော်တို့မှာလည်း တာဝန်ရှိတာပဲ မဟုတ်လား"

"မာမီ သိပါတယ်၊ ပစ်ထားဖို့ပြောနေတာ မဟုတ်ဘူး၊ ဒါပေမဲ့ ကိုယ့်အခန်း ကိုယ့်အိပ်ရာပေါ်အထိ ဆွဲတင်ဖို့ လိုလို့လားကွယ်၊ မင်းအဘွားက လွန်လွန်းတယ်၊ ဒီကောင်မလေး ဒီအိမ်ပေါ်ရောက်တာ အခုမှ ဘယ်နှစ်ရက်ရှိသေးလို့လဲ၊ ဘယ်ကမှန်း မသိတာနဲ့ သားကြီးကို အောင်သွယ်ပေးနေတာ





တော့ မဟုတ်ပါဘူးနော်"

"မာမီကလည်းဗျာ၊ ဘာတွေပြောနေတာလဲ"

"မင်းအဘွားက လုပ်တတ်လွန်းလို့ ပြောရတာလေ။ မင်းတို့ကို အောင်သွယ်နေတာ မဟုတ်လား"

"တော်ပါတော့ မာမီရယ်"

မိုးက မာမီ့ကို ထားခဲ့ပြီး ထွက်လာခဲ့လိုက်ပါတော့သည်။ ဒါတောင် ပွစိပွစိ ပြောနေတဲ့ မာမီ့စကားတွေကို တောင် ကြားနေရပါသေးသည်။

"အမေလုပ်တဲ့သူက ထင်ရာလုပ်၊ သားကလည်း အမေက ဒါဆို ဒါပဲ၊ အခုလည်း နေ့လယ်ကတည်းက ကုမ္ပဏီရုံးကနေ ထွက်သွားတာ ခုထိ အိမ်ပြန်မရောက်သေးဘူး၊ ဒါ ဘာသဘောလဲ"

မာမီ့ဒေါသတွေက ဒက်ဒီဘက် လှည့်နေလေပြီ။ မိုးကတော့ ကိုယ့်အခန်းထဲ ကိုယ်ဝင်ပြီး ရေမိုးချိုး အဝတ်လဲလိုက်ပါသည်။

ပြီးမှ သူမလေးကို သွားစောင့်ကြည့်ပေးရမည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

ထိုအချိန်တွင် ဦးကျော်ကိုကိုကတော့ အိမ်ဖော်ပွဲစား ဒေါ်စိန်ရဲ့အိမ်ကို ရောက်နေပါသည်။

"ဘာကိစ္စများ အရေးကြီးလို့ ဆရာကြီးကိုယ်တိုင် လာရတာလဲရှင်၊ ကျွန်မကို ခေါ်လိုက်ရောပေါ့"

"သင် ရန့်ဆိုတဲ့ ကလေးမနဲ့ ပတ်သက်ပြီး သိချင်တာလေးတွေ ရှိလို့ပါ ဒေါ်စိန်"

ဦးကျော်ကိုကိုက လာရင်းကိစ္စကို ဝေ့လည်လည်လုပ် မနေတော့ဘဲ ပွင့်ပွင့်လင်းလင်း ပြောချလိုက်သည်။

ဒေါ်စိန်ကတော့ အထိတ်တလန့်နဲ့ပါ။ သင်းရန့် အလုပ်





ဝင်တာမှ သုံးရက်ပဲ ရှိသေးသည်။

အိမ်ရှင်သူဌေးကိုယ်တိုင် သူ့ဆီလိုက်လာတယ်ဆိုတော့ ဒေါ်စိန် လန့်မယ်ဆိုရင်လည်း လန့်စရာပါ။

"ပြောပါ ဆရာကြီးရယ်၊ ဘာများ ပြဿနာဖြစ်လို့ပါလဲရှင်၊ တကယ်တော့ သင်းရန့်လေးဟာ ဘယ်အိမ်မှာမှ အလုပ်မလုပ်ဖူးရှာပါဘူးရှင်၊ သူ့မိသားစုထဲမှာ သူနေရတာ မပျော်ဘူးတဲ့လေ၊ သူ့အမေနဲ့ သူ့အမေရဲ့ နောက်အိမ်ထောင်ကို အမြင်မကြည်လင်ဘဲ အိမ်မှာမနေချင်ပါဘူးဆိုလို့ ကျွန်မက အလုပ်ရှာပေးရတာပါ"

"ဟင်... သူ့အမေက နောက်အိမ်ထောင်နဲ့လား"

"ဟုတ်ပါတယ် ဆရာကြီးရယ်၊ သူ့အမေ မစံပယ်နဲ့ ကျွန်မက ညီအစ်မအရင်းတွေလိုပါပဲရှင်၊ သင်းရန့်လေး သုံးနှစ်သမီးကတည်းက ခင်မင်ရင်းနှီးခဲ့တာပါ"

"သင်းရန့်ရဲ့အဖေကိုရော ဒေါ်စိန် သိသလား"

ဦးကျော်ကိုကိုက စိတ်လှုပ်ရှားပြီး အလောတကြီးပဲ မေးလိုက်တာပါ။

"မသိပါဘူး ဆရာကြီးရယ်၊ မစံပယ်နဲ့ တွေ့ကတည်း



www.burmeseclassic.com

www.burmeseclassic.com



က မစံပယ်က ကလေးတစ်ယောက်အမေ မုဆိုးမလေ”

“ဟင်... ဒါဆိုရင် သင်းရနံ့ရဲ့အမေက သေပြီပေါ့ ဟုတ်လား”

“ဟုတ်... ဟုတ်ကဲ့”

“နာမည်ဘယ်သူလဲဆိုတာရော သိလားဗျာ”

“ဦးလှမှန်းတဲ့”

“နေပါဦး၊ သင်းရနံ့အမေရဲ့ ဓာတ်ပုံတွေ ဘာတွေရော ဒေါ်စိန် မြင်ဖူးလား”

“မြင်ဖူးတယ် ဆရာကြီး၊ မင်္ဂလာဆောင်ပြီးတော့ ရိုက်ထားတဲ့ ဓာတ်ပုံ မြင်ဖူးတယ်၊ သင်းရနံ့လေးနဲ့ တစ်ပုံစံတည်းပါပဲ”

ဟုတ်မှာပါလို့ ဦးကျော်ကိုကိုက ‌ေတွးလိုက်သည်။

နာမည်ဆိုတာက ပြောင်းချင်သလို ပြောင်းလို့ရတာပဲလေ။ နာမည်လွဲနေတာကြောင့် မဟုတ်ဘူးလို့ ပြောလို့ရမှာတဲ့လား။ ဓာတ်ပုံကို တွေ့လိုက်ရင်တော့ အဖြေက ရှင်းသွားမှာပါ။

ပြီးတော့ မစံပယ်ဆိုတဲ့ အမျိုးသမီးနဲ့လည်း တွေ့ချင်





သေးသည်။ ဝုန်းဒိုင်းကျဲ လျှောက်လုပ်လို့လည်း မဖြစ်သေးပါ။ လူ့သဘောက စဉ်းစားရခက်ခဲပါသည်။ ကိုယ်တွေက ချမ်းသာတဲ့သူတွေဆိုတော့ မရိုးဖြောင့်တဲ့သူတွေက အဆောင်ယောင်တာမျိုးတွေ ကြုံတွေ့ရနိုင်သည်။

ဒါကြောင့် ဒေါ်စိန်ကို ဘာမှမပြောဘဲ ထားလိုက်ပါသည်။

“ဒီမှာ ဒေါ်စိန်”

“ပြောပါ ဆရာကြီး”

“ကျွန်တော် မစံပယ်ဆိုတဲ့ အမျိုးသမီးနဲ့ တွေ့ချင်တယ်ဗျာ”

“ဟုတ်ကဲ့၊ ကျွန်မ လုပ်ပေးနိုင်ပါတယ်”

“ဒေါ်စိန်ကိုတော့ ကျွန်တော် ယုံပါတယ်၊ အခု ကျွန်တော် လာမေးတာကို ဘယ်သူမှ မသိပါစေနဲ့ဗျာ”

“ဟုတ်ကဲ့ စိတ်ချပါ”

“သင်းရနံ့ရဲ့အမေနဲ့ တွေ့ဖို့အတွက်လည်း ဒေါ်စိန် စီစဉ်ထားပေးပါ”

“ဟုတ်ကဲ့”



www.burmeseclassic.com

www.burmeseclassic.com



“စီစဉ်ပြီးရင် ကျွန်တော့်ဆီ ဖုန်းဆက်ပါ ဒေါ်စိန်၊ ကျွန်တော့်ဖုန်းနံပါတ်ကို ယူထားပါ”

“ဟုတ်ကဲ့”

“ကျွန်တော့် အမျိုးသမီး မသိပါစေနဲ့”

“ဟုတ်ကဲ့ စိတ်ချပါရှင်”

ဦးကျော်ကိုကိုက မှာစရာရှိတာ မှာခဲ့ပြီး ပြန်လာခဲ့လိုက်ပါတော့သည်။

သူဌေးပြန်သွားတာနဲ့ ဒေါ်စိန့်မှာတော့ သောကတွေ ရောက်ရပါတော့သည်။

ထူးဆန်းတာတော့ အမှန်ပါပဲ။ ဘာဖြစ်နေတာလဲဆိုတာကို ဒေါ်စိန်က မခန့်မှန်းတတ်တော့အောင်ပါပဲ။ သူဌေးကြီး ဦးကျော်ကိုကို ကိုယ်တိုင် သင်းရနံ့အကြောင်း လာမေးတာဆိုတော့ စဉ်းစားရခက်နေပါသည်။

ဘာဖြစ်လို့လဲ။

ဦးကျော်ကိုကိုဆိုတာ ဂုဏ်သိက္ခာရှိတဲ့ လူကြီးလူကောင်းတစ်ယောက်ပါ။ ရှုပ်ရှုပ်ပွေပွေဆိုတာ လုံးဝ မကြားဖူးခဲ့။ ဒီတော့ သင်းရနံ့အပေါ်မှာ မရိုးမဖြောင့် လုပ်မှာမျိုးတော့





စိတ်မပူမိပါ။

ဘာကြောင့် သင်းရနံ့ရဲ့အကြောင်းကို သူဌေးကိုယ်တိုင်လာမေးရတာလဲ။ မေးတာကလည်း သင်းရနံ့ရဲ့အဖေနဲ့ပတ်သက်တာပဲ ပိုများနေသည်။

စိတ်ဝင်စားစရာပါပဲ။ အခုလိုလာမေးတာကိုလည်း ဘယ်သူမှ မသိအောင် ထားရမယ်ဆိုတော့ ထူးဆန်းနေပါသည်။

ဒေါ်စိန်ကတော့ ကိုယ်သမီးလေးလို ဖြစ်နေတဲ့ သင်းရနံ့အတွက်ပဲ စိတ်ပူမိတာပါ။ အကောင်းပဲ ဖြစ်ပါစေလို့ ဆုတောင်းနေမိချိန်မှာပဲ တိုက်တိုက်ဆိုင်ဆိုင် သင်းရနံ့ရဲ့အမေ မစံပယ် ရောက်လာပါတော့သည်။

“မမစိန်”

“အို… မစံပယ် လာ… လာ ဘယ်က လှည့်လာတာလဲ”

“မမစိန်ဆီ သက်သက်လာခဲ့တာပါ၊ သင်းရနံ့ကို သတိရလွန်းလို့ မမစိန်ရယ်၊ သမီးလေး အဆင်မှ ပြေရဲ့လား”

ဒေါ်စိန်က မမြိုသိပ်နိုင်တော့တဲ့အတွက် သူဌေးရောက်



www.burmeseclassic.com

www.burmeseclassic.com



လာတဲ့အကြောင်း ဒေါ်စံပယ်ကို ပြောပြလိုက်မိပါတော့သည်။

"အခုပဲ သင်းရန့်လေးရဲ့ အိမ်ရှင်သူဌေး လာသွားတယ် မစံပယ်"

"ရှင်..."

"အဲ့ဒါ သင်းရန့်နဲ့ ပတ်သက်တာလေးတွေ သိချင်လို့တဲ့ မေးသွားတာတော့၊ သင်းရန့်အဖေနဲ့ ပတ်သက်တာတွေပဲ မစံပယ်ရေ၊ ပြောရရင် မမစိန်ကလည်း ဘာမှသိတာမှ မဟုတ်ပဲနော်၊ ဒီတော့ ရေရေရာရာ ဘာမှမပြောနိုင်ခဲ့ဘူးပေါ့"

"ဘာ... ဘာတွေမေးလို့လဲ မမစိန်ရယ်၊ ကျွန်မ ရင်တုန်လိုက်တာရှင်"

"ဩော်... သင်းရန့်ရဲ့ အဖေအရင်းကို မြင်ဖူးလား၊ နာမည် ဘယ်လိုခေါ်လဲလို့ မေးတာပါ၊ မမစိန်ကလည်း မမြင်ဖူးတဲ့အကြောင်း၊ မစံပယ်နဲ့ ရင်းနှီးတဲ့အချိန်မှာ သင်းရန့်လေးရဲ့အဖေ မရှိတော့တဲ့အကြောင်းပဲ ပြောပြရတာပေါ့"

"ပြီးတော့ရော ဘာတွေ မေးသေးလဲဟင်"

"မစံပယ်နဲ့ တွေ့ချင်တယ်တဲ့၊ မမစိန်ကို တွေ့ဖို့ စီစဉ်





ပေးပါတဲ့"

"ဘုရား... ဘုရား ဘာဖြစ်လို့ပါလိမ့်နော်၊ ကျွန်မသမီးအတွက် စိတ်ပူလိုက်တာ မမရယ်"

ဒေါ်စံပယ်က စိတ်ပူရလွန်းလို့ အော်ဟစ်ပြီးတော့တောင် ငိုချင်နေရပါပြီ။

"ဒီလောက်လည်း မစိုးရိမ်ပါနဲ့ မစံပယ်ရယ်၊ အကောင်းပဲ ဖြစ်မှာပါ"

"သင်းရန့်အဖေနဲ့ ပတ်သက်ရင် ကျွန်မမှာ အမြဲတမ်းရင်တထိတ်ထိတ်နဲ့ပါ မမစိန်ရယ်၊ လူချောလူလှ လူပေလူတေကို ယူထားရတာကိုး၊ သူ့နောက်ကြောင်းလည်း ဘာမှသိရတာ မဟုတ်ဘူး"

"ဩော်..."

"မင်္ဂလာဆောင်တော့လည်း သူ့မိဘ ဆွေမျိုးဆိုပြီး ဘစ်ယောက်မှ ရောက်လာကြတာ မဟုတ်ဘူး မမစိန်၊ သူ့နာမည်က ဦးလူမှန်းလို့ပဲပြောတာ၊ ဒါပေမဲ့ မှတ်ပုံတင်ထဲမှာတော့ တစ်မျိုး မမစိန်ရဲ့"

"ဩော်... ဒါဆို မစံပယ်လည်း အတော်စိတ်ဆင်းရဲ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရမှာပေါ့"

"အိမ်ထောင်သက်က နှစ်နှစ်ကျော်ပဲ ရှိခဲ့တာပါ။ အဲ့ဒီ နှစ်နှစ်အတွင်းမှာ သူ့ရဲ့ နောက်ကြောင်း ဘာတွေလိုက်လာမှာလဲလို့ တထင့်ထင့်နဲ့ နေခဲ့ရတာ မမစိန်၊ သမီးလေး သင်းရနံ့ကိုမွေးတော့ သူက သမီးအတွက် စိန်လက်စွပ်တစ်ကွင်းပေးတယ်"

"အဲ့ဒီလက်စွပ်ရှိသေးလား မစံပယ်"

"ရှိတာပေါ့ မမစိန်ရယ်၊ သမီးအတွက်ပေးခဲ့တာဆိုတော့ ကျွန်မ ဘယ်လောက်ပဲ ဆင်းရဲဒုက္ခနဲ့ကြုံကြုံ အဲ့ဒီပစ္စည်းကို လုံးဝ မထိဘဲထားတာပါ။

"သင်းရနံ့လေးက သူ့အဖေနဲ့ တစ်ပုံစံတည်းကိုတူတာနော် မစံပယ်"

"အို… ရုပ်ရည်တင် မဟုတ်ပါဘူး မမစိန်ရယ်၊ စိတ်ဓာတ်ပြင်းထန်တာ၊ ခေါင်းမာတာ၊ ဖွဲကြီးတာကအစတူတာ၊ ကျွန်မ ဝမ်းနဲ့လွယ်ပြီး မွေးထားပေမယ့် ကျွန်မရဲ့သွေးမပါသလိုပဲ၊ အခုတောင် ကြည့်လေ အသက်ဆယ့်ရှစ်နှစ်နဲ့ ကျွန်မ ရင်ခွင်ထဲကနေ ထွက်ချင်နေတာ"





"နေဦး မစံပယ်၊ မမစိန် စဉ်းစားနေတာ သင်းရနံ့ရဲ့ အကြောင်းကို သူဌေးကလာမေးနေတာဟာ သင်းရနံ့အဖေနဲ့များ ပတ်သက်နေမလားပဲ"

"ဖြစ်နိုင်တာပေါ့၊ ကျွန်မ… ကျွန်မ ဘာလုပ်ရမလဲ မမစိန်ရယ်"

"အို… သူဌေးက မစံပယ်နဲ့ တွေ့ချင်တာတွေ့လိုက်ပေါ့ကွယ်၊ ဒါနဲ့ သင်းရနံ့လေးရဲ့အဖေက ဘာဖြစ်လို့ ဆုံးသွားရတာလဲ"

"ကားမှောက်ပြီး ဆုံးသွားတာပါ မမစိန်ရယ်၊ အဲ့ဒီတုန်းက ကျွန်မတို့က မူဆယ်မှာနေတာလေ၊ သမီးရဲ့အဖေက မူဆယ်–မန္တလေး ကုန်ကားမောင်းတယ်၊ သမီးလေးမွေးပြီး တစ်လပဲရှိသေးတာပေါ့ မမစိန်ရယ်၊ သမီးအတွက် စိန်လက်စွပ်ပေးပြီး ထွက်သွားတဲ့ အခေါက်မှာပဲ ကားမှောက်တာပွဲချင်းပြီးပါပဲလေ၊ သူ့မိဘဆွေမျိုး အသိုင်းအဝိုင်းတွေရှိရင် သိရအောင်လို့ သတင်းစာထဲမှာ နာရေးကြော်ငြာ ထည့်ခဲ့ပါသေးတယ်"

ပြောရင်း ဒေါ်စံပယ်က ငိုမိပါသည်။ သွားလေသူ



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခင်ပွန်းရဲ့အကြောင်းကို တွေးမိရင်း သနားလွန်းလို့ ငိုနေခဲ့ရတာ ဒီနေ့အထိပါပဲ။

ရိုးရိုးသာမန် ဖျားနာပြီး သေဆုံးသွားခဲ့တာဆိုရင် တစ်မျိုးပေါ့။ အခုတော့ ကားမှောက်ပြီး သေတာဆိုတော့ စိတ်ထဲမှာ မကောင်းပါ။ တွေးမိတိုင်း တနုံ့နုံ့နဲ့ ခံစားရပါသည်။

ဝေဒနာခံစားရလွန်းလို့ပဲ သမီးလေး သုံးနှစ်အရွယ်မှာ ဒေါ်စံပယ်က ရန်ကုန်မှာ ပြောင်းနေခဲ့တာ ဖြစ်သည်။

"စိတ်မပူပါနဲ့ မစံပယ်ရယ်၊ တကယ်လို့များ သူဌေးမိသားစုနဲ့ ညီမရဲ့ယောက်ျား ပတ်သက်ဆက်နွယ်နေမယ်၊ ဆွေမျိုးသားချင်းတွေ ဖြစ်နေမယ်ဆိုရင် သမီးလေး သင်းရနံ့ ကောင်းစားမှာပေါ့ မဟုတ်ဘူးလား"

"အခုတောင် ကျွန်မသမီးက ကျွန်မရင်ခွင်မှာ မနေချင်တော့ဘူးဆိုတော့ ကျွန်မအတွက်တော့ သန်းခေါင်ထက် ညဥ့်မနက်နိုင်တော့ပါဘူး မမစိန်ရယ်၊ အဲ့ဒီသူဌေး ဆိုတာနဲ့ တွေ့ဖို့သာ စီစဉ်ပေးပါတော့နော်"

ဒေါ်စိန်က မစံပယ်ကို အားပေးလိုက်ပါသည်။





"စိတ်မပူပါနဲ့ မစံပယ်ရယ်၊ အကောင်းပဲ ဖြစ်မှာပါ ကွယ်၊ သင်းရနံ့လေး ကောင်းစားဖို့အတွက် အပြောင်းအလဲတွေပဲ ဖြစ်မှာပါ"

"ဖြစ်ပါစေ မမစိန်ရယ်"

"ဒါဆို မနက်ဖြန်ခါ သူဌေးနဲ့ တွေ့မလား ပစံပယ်"

"နေဦး မနက်ဖြန်ခါဆို စနေနေ့လေ ကျောင်းပိတ်ရုံးပိတ်ဆိုတော့ အိမ်မှာ လူစုံတယ်၊ တနင်္လာနေ့မှ တွေ့ရင် မကောင်းဘူးလား မမစိန်"

"အဲ့ဒီလောက် ရက်မခွာနဲ့လေ ညီမရယ်၊ သူဌေးက လိုလိုချင်ချင်နဲ့ တောင်းဆိုထားတာ မဟုတ်လား၊ ဘာလဲ မစံပယ်က အခု အိမ်ထောင်ရဲ့ရှေ့မှာ အရင်အိမ်ထောင် အကြောင်း မပြောချင်လို့လား၊ မဆိုင်ပါဘူးအေ ကိုယ်က အရင်အိမ်ထောင် မရှိခဲ့ပါဘူးလို့ လိမ်ညာထားတာမှ မဟုတ်ဘဲ၊ တကယ်ဆို လက်ရှိအိမ်ထောင်ရဲ့ရှေ့မှာပဲ တွေ့ပြီး ပြောဆိုဆွေးနွေးတာ အကောင်းဆုံးပဲပေါ့"

"ဟုတ်ပါတယ်လေ၊ ဒါဆိုလည်း တနင်္ဂနွေနေ့ပေါ့ မမစိန်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှစိတ်မပူပါနဲ့ ညီမရယ်၊ ကောင်းဖို့ပဲ ဖြစ်မှာပါကွယ်"

"ဆုတောင်းနေရတာပါပဲရှင်"

ဒေါ်စံပယ်က စိတ်တထင့်ထင့်နဲ့ပဲ အိမ်ပြန်လာခဲ့ရပါတော့သည်။

* * *



## အခန်း (၁၆)

ဦးကျော်ကိုကို အိမ်ပြန်ရောက်တော့ ပြဿနာက ဆိုးကြီးနေသည်။

ဖနီးသည် ဒေါ်သန္တာက အခန်းတံခါးပိတ်ပြီး မကျေနပ်ချက်တွေကို ဖွင့်ချပါတော့သည်။

"မောင် စဉ်းစားကြည့်၊ မေမေက သန္တာ့ကို စိတ်ဆိုးတယ်၊ သန္တာ ဘာမှားလို့လဲ၊ မနေ့တစ်နေ့ကမှ ရောက်လာတဲ့ အိမ်ဖော်မိန်းကလေးတစ်ယောက်ကို ဒီလောက် အရေးပေး ဆက်ဆံနေတာ ဘာသဘောလဲ"

"ဘာတွေဖြစ်နေတာလဲ သန္တာရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်ရမှာလဲ မောင်ရယ်၊ မေမေပေါ့ သန့်ရှင်းရေး လုပ်ရင်း ခုံပေါ်ကပြုတ်ကျတဲ့ အိမ်ဖော်ကို သူ့အခန်းထဲက သူ့အိပ်ရာပေါ်မှာ တင်ထားတယ်လေ၊ ဆရာဝန်လည်း ခေါ် လိုက်သေး၊ သူ့တစ်ယောက်တည်းတောင် မကဘူး၊ သားကြီး ကိုပါ အဆစ်ခေါ်ထားသေးတာ"

"ဟင်... ဘာ... ဘာဖြစ်သွားလဲ၊ စိုးရိမ်ရလား၊ ဒုက္ခ ပါပဲကွာ"

ပြောပြောဆိုဆိုပဲ ဦးကျော်ကိုကိုက မိခင်ကြီးဆီ ထွက် လာခဲ့ရပါတော့သည်။ ဆွေ့ဆွေ့ခုန်ပြီး ကျန်ရစ်ခဲ့ရသူက ဒေါ်သန္တာပါ။ ခင်ပွန်းကပါ ဒီအိမ်ဖော်မအတွက် လူးပျာပြီး ထွက်သွားတယ်ဆိုတော့ ရင်ထဲမှာ ကျလိကျလိနဲ့ ဖြစ်နေရပါ တော့သည်။

ယောက္ခမအခန်းထဲအထိ လိုက်သွားပြီး ရန်ဖြစ်လို့ မကောင်းတဲ့အတွက် ဒီအတိုင်းပဲ ကြည့်နေရပါတော့သည်။

စိတ်ထဲကလည်း ကြိမ်းဝါးနေမိသည်။ ဒီကောင်မလေး ကို အလုပ်ထုတ်ပစ်ပါတော့မည်။ တော်ကြာ အိမ်ဖော်ကို ချွေးမပဲ တော်ရတော့မလား မသိတော့ပါ။





"တောက်..."

ဒေါ်သန္တာက ဒေါသတကြီးနဲ့ အခန်းထဲမှာ ခေါက်တုံ့ ခေါက်ပြန် လျှောက်နေရပါတော့သည်။

ထိုအချိန်တွင် ဦးကျော်ကိုကိုက အမေ့အခန်းထဲကို ဝင်သွားလိုက်သည်။

"ဘယ်လိုဖြစ်တာလဲ မေမေ"

"ခုံပေါ်က ပြုတ်ကျတာလေ၊ ဆရာဝန်က ရုတ်တရက် ထိုးအန်ရင် အန္တရာယ်ရှိတယ်၊ နှစ်ဆယ့်လေးနာရီ စောင့် ကြည့်ပါတဲ့ကွယ်"

"ဟာ... အဲ့ဒီလောက်တောင် ဖြစ်သွားရသလားဗျာ"

"မှိန်းနေတယ်၊ ခုထိတော့ မအန်ပါဘူး၊ မေမေ ဘုရား တရွတ် မေတ္တာပို့ပေးနေတာ၊ ဒီမှာက ဆရာမလည်းရှိတော့ တော်သေးတာပေါ့"

"သားကြီးရော..."

"သန္တာ ပြန်ခေါ်သွားတာပဲလေ"

"ဟာ... ဒီမိန်းမကတော့..."

"ထားလိုက်ပါကွယ်၊ ဒါနဲ့ ဘာတွေထူးခြားလဲ သား ကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ထူးခြားတယ် မေမေ"

ဦးကျော်ကိုကိုက မိခင်ကို လသာဆောင်ဆီ ဆွဲထုတ်လာခဲ့ပြီး ဒေါ်စိန်နဲ့ ပြောဆိုလာခဲ့တာတွေ၊ သိလာခဲ့တာတွေကို ပြန်ပြောပြမိပါသည်။

"ဩော်... ဒီကလေးမက သူ့အမေနဲ့ တစ်ပုံစတည်း တူတယ်တဲ့လား၊ မေမေ သိနေပါပြီ သားကြီးရယ်၊ အဲ့ဒါ မေမေ့မြေးလေးပါကွယ်"

"ကျွန်တော်လည်း ထင်ပါတယ် မေမေ၊ ဒါပေမဲ့ ပိုပြီးသေချာအောင် ကလေးမရဲ့ အမေနဲ့တွေ့ပြီး ဓာတ်ပုံတွေဘာတွေ တောင်းကြည့်မယ်လို့ စီစဉ်ထားပါတယ်"

"ကောင်းပါတယ် သားရယ်၊ မေမေကတော့ မေမေ့မြေးလေး အခုလို ဆင်းဆင်းရဲရဲ ဖြစ်နေရတာကို ရင်ထဲမှာ မချိဘူး"

"မေမေ့မြေးဆိုတာ သေချာရင် မေမေ့အနားမှာ ခေါ်ထားလို့ရပြီပဲဗျာ"

မေမေက ခေါင်းတညိတ်ညိတ်နဲ့ပါ။

ပြောနေရပေမယ့် ဇနီးသည် ဒေါ်သန္တာရဲ့ လုပ်ရပ်





အတွက် ဦးကျော်ကိုကိုက မျက်နှာပူနေရပါပြီ။

ဒီကိစ္စက မအေးသေးပါ။ အမှန်ကို မသိမချင်း သန္တာကတော့ ဆူပူသောင်းကျန်းနေမှာ သေချာပါသည်။

"သန္တာကို ဘာမှမပြောပါနဲ့ကွယ်၊ ညောင်မြစ်တူးရင် ပုတ်သင်ဥပေါ်တယ်တဲ့ စကားပုံလည်း ရှိတာပဲမဟုတ်လား၊ မေမေကတော့ သားကြီးတို့မိသားစု စုစုစည်းစည်းရှိနေတာကိုပဲ မြင်ချင်တယ်၊ မေမေ့အပေါ်မှာ မြေးတွေက စိမ်းသွားမှာမျိုးလည်း မဖြစ်စေချင်ဘူး၊ မေမေ သားကြီးကို ဘယ်လောက်ချစ်တယ်၊ ဘယ်လောက် အားကိုးတယ်ဆိုတာ သားကြီး အသိဆုံးပါ"

"ကျွန်တော် သိပါတယ် မေမေ"

"ဒါကြောင့် ဘာမှမပြောပါနဲ့ကွယ်"

ဦးကျော်ကိုကိုက မိခင်ကိုတော့ ခေါင်းညိတ်ပြလိုက်ပါသည်။

ဒါပေမဲ့ ကိုယ့်ဇနီးအကြောင်း ကိုယ်သိနေပါသည်။ ဒီမိန်းမက အတ္တလည်း ကြီးသည်၊ မာနလည်း ကြီးသည်။ ငါနဲ့ ငါသာ နိုင်းစရာဆိုတဲ့ မိန်းမမျိုးပါ။



www.burmeseclassic.com

www.burmeseclassic.com



တကယ်လို့ သင်းရန့်ဆိုတဲ့ မိန်းကလေးဟာ မေမေ့ရဲ့ သားအငယ် 'ကျော်ညီညီ' ရဲ့ သမီးပါဆိုတာ သေချာသွားလို့ အသိပေးရင်တောင်မှ အလွယ်တကူနဲ့ လက်ခံမည် မထင်။ အမေ့ကိစ္စ ဘာညာပြောနေဦးမှာ သေချာသည်။

ဒီတော့ ဇနီးသည်ရဲ့ အတ္တနဲ့ မာနကို ထိန်းဖို့အတွက် အမှန်တရားကို ပေးသိမှဖြစ်လိမ့်မယ်ဆိုတာ ဦးကျော်ကိုကို ကောင်းကောင်းသိနေပါသည်။

အမှန်အတိုင်း ကျော်ကိုကိုဆိုတာဟာ မွေးစားသားပါ။ ကျော်ညီညီကမှ သားအရင်းပါဆိုတာကို ပြောပြမှပဲ ဇနီးသည်ရဲ့ အတိုင်းအဆမဲ့နေတဲ့ လောဘတွေ၊ မာန်မာနတွေကို အနားသတ်နိုင်မှာ ဖြစ်သည်။

အခုချက်ချင်း ပြောလို့လည်း မဖြစ်သေးပါ။ တော်ကြာ ဒေါ်စိန်တို့ကို သွားပတ်ရမ်းပြီး သင်းရန့်ရဲ့အမေကိုပါ ပြဿနာရှာချင်ရှာမှာပါ။ တကယ်တော့ ဒေါ်သန္တာက အရမ်းကြီး ချမ်းသာတဲ့ မိသားစုဝင် မဟုတ်ခဲ့။

အထည်ကြီးပျက် မိသားစုထဲက မိန်းကလေးပါ။ ဦးကျော်ကိုကိုနဲ့ လက်ထပ်ပြီးမှပဲ ကြိုကြိုတက် ချမ်းသာတဲ့ဘဝကို ရောက်ခဲ့ရတာ ဖြစ်သည်။





မေမေ့မှာ ပစ္စည်းဥစ္စာတွေ အများကြီး ပိုင်ဆိုင်ထားသေးတာကို သိနေတော့ ဇနီးသည်က လောဘတက်သည်။ သားနှစ်ယောက်ရဖို့အတွက် အားခဲထားသည်။ ဒါကြောင့် နောက်မွေးတစ်ယောက် ပေါ်လာတာကို သန္တာ ကြည်ဖြူလိမ့်မည်မဟုတ်။

ဒါကြောင့်ပဲ အမှန်တရားကို ဖွင့်ချဖို့ ဆုံးဖြတ်ရတာပါ။ မေမေကတော့ သူ့ကို မွေးစားသားကို သန္တာ့ကိုတောင် ပြောမပြခဲ့။

"သားကြီးရယ် အမြန်သွားတွေ့ပါကွယ် မေမေ သေချာချင်လှပါပြီ"

"စိတ်ချပါ မေမေ"

ဦးကျော်ကိုကိုတို့ သားအမိ လသာဆောင်ကို ရောက်နေတုန်းမှာပဲ 'မိုး' ကလည်း မာမီ့အလစ်မှာ ဘွားဘွားရဲ့ အခန်းထဲ ဝင်လာမိပါသည်။

မိုးရောက်တော့ ဘွားဘွားရဲ့ အိပ်ရာပေါ်မှာ သင်းရန့်က ခွေခွေလေး အိပ်နေသည်။ အနားမှာ တစ်ယောက်မှ ရှိမနေပါ။



www.burmeseclassic.com

www.burmeseclassic.com



ဆရာမနဲ့ ခင်ခင်က ထမင်းစားခန်းထဲ ရောက်နေတာ ဖြစ်မည်။ ဘွားဘွားရဲ့အဆောင်မှာက ထမင်းစားခန်း သတ် သတ်တစ်ခု ရှိသည်။

ဘွားဘွားကတော့ ဘယ်ရောက်နေသည် မသိ။ မျက်ဝန်း လေးပုံမှိတ်လို့ ငြိမ်သက်နေတဲ့ မိန်းမလှလေးကို ငေးမော ကြည့်ရင်း သူ့ရင်ထဲကို သနားတဲ့စိတ်နဲ့ အချစ်စိတ်တွေ ဒလဟော ဝင်ရောက်လာပါတော့သည်။

ဘယ်လိုမှ မထိန်းချုပ်နိုင်တော့ပါ။ ဘယ်တုံးကမှ မခံစားဖူးတဲ့ အချစ်ခံစားမှုတွေနဲ့ မိုးက သူ့ကိုယ်သူ သေချာ သွားရပါသည်။

သင်းရနံ့ဆိုတဲ့ ကောင်မလေးကို သူ့ဘဝရဲ့ ဆုလာဘ် အဖြစ်နဲ့ သူလိုချင်နေမိပါပြီ။ သူမလေးကို တစ်သက်စာ ပိုင်ဆိုင်ချင်တဲ့ စိတ်တွေ သူ့ရင်ထဲမှာ အပြည့်ဖြစ်နေရပါပြီ။

သနားကြင်နာစွာနဲ့ ရင်ခွင်ထဲ ထွေးပွေ့ထားချင်တဲ့ ဆန္ဒတွေက သူ့ကို အပြင်းအထန် နှိပ်စက်နေကြတော့တာ

စိတ်ကိုလွှတ်ပေးပြီး ဆန္ဒတွေကိုသာ မချိုးနှိမ်ဘူးဆိုရင် သူမလေးကို ရင်ခွင်ထဲ ဆွဲသွင်းထားမိတော့မှာ သေချာသည်။





အခုလည်း အချစ်စိတ်တွေကို ချိုးနှိမ်နေတဲ့ကြားထဲကပဲ မိုး က သူမလေးရဲ့ အနီးကို တိုးကပ်လာမိပြီး မျက်နှာလှလှပေါ် ရှိဖရဲကျနေတဲ့ ဆံနွယ်လေးတွေကို တယုတယ ဖယ်ရှားပေး နေမိပါသည်။

ကလေးရယ်...

ကိုကို မင်းကို ချစ်နေပါပြီဗျာ။

ဒါပေမဲ့... ကိုကို့အချစ်တွေကို ကလေးက ယုံကြည်ပေး နိုင်ပါ့မလား။

မယုံလို့ ငြင်းလိုက်ရင် ကိုကိုပဲ ရင်ကွဲရတော့မှာ...

ကိုကို့ဘဝမှာ ဘယ်မိန်းကလေးကိုမှ မချစ်ခဲ့ဖူးပါဘူးဗျာ၊

ကလေးကို တွေ့မှပဲ ချစ်မိသွားတာ။

ကိုကိုဟာ လက်ထပ်ဖို့ကို အရမ်းကြောက်ခဲ့တဲ့ လူ တစ်ယောက်ပါ။

အခု ကလေးကို ချစ်မိမှပဲ လက်ထပ်ချင်တဲ့ ဆန္ဒတွေ ပြင်းပြနေရတာပါ။

မိုးက ချစ်ရသူလေးကို ကြင်နာမြတ်နိုးစွာ ငုံ့ကြည့်နေ သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမလေးကတော့ အသက်မှန်မှန်ရှူပြီး အိပ်ပျော်လို့ သနားစရာကောင်းတဲ့ ချစ်ရသူလေးကို ရယူပိုင်ဆိုင်ဖို့အတွက် မိုးက ပြတ်ပြတ်သားသားပဲ ဆုံးဖြတ်လိုက်ပါသည်။

ဘွားဘွားကို ဖွင့်ပြောမည်။ ပြီးတော့ သူမလေးရဲ့ မိဘတွေဆီမှာ တောင်းရမ်းပြီး လက်ထပ်မည်။

မာမီကတော့ သဘောတူလိမ့်မည် မထင်ပါ။ ဒါပေမဲ့ သူကတော့ ဒီကိစ္စမှာ မာမီ့စကားကို နားမထောင်နိုင်တော့ပါ။ ဘွားဘွားကတော့ သူ့ဆန္ဒကို လိုက်လျောမှာသေချာသည်။

ဒီတော့ ဘွားဘွားကိုပဲ ဖွင့်ပြောပြီး အကူအညီတောင်းဖို့ ဆုံးဖြတ်လိုက်ပါတော့သည်။

ဆုံးဖြတ်ပြီးတာနဲ့ 'မိုး' က မချိသိပ်နိုင်တော့ဘဲ ဘွားဘွားရှိတဲ့ နေရာကို ထွက်လာခဲ့လိုက်ပါတော့သည်။

* * *





## အခန်း (၁၇)

"ဘွားဘွားနဲ့ ဒက်ဒီရှေ့မှာ ကျွန်တော့်ဘဝအတွက် အရေးကြီးတဲ့ တောင်းဆိုမှုတစ်ခုကို တောင်းဆိုချင်ပါတယ်။

'မိုး' ရဲ့ ထူးဆန်းတဲ့ စကားကြောင့် ဦးကျော်ကိုကိုနဲ့ ဒေါ်မမတင်တို့သားအမိက တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိပါသည်။

"ဘာများလဲ မြေးရယ်"

"ကျွန်တော့် အိမ်ထောင်ရေးပါ ဘွားဘွား"

"ပြောလေ"

"ကျွန်တော် သင်းရနံ့လေးကို လက်ထပ်ချင်ပါတယ် အဲ့ဒါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်…"

ဒေါ်မမတင်က တအံ့တသြ ဖြစ်သွားရသလို ဦးကျော်ကိုကိုကလည်း ပါးစပ်အဟောင်းသား ဖြစ်သွားရပါတော့သည်။

"နေ… နေပါဦးကွယ်၊ မြေးကြီးနဲ့ သင်းရန့်လေးက မေတ္တာမျှနေကြလို့လား"

"ကျွန်တော်က သဘောကျတာပါ ဘွားဘွား၊ ကျွန်တော့်အနေနဲ့ ဖွင့်ပြောရင် သင်းရန့်က ယုံလိမ့်မယ် မထင်လို့ လူကြီးတွေကတစ်ဆင့် တောင်းရမ်းလက်ထပ်ချင်တာပါ"

မိုးက ဘွားဘွားအနေနဲ့ ချက်ချင်းပဲ သဘောတူပေးမယ်လို့ ထင်ထားတာပါ။ ဒါပေမဲ့ ဘွားဘွားက မှိုင်းညို့ရီဝေသွားတဲ့ မျက်ဝန်းတွေနဲ့ အဝေးကို ငေးသွားတော့တာ။

ဒက်ဒီကလည်း မျက်နှာပျက်သွားတာမို့ သူက ဘာဆက်ပြောရမှန်းပင် မသိတော့။

"ဘွားဘွား သင်းရန့်လေးကို ကျွန်တော် တကယ်မေတ္တာရှိတာပါ ဘွားရယ်၊ တကယ် မေတ္တာရှိလို့ပဲ လက်ထပ်ဖို့အထိ စဉ်းစားဆုံးဖြတ်လိုက်တာပါ"





"ဘွားဘွားတို့ တိုင်ပင်လိုက်ဦးမယ်ကွယ်၊ သွားတော့ မြေးကြီး သွားတော့"

"ဟုတ်ကဲ့"

လူကြီးတွေရဲ့ မျက်နှာ မသာယာတဲ့အတွက် မိုးက အသာလေးပဲ ပြန်ထွက်လာခဲ့ရပါတော့သည်။

ဘာဖြစ်လို့လဲ။ ဘွားဘွားက သင်းရန့်လေးနဲ့ သူ့ကို သဘောမတူတာမျိုးလား။ ဒက်ဒီကရော ဘာဖြစ်လို့ မျက်နှာပျက်သွားရတာလဲ။

တကယ်တော့ ဘွားဘွားနဲ့ ဒက်ဒီက ဂုဏ်တွေ၊ ရွှေတွေ၊ ငွေတွေကို မက်မောတဲ့သူတွေ မဟုတ်ပါ။ သူတို့ကို ကြိုက်တဲ့သူနဲ့ လက်ထပ်ဖို့ ခွင့်ပြုထားပေးတာလည်း ဒက်ဒီနဲ့ ဘွားဘွားနဲ့ပါပဲ။ အခုမှ ဒက်ဒီက မျက်နှာပျက်ပြီး ဘွားဘွားတွေဝေသွားတာ ဘာကြောင့်လဲ။ သူ မစဉ်းစားတတ်တော့။

ဘွားဘွားရဲ့ အခန်းထဲမှနေ သူ ထွက်လာခဲ့ပါသည်။ ပြောလိုက်မိတာ မှားသွားပြီလား၊ မိုးက ဘွားဘွားတို့



www.burmeseclassic.com

www.burmeseclassic.com



သဘောတူ ကျေနပ်နိုင်မယ်ထင်လို့ ပြောမိတာပါ။ အခုတော့ ရင်ထဲမှာ တစ်မျိုးကြီးပဲ ခံစားရပါသည်။

သင်းရနံ့လေးရဲ့အနားမှာ နေချင်ပေမယ့် ဘွားဘွားနဲ့ ဒက်ဒီရဲ့ အရိပ်အကဲက သိပ်မကောင်းတာမို့ သူက ခြံထဲမှာ ဆင်းထိုင်နေလိုက်ပါတော့သည်။

ထိုအချိန်တွင် ဆောင်းနဲ့ ဒေလီယာကလည်း မိဘတွေကို အသိပေးပြီး အမြန်ဆုံး လက်ထပ်ဖို့ ဆွေးနွေးနေကြပါသည်။

"ကိုကိုတို့ လက်ထပ်ရအောင် ဒေလီယာရယ်"

"ဒေလီယာ မပြောရဲဘူး ကိုကိုရယ်၊ ကိုကိုဗညားတောင် လက်မထပ်သေးဘဲနဲ့ ဒေလီယာက အရင်လက်ထပ်လို့ ကောင်းပါ့မလား"

"ဟာ... မဆိုင်ပါဘူး အချစ်ရယ်၊ ဗညားက မိန်းမ ဘယ်တော့မှ ယူမယ့်ကောင် မဟုတ်ဘူး၊ ဒီကောင်က ရည်းစား ထားရတာကိုပဲ သဘောကျနေတဲ့ကောင်၊ မိန်းမယူမှာ မဟုတ်ဘူး၊ အဲ့ဒါကိုစောင့်နေရရင် ကိုကိုတို့ ဘိုးဘွားရိပ်သာ ရောက်သွားမှာပေါ့ဗျာ"





"တော်ကြာ ဒေလီယာ့ကို ကဲတယ်လို့ပြောမှာ ကိုကို ရဲ့"

"ဟာ... ကိုကိုကတော့ လုံး၀ စိတ်မချပါဘူးဗျာ၊ အချစ်ကို တခြားလူတွေကြည့်တာ နည်းနည်းလေးမှ သည်းမခံနိုင်ဘူး"

"အဟင်း... ကြည့်တာပဲ ကိုကိုရယ် ပဲ့ပါသွားတာမှ မဟုတ်ပဲနဲ့"

"ဟာ... ကြည့်တာလည်း မကြိုက်ဘူးကွာ၊ ကိုကို့ချစ်သူရဲ့ အလှအပကို ကိုကို တစ်ယောက်တည်းပဲ ခံစားချင်တာဗျ၊ ဒါကြောင့် မြန်မြန်လက်ထပ်ပြီး အမြဲတမ်း ဟောဒီလိုမျိုး ရင်ခွင်ထဲမှာ ဆွဲသွင်းထားချင်တာ"

ပြောပြောဆိုဆိုပဲ ဆောင်းက ချစ်သူလေးရဲ့ နူးညံ့နွေးထွေးတဲ့ ကိုယ်လုံးလေးကို ခပ်တင်းတင်း ပွေ့ဖက်ထားလိုက်တော့တာ။

"အို... အဘွားတွေ့သွားရင် မကောင်းဘူးလေ ကိုကိုရယ်"



www.burmeseclassic.com

www.burmeseclassic.com



"တွေ့ပစေဗျာ၊ ဒါမှ မြန်မြန်နားဖောက်ပြီးရာ ရောက်သွားမှာ ဖက်ထားရုံတင် မကဘူး ဟောဒီလို ချစ်ပစ်လိုက်ဦးမှာ..."

"အို..."

ချစ်သူရဲ့ မျက်နှာလေးကို ဆွဲမော့ယူပြီး ဆောင်းက မြတ်နိုးစွာ နမ်းရှိုက်လိုက်တော့တာ။

ချစ်သူလေးက ရှက်လန့်တကြား မျက်လုံးလေးကို မှေးမှိတ်ထားပေမယ့် သူ့အနမ်းတွေကိုတော့ မငြင်းဆန်ပါ။

ပထမတော့ ဆောင်းက နဖူးဝင်းဝင်းပြေပြေလေးကို နမ်းရှိုက်လိုက်ပါသည်။ နောက် ပါးဖောင်းဖောင်းလေးကို နမ်းလိုက်သည်။ ပြီးတော့ မှေးမှိတ်ထားတဲ့ မျက်ခွံလေးကို နမ်းမိပြန်သည်။

အနမ်းတွေက အရှိန်သတ်လို့မရ။ မျက်နှာလေး နဲ့ သွားတော့ နှုတ်ခမ်းဖူးလေးဆီကို သူ့အနမ်းတွေ ရောက်သွားရသည်။

ချစ်သူလေးရဲ့ နှင်းဆီငုံလေးဆီမှာ အနမ်းတွေက ရပ်တံ့သွားလေတော့တာ။





"တော်ပြီကွာ၊ ဒေလီယာ အသက်ရှူလို့ မရတော့ဘူး"

"ချစ်လို့ပါ အချစ်ရယ်၊ ဖြစ်နိုင်ရင် ကိုကိုက အချစ်ကို အာခံတွင်းထဲမှာတောင် ငုံထားချင်တာပါနော် အဟွန်း... ဟွန်း"

"ကိုကိုကတော့ ပိုနေပြန်ပါပြီ"

"မပိုပါဘူးဗျာ၊ လိုတောင်လိုနေပါသေးတယ်"

"မယုံပါဘူး၊ ဒေလီယာ နိုင်ငံခြားကို ရောက်နေတုန်းကတော့ မေ့လျော့ထားပြီး အခု ပြန်တွေ့မှ အသေအလဲ ချစ်ပြနေတာ မဟုတ်လား"

"မဟုတ်ရပါဘူးဗျာ၊ ကိုကို့ရင်ထဲမှာ ဒေလီယာ အမြဲတမ်း ရှိနေခဲ့တာပါ"

"မယုံဘူး၊ ဒီလိုအပြောတွေနဲ့ ကောင်မလေး ဘယ်လောက်များများကို ဖမ်းစားပြီးပြီလဲ ပြော"

ချစ်သူရဲ့ မျက်စောင်းလေးကို အသည်းယားသွားတဲ့ အတွက် ဆောင်းက စိတ်မထိန်းနိုင်တော့ဘဲ အချစ်တွေကို သွတ်ချပေးလိုက်မိတော့တာ။



www.burmeseclassic.com

www.burmeseclassic.com



"အပျှန်း... ဘယ်သူ့ကိုမှ မဖမ်းစားရသေးပါဘူးဗျာ၊ အခုမှ ဖမ်းစားဖို့ ကြံစည်နေတာ အပျှန်း... ပျှန်း"

"အို..."

ဒေလီယာလေးက ရင်ခုန်သံတွေ ကို မထိန်းနိုင်တော့ဘဲ ဖြစ်သွားရတော့တာ။

ကိုကိုရယ်...

ကိုကိုရယ်...

ရင်ထဲမှာ လှိုက်ဖိုမောလို့ပါ။ ကိုကို့ ရင်ခွင်ကျယ်ကြီးထဲကနေ ဒေလီယာ ရုန်းမထွက်နိုင်တော့ပါဘူးရှင်။ ကိုကို့ရဲ့ အနမ်းတွေက အဆက်မပြတ်ပါ။ ဆည်းဆာက အမှောင်ဘက်ကိုချဉ်း နင်းဝင်ရောက်လာပါပြီ။

ချစ်သူနှစ်ဦးက အရာရာကို မေ့လျော့ပြီး အချစ်ရဲ့ စေညွှန်ရာအတိုင်း အချစ်တွေကို ဖော်ဆောင်နေကြပါတော့သည်။

အိပ်တန်းတက်ဖို့ ရောက်လာကြတဲ့ ငှက်ကလေးတွေက ချစ်ရည်လူးနေတဲ့ ချစ်သူနှစ်ဦးကို ငုံ့ကြည့်ပြီး တီးတိုး တီးတိုး ဝေဖန်ပြောဆိုနေကြတော့တာ။





ညနေခင်းရဲ့ လေပြည် လေညင်းလေးတွေကလည်း ချစ်မဝနိုင်အောင် ဖြစ်နေကြတဲ့ ချစ်သူနှစ်ဦးရဲ့အကြားကနေ ဖြတ်သန်းတိုက်ခတ်ဖို့အတွက် ဝန်လေး တွန့်ဆုတ်နေကြသေးသည်။

အချစ်သည် ဖနေတဲ့ ချစ်သူနှစ်ဦးကလည်း ကြားသေသွေးရင် ဝေးတော့မှာပဲဆိုတဲ့စိတ်နဲ့ တစ်ယောက်ကိုတစ်ယောက် တင်းတင်းကျပ်ကျပ် ဖက်တွယ်ထားလို့ပါ။

ဒေလီယာက ချစ်တဲ့ကိုကို့ကို အနမ်းတွေ တုံ့ပြန်ရင်း ညကျရင်ပဲ မိဘတွေကို ဖွင့်ပြောလိုက်ဖို့ ဆုံးဖြတ်လိုက်သည်။

ကိုကိုနဲ့ ခဏလေးတောင် ခွဲမနေနိုင်တော့ပါဘူး ကိုကိုရယ်။

ဆောင်းကလည်း ချစ်သူလေးကို အချစ်တွေ အနမ်းတွေပေးရင်း အချိန်ဆိုတာကြီးကို မေ့လျော့ထားလိုက်ပါသည်။

ညနေစာ စားချိန်ကို ကျော်လွန်သွားပေမယ့် ဆောင်းက ချစ်သူအနားက မခွာနိုင်သေး။ အလျင်ကဆို ဘယ်နေရာကိုပဲရောက်နေနေ ညနေစာစားဖို့အတွက်ကို အရေးထားပြီး



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြန်နေကျပါ။

မာမီက ညစာစားချိန်မှာ မိသားစုလေးယောက် စုံစုံညီညီရှိတာကိုပဲ လိုချင်တာဆိုတော့ မာမီ့ဆန္ဒကို လိုက်လျောရပါသည်။

ဆောင်းတို့ ညီအစ်ကိုနှစ်ယောက်ရော၊ ဒက်ဒီရော ညစာထမင်းစားဖို့ မပျက်ကွက်ခဲ့ဖူးပါ။ အခုတော့ ချစ်သူလေးကို ပိုက်ထွေးယုယရင်း ဆောင်းက အိမ်ပြန်ဖို့ကို မေ့လျော့ထားလိုက်ပါတော့သည်။

"အချစ်ရယ် အမြန်ဆုံး လက်ထပ်ကြရအောင်နော်"

"ကိုကို့ သဘောပါကွယ်"

"တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် နားလည်မှုတွေနဲ့ ချစ်နေမှတော့ ဘာကြောင့် လက်ထပ်ဖို့အတွက် အချိန်တွေဆွဲနေမှာလဲဗျာ"

"ကိုကို့သဘောပါဆို"

"ဘာမဆို ကိုကို့သဘောအတိုင်းပဲလား"

"အင်း..."

"အိုကေ... ဒါဆို ဆက်ချစ်မယ်ဗျာ"





"အို..."

ချစ်သူလေးရဲ့ အာမေဍိတ်သံလေးက သူ့နှုတ်ခမ်းသားထဲမှာ ပဲ့တင်ထပ်သွားရတော့တာ။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

ဒေါ်သန္တာက ညနေစာစားချိန် ထမင်းစားခန်းထဲ ဝင်လာလိုက်သည်။

သားအဖသုံးယောက်စလုံး ရောက်မလာကြသေး။ ခါတိုင်း ခြောက်နာရီထိုးတာနဲ့ ထမင်းဝိုင်းမှာ မိသားစုဆုံနေကျပါ။ ဒေါ်သန္တာက ဒေါသထွက်ပြီး ထမင်းဝိုင်းမှာ တစ်ယောက်တည်း ထိုင်လိုက်တော့တာ။

အစတုန်းကတော့ မိစန်းကို သွားခေါ်ခိုင်းဖို့ စိတ်ကူးလိုက်ပါသေးသည်။ နောက်တော့ ဒေါ်သန္တာက စိတ်ပြောင်းသွားသည်။ ဒီအချိန်က ထမင်းစားချိန်လေ သူတို့ဘာသာ သိကြရမှာပေါ့။





ခြောက်နာရီ ဆယ်မိနစ်အထိ သားနှစ်ယောက်ရော အဖေလုပ်တဲ့သူရော ရောက်မလာကြ။ ဒီတော့မှ ဒေါ်သန္တာက တစ်ယောက်တည်းပဲ ထမင်းစားလိုက်ပါတော့သည်။

ဒေါသတွေနှင့်လို့ ထမင်းစားလို့လည်း မဝင်ပါ။ ဘယ့်နှယ် အိမ်ဖော်တစ်ယောက်အတွက်နဲ့ ထမင်းစားချိန်ပါ မေ့နေကြရအောင် အဲ့ဒီအိမ်ဖော်က ဘယ်လောက်အရေးပါနေလို့လဲ။

အဘွားကြီးကရော ဘာကြောင့် ဒီလောက် သဲသဲလှုပ်ပြနေရတာတဲ့လဲ။ မြေးချွေးမပဲ တော်ချင်တာလား၊ ချွေးမပဲ ထပ်တော်ချင်နေတာလား။

"တောက်..."

ဒေါသထွက်စရာ အတွေးတွေကို တွေးမိတော့ ဒေါသတွေက ပိုထွက်လာရသည်။

ဘာမဟုတ် ညာမဟုတ် ကောင်မလေးတစ်ယောက်အတွက်နဲ့ အိမ်မှာ ကမောက်ကမတွေ ဖြစ်နေရတာ ကောင်းသလား။

ဘယ်လိုမှ သည်းမခံနိုင်တော့ပါ။ စိတ်ရှိတိုင်းသာဆို



www.burmeseclassic.com

www.burmeseclassic.com



အဘွားကြီးရဲ့ အခန်းထဲမှာ တခမ်းတနားနဲ့ ဇိမ်ကျနေတဲ့ ကောင်မလေးကို ချက်ချင်းဆွဲထုတ်ပြီး အိမ်ပေါ်ကနေ မောင်းချပစ်လိုက်မှာပါ။

ဒေါ်သန္တာက ခပ်ကြမ်းကြမ်းလုပ်ပစ်ချင်နေပြီ။ ထောက်ထားစရာ မျှော်ကိုးစရာတွေ ရှိနေသေးလို့ပဲ အဘွားကြီးရဲ့ လုပ်ရပ်ကို သည်းခံပေးနေရတာ ဖြစ်သည်။

ယောက္ခမကြီးဆီမှာ အတွင်းပစ္စည်း စိန်ရွှေရတနာတွေ အမာခံပစ္စည်း တိုက်တွေခြံတွေ အများကြီး ရှိသေးသည်။ လက်ရှိ ဟော့ဒီတိုက်ကြီးကလည်း အဘွားကြီးရဲ့နာမည်နဲ့ပဲ ရှိပါသေးသည်။ ဒါတွေအားလုံး ကိုယ့်လက်ထဲ မရောက်သေးဘဲ သွားကြမ်းလို့မရပါ။

ဒါပေမဲ့ သည်းခံတယ်ဆိုတာလည်း အတိုင်းအတာတစ်ခုအထိပဲ ခံနိုင်မှာပေါ့။ အတိုင်းအဆမရှိတော့ ဘယ်သူခံနိုင်မှာတဲ့လဲ။

ကိုယ့်သားကို အောက်တန်းစားနဲ့ ပေးစားတာမျိုးတော့ ဘယ်လိုမှ လက်မခံနိုင်။ အတတ်နိုင်ဆုံး ယောက္ခမနဲ့ ထိပ်တိုက်မတွေ့အောင်တော့ ရှောင်ရပါလိမ့်မည်။





ခင်ပွန်းသည်ကိုပဲ စစ်အေးတိုက်ရမည်။ ဒီနေ့တော့ သည်းခံလက်စနဲ့ သည်းခံလိုက်ပါဦးမည်။

ထမင်းစားပြီးတာနဲ့ ဒေါ်သန္တာက ဘုရားခန်းထဲ ဝင်နေလိုက်ပါတော့သည်။

မိုးက ခြံထဲမှာပါ။

ထမင်းစားချိန်ကို မေ့လျော့တဲ့အထိ သူ့ရင်ထဲမှာ စိုးရိမ်ပူပန်စိတ်တွေ များနေရတာ။ ဘွားဘွားတို့ကသာ သူ့ကို သင်းရနံ့နဲ့ သဘောမတူဘူး၊ လက်ထပ်မပေးနိုင်ဘူးဆိုရင် ဘာဆက်လုပ်ရမလဲလို့ တွေးပြီး မိုးမှာတော့ ရင်ပူနေရပါပြီ။

တကယ်တော့ သူက အဆင့်တွေကျော်မိသွားတာပါ။ သင်းရနံ့လေးဆီမှာ ချစ်ခွင့်အလျှင်တောင်းထားရမှာ ဖြစ်သည်။ ချစ်သူတွေဖြစ်ပြီးမှဆို ဘာအရေးလဲ။ အိမ်က သဘောမတူဘူးဆိုရင်တောင် ချစ်သူကို ခိုးပြေးလို့ ရပါသည်။

အခုတော့ သူ့အဖြစ်က အဆင့်ကျော်မိလို့ ဒုက္ခရောက်နေရပါပြီ။

သင်းရနံ့ရယ်...

ဘာပဲဖြစ်ဖြစ်၊ ကိုကိုကတော့ မင်းလေးကလွဲပြီး ဘယ်



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုမှလည်း မချစ်နိုင်ဘူး၊ ဘယ်သူ့ကိုမှလည်း လက်မထပ်နိုင်ဘူးဆိုတာ အရမ်းသေချာနေပါပြီ။

ကိုကို့ရဲ့ ခြေလှမ်းတိုင်းဟာ မင်းလေးနဲ့ နီးစပ်ဖို့ပါပဲဗျာ။

မိုးက အချစ်အတွက် ပြတ်သားရဲရင့်ဖို့ပဲ စဉ်းစားနေလိုက်ပါတော့သည်။

သူ့အချစ်က နိုင်မြဲတဲ့အချစ်၊ တည်ကြည်ဖြောင့်မှန်တဲ့အချစ်ဆိုတာကို ချစ်သူလေးသိအောင် ပြောပြဖို့ သတ္တိတွေ မွေးမြူနေလိုက်ရပါတော့သည်။

ထိုအချိန်တွင် ဒေါ်မမတင်တို့သားအမိကလည်း ခေါင်းချင်းဆိုင်ပြီး တိုးတိုးတိတ်တိတ် ဆွေးနွေးနေကြပါသည်။

"မေမေကတော့ မိသားစုစိတ်ဝမ်းကွဲမှာမျိုး မဖြစ်စေချင်ပါဘူး သားကြီးရယ်"

"ဘာဖြစ်လို့ စိတ်ဝမ်းကွဲရမှာလဲ မေမေရယ်"

"ဩော်... သားကြီးဟာ မေမေ့သားအရင်း မဟုတ်ပါဘူးလို့ သိလိုက်ကြတာနဲ့ မြေးလေးတွေက မေမေ့ကို စိမ်းကားသွားမှာ စိတ်ပူမိတယ်ကွယ်"





"မဟုတ်တာဗျာ"

"ဒါကြောင့် မေမေက ဒီကိစ္စကို မပြောဘဲထားမလို့ပါပဲ၊ အခု မြေးကြီးမိုးက သင်းရနံ့လေးကို တကယ်မြတ်နိုးပြီး လက်ထပ်ချင်ပါတယ်၊ တောင်းရမ်းပေးပါလို့ ပြောလာပြီး မြေးကြီးက တော်ရုံမေတ္တာနဲ့တော့ ဒီလိုမျိုး တောင်းဆိုမှာ မဟုတ်ဘူးဆိုတာ မေမေယုံတယ် သား"

ဦးကျော်ကိုကိုလည်း ယုံကြည်ပါသည်။ သားကြီးက ဘာမှသိသေးတာလည်း မဟုတ်ဘဲ ဒီကလေးမကို လက်ထပ်ချင်တယ်ဆိုမှတော့ မေတ္တာစစ် မေတ္တာမှန်မို့ပဲပေါ့။

"ကျွန်တော်လည်း ယုံပါတယ် မေမေ"

"ဒီတော့ မေမေတို့က မြေးကြီးရဲ့ ဆန္ဒကို လျစ်လျူရှုလို့ မဖြစ်ဘူးနော်၊ သင်းရနံ့လေးနဲ့ မြေးကြီး မောင်နှမ တစ်ဝမ်းကွဲ တော်တယ်ဆိုပြီးတော့ လက်မထပ်ပေးရင် မြေးကြီး ဘယ်လောက် ခံစားသွားရမလဲကွယ်"

"ဟုတ်ပါတယ် မေမေ"

"မေမေကတော့ သင်းရနံ့ဟာ မေမေ့မြေးလို့ ယုံကြည်တယ်ကွယ်၊ မိုးနဲ့ သင်းရနံ့လေးကို လက်ထပ်ပေးချင်ရင်



www.burmeseclassic.com

www.burmeseclassic.com



သားကြီးဟာ မေမေ့သားအရင်း မဟုတ်ဘူးဆိုတာ ဖွင့်ပြောရတော့မယ် ဒါလည်း မေမေ မလုပ်ချင်ဘူး”

“မေမေရယ် ကျွန်တော်ဟာ မေမေ့ရဲ့သားအရင်း မဟုတ်ပါဘူးဆိုတာကို အသိပေးလိုက်တာကြောင့် ကျွန်တော့် ဇနီးရော၊ ကျွန်တော်မွေးထားတဲ့ သားနှစ်ယောက်စလုံးရော မေမေ့ကို မစိမ်းတဲ့အပြင် ပိုပြီးတော့တောင် ကျေးဇူးတင်ကြမှာပါ။ မေမေ ကျွန်တော့်အပေါ်မှာ သားအရင်းနဲ့မခြား မေတ္တာထားခဲ့တာ စေတနာထားခဲ့တာတွေကို ပိုပြီး သိလာကြမှာပါ”

“မေမေ စိတ်ပူတယ်ကွယ်”

“ဘာမှစိတ်မပူပါနဲ့ မေမေ၊ သင်းရန့်လေးဟာ ညီညီ့ရဲ့သမီး ဟုတ်မဟုတ် မနက်ဖြန်ခါပဲ ကျွန်တော် သွားမေးတော့မယ်”

ဦးကျော်ကိုကိုက မိခင်ကို နှစ်သိမ့်ပြီး သင်းရန့်ရှိရာကို ထွက်လာခဲ့တော့ ကလေးမက ထထိုင်နေပါပြီ။

“ဘယ်လိုလဲ သမီး၊ နေကောင်းရဲ့လား”

“ဟုတ်ကဲ့”





မေမေက ဝင်လာပြီး ကလေးမကို စိုးရိမ်တကြီး ပြန်အိပ်နေခိုင်းသည်။

“မြေးရယ် မထိုင်ပါနဲ့ အိပ်နေ ငြိမ်ငြိမ်လေးနေ”

ခေါင်းမူးလို့ မျက်စိမှိတ်ထားပေမယ့် သူဌေးမကြီး ပြဿနာလာရှာတာ ဘွားဘွားနဲ့ ကတောက်ကဆဖြစ်သွားတာ၊ ကိုကိုကြီးကို ခေါ်ထုတ်သွားတာ အားလုံးကို သင်းရန့်က ကြားခဲ့ပြီးတာမို့ နေရတာ နည်းနည်းသက်သာသွားတာနဲ့ ကိုယ့်အခန်းကိုယ်ပြန်ဖို့ပဲ ဟန်ပြင်လိုက်ပါတော့သည်။

“သင်း နေကောင်းပါပြီ အဘွား၊ သင်း နေရာကိုပဲ ပြန်ပါရစေရှင်”

“မဟုတ်တာကွယ်၊ ဒီမှာပဲ အိပ်နေပါ”

“ရ... ရပါတယ် ဘွားဘွား”

ဘွားဘွား တားနေတဲ့ကြားထဲကပဲ ခုတင်ပေါ်က ဆင်းလိုက်မိပါသည်။ ခြေထောက်နှစ်ချောင်း ကြမ်းခင်းကော်ဇောပေါ်ချပြီး မတ်တတ်ရပ်လိုက်တာနဲ့ မိုက်ခနဲ မူးကျသွားရပါတော့သည်။ သင်း ဘာမှမသိတော့ပါ။

“ဟဲ့... လုပ်ကြပါဦး”



www.burmeseclassic.com

www.burmeseclassic.com



ပျော့ခွေလဲကျသွားတဲ့ သင်းရနံ့ကြောင့် အားလုံးပဲ ထိတ်ထိတ်ပျာပျာ ဖြစ်သွားကြရပါတော့သည်။

"မြေး... မြေး"

"သမီး... သင်းရနံ့... သင်းရနံ့"

သတိလစ်သွားတာမို့ ခေါ်လို့မရတော့ပါ။

"ဒေါ်ပု... ဒေါ်ပု"

"လာပါပြီ ဆရာကြီး"

"မိုးရော... မိုးကို ခေါ်စမ်းပါဦး"

"ဟုတ်ကဲ့"

"ဒီအတိုင်းဆိုရင် သူ့အမေကိုခေါ်မှပဲ ဖြစ်တော့မယ် မေမေ"

"မြေးလေး... မြေးလေး ဘုရား... ဘုရား ဆေးရုံပို့မှဖြစ်မယ်နဲ့ တူတယ်"

"ခဏလေး အဘွား၊ သွေးချိန်ကြည့်မယ်"

"ထိုးအန်တာ မဟုတ်တော့ အရမ်းစိုးရိမ်စရာ မရှိပါဘူး"

"သင်းရနံ့... သင်းရနံ့"





ဝိုင်းခေါ်တော့မှ သင်းရနံ့က သတိပြန်ရလာပါသည်။

မိုးက ဆေးရုံသွားဖို့ ကားထုတ်နေပြီ။ ဦးကျော်ကိုကိုက ဒေါ်စိန့်ဆီ ဖုန်းဆက်လိုက်သည်။

"ဒေါ်စိန် သင်းရနံ့ ချော်လဲလို့ဗျာ၊ အဲ့ဒါ သူ့အမေကို ခေါ်လာခဲ့ပေးပါ။ ဩော်... ပြီးတော့ သူ့အမေလာရင် သင်းရနံ့အဖေအရင်းရဲ့ ဓာတ်ပုံတို့ ပတ်သက်ရာ ပစ္စည်းတို့ ယူလာခဲ့ပါလို့လည်း ပြောပေးပါဗျာ၊ ကျေးဇူးတင်ပါတယ် အမြန်ဆုံး လုပ်လိုက်ပါဗျာ"

"ဟုတ်... ဟုတ်ကဲ့"

လိုရင်းပဲပြောပြီး ဦးကျော်ကိုကိုက ဖုန်းပိတ်လိုက်ပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

လိမ္မော်ရည် ချိုချိုအေးအေးလေး သောက်လိုက်တော့ သင်းရနံ့က အမူးပြေသွားသည်။

ဒါကြောင့် ဆေးရုံချက်ချင်းသွားမယ့် အခြေအနေကို ခေတ္တခဏ ဆိုင်းငံ့ထားပြီး သင်းရနံ့ရဲ့အမေ အလာကိုပဲ စောင့်နေကြပါသည်။

ဒေါ်သန္တာက ဘယ်လိုမှ သည်းမခံနိုင်တော့။ သည်းခံမှုတွေ ဂိတ်ဆုံးသွားပြီမို့ ဒေါသတကြီးနဲ့ အောက်ထပ်ကို ဆင်းလာခဲ့သည်။

အိမ်ဖော်တစ်ယောက်ကို ဒီလောက် သဲသဲလှုပ်နေကြတာ ဘယ်သူ သည်းခံနိုင်မှာတဲ့လဲ။





လေ့ကားတစ်ဝက်မှာပဲ ခင်ပွန်းသည်နဲ့ တည့်တည့်တိုးရသည်။

"မောင်တို့ ဘာတွေဖြစ်နေကြတာလဲ။ ဘာတွေ လုပ်နေကြတာလဲ၊ သန္တာ လုံးဝ သည်းမခံနိုင်တော့ဘူး"

"ရှူး… အဆင့်အတန်းရှိတဲ့ မိန်းမဆိုတာ စကားကို အရမ်းအော်မပြောနဲ့လေကွာ"

"အို… အော်မှာပဲ၊ အရပ်ကွဲအောင်ကိုအော်မှာ၊ ဘာလဲ ရှင့်အမေက အိမ်ဖော်ကို ရှင်နဲ့ ပေးစားပြီး ချွေးမတော်ချင်လို့လား၊ ဒါမှမဟုတ် ကျွန်မသားတွေနဲ့ ပေးစားပြီး မြေးချွေးမတော်မလို့လား ပြော"

"သန္တာ တိတ်စမ်း"

"မတိတ်နိုင်ဘူး၊ ကျွန်မသားတွေကို ဘယ်အတန်းအစားက လာမှန်းမသိတဲ့ ကလေကဝ အိမ်ဖော်မနဲ့တော့ လုံးဝ မပေးစားနိုင်ဘူး၊ ကျွန်မတို့ရဲ့ အဆင့်အတန်း…"

ဦးကျော်ကိုကိုက ဘယ်လိုမှ ဿည်းမခံနိုင်တော့ပါ။ လွှတ်ထားရင် ဒီမိန်းမ ပိုဆိုးတော့မည်။

ဒါကြောင့် ဦးကျော်ကိုကိုက ဇနီးကို အပေါ်ထပ်ကို



www.burmeseclassic.com

www.burmeseclassic.com



အရောက် ခပ်ကြမ်းကြမ်း ဆွဲတင်လာခဲ့တော့သည်။

ခင်ပွန်းသည့်က ကြမ်းလာတော့လည်း ဒေါ်သန္တာက ထပ်မကြမ်းရဲတော့ပါ။ အသာလေး လျှော့လိုက်ရပါတော့သည်။ ယောက်ျားနဲ့မိန်းမကိုး။ ရင်ထဲမှာတော့ သိပ်မကျေနပ်ပါ။ မကျေနပ်တာမှ လုံးဝ အောင့်ထားလို့ မရအောင်ကို မကျေနပ်တာ။

"ကဲ… မင်း ငါ့ရဲ့ အဆင့်အတန်း ဘယ်လောက်ရှိတယ်ထင်လဲ သန္တာ"

ဒေါ်သန္တာက ဘာဖြေရမှန်းမသိတဲ့ အူကြောင်ကြောင် ဖြစ်သွားရပါတော့သည်။

"မင်း မသိတာတွေ ပြောပြရဦးမယ်၊ ငါ ဘယ်အတန်းအစားကလည်းဆိုတာ မင်းသိလား၊ ငါဟာ မိဘမဲ့ ကလေးကဝ ကလေးတစ်ယောက်ပဲ၊ ငါ့အသက် ငါးနှစ်မှာ မေမေတို့က ကောက်ယူမွေးစားခဲ့လို့ သူဌေးသား ဖြစ်ခဲ့ရတယ်၊ ပညာတတ် ဖြစ်ခဲ့ရတယ်၊ အခုလို ချမ်းသာပြည့်စုံတဲ့ဘဝကို ရခဲ့တယ်၊ မေမေက ငါ့ကို သားအရင်းလိုပဲ သဘောထားခဲ့တာ၊ မွေးစားသားပါလို့ ဘယ်သူ့ကိုမှ မပြောခဲ့ဘူး၊ ငါ့အမေသာ မင်းလို





စိတ်ဓာတ်မျိုးနဲ့သာဆိုရင် ငါ ဒီဘဝကို ရောက်လာရမှာတောင် မဟုတ်ဘူး"

"ဟင်…"

ဒေါ်သန္တာက အံ့သြပြီး ကြက်သေ သေသွားရပါတော့သည်။

"မေမေနဲ့ ဖေဖေက ငါ့ကို မွေးစားပြီး ဆယ်နှစ်ကြာမှ သားတစ်ယောက် ထပ်မွေးတယ်၊ နာမည်က ကျော်ညီညီတဲ့ ဆယ့်ခြောက်နှစ်သားမှာ အိမ်ကထွက်ပြေးသွားတာ လုံးဝ အစအနတောင် ရှာမရခဲ့ဘူး"

"အို…"

"မေမေက အဲ့ဒီသားအတွက် ကျန်မာရေးမကောင်းတော့လောက်အောင် စိတ်ထိခိုက် ခံစားနေရတာ၊ အခု သင်းရန့်ဆိုတဲ့ ကလေးမက မေမေ့သားအရင်း ကျော်ညီညီနဲ့ တစ်ပုံစံတည်းပဲ၊ ဒါကြောင့် မေမေ့ခမျာ သူ့သားရဲ့ သွေးသားများ ဖြစ်နေမလားဆိုတဲ့ မျှော်လင့်ချက်ကလေးနဲ့ ဖြစ်နေတာကွ"

"ဟင်…"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သန္တာက ခုမှပဲ တုန်လှုပ်ရပါတော့သည်။ သားအရင်းများ ပြန်ရောက်လာရင် ခက်ရချည်ရဲ့နော်။

"မေမေက သင်းရန့်ကို သူ့မြေးလို့ပဲ ထင်နေတာ သန္တာ၊ မင်းရဲ့သားတွေနဲ့ ပေးစားဖို့ မြေးချွေးမတော်ဖို့လုပ်နေတာ မဟုတ်ဘူးကွ၊ ဖြစ်ချင်းဖြစ်ရင် သင်းရန့်ကမှ မေမေ့ရဲ့ သွေးအရင်း မြေးအရင်းပဲ၊ အခု ဒေါ်စိန်နဲ့ သင်းရန့်ရဲ့ အမေကို ခေါ်ထားတယ်၊ ဒါပဲ သန္တာ ငါဟာ ကလေကဝ ကောင်ပါ၊ မင်းကြိုက်သလို ဆုံးဖြတ်၊ ဟုတ်လား"

ခင်ပွန်းသည်က ပြောပြီးတာနဲ့ ထွက်သွားပါတော့သည်။

ခုမှပဲ ဒေါ်သန္တာက ခြေမကိုင်မိ လက်မကိုင်မိနဲ့ ဖြစ်နေရပါတော့သည်။

ပြီးတော့ ကိုယ့်ရဲ့ သဘောထား သေးသိမ်မှုကိုလည်း ကိုယ့်ဘာသာကိုယ် ရှက်ရွံ့နေမိပြန်ပါသည်။ မေမေက မောင့်ကို ငါးနှစ်သားမှာ မွေးစားခဲ့တာကဲ့။

မေမေ့မှာ သားအရင်းရှိသေးတယ်တဲ့။ ဒါပေမဲ့ မောင်ဟာ မွေးစားသားလို့ မေမေတစ်ခါမှ မပြောခဲ့ဖူးဘူး။ သံသယ





ဝင်စရာ အပြုအမူကိုလည်း မေမေ မလုပ်ခဲ့။ မောင့်ကို သားအရင်းလို ချစ်မြတ်နိုးခဲ့တာပါ။

ခုမှပဲ မောင့်အနေနဲ့ မေမေ့ကို ဘာကြောင့် ဦးစားပေးနေတယ်၊ ဘာကြောင့် အရမ်းအလေးထားခဲ့တယ်ဆိုတာကို ဒေါ်သန္တာက သဘောပေါက်သွားရပါတော့သည်။

မောင့်ကိုလည်း သနားမိသည်။ တစ်ဆက်တည်းမှာပဲ မြေးအရင်းဆိုတာ ရောက်လာတာနဲ့ သားနှစ်ယောက်တော့ အမွေတွေနဲ့ ဝေးရတော့မှာပဲလို့လည်း တွေးမိပြန်ပါသည်။

သားအရင်းဆိုတာပါ ထပ်ပေါ်လာရင်တော့ ယောက္ခမဆီက နောက်ထပ် အမွေတွေရဖို့ မျှော်လင့်နိုင်ပါဦးတော့မလား။

သားအရင်းဆိုတာနဲ့ ပြန်မတွေ့ပါစေနဲ့၊ သင်းရန့်ဆိုတာလည်း အဘွားကြီးရဲ့မြေး မဟုတ်ပါစေနဲ့လို့ ဆုတောင်းနေမိပြန်ပါသည်။

ဒေါ်သန္တာက တစ်ယောက်တည်း စိတ်ဆိုးပြီး မနေနိုင်တော့ သင်းရန့်ရဲ့အမေကို ခေါ်ထားတယ်ဆိုတဲ့ကိစ္စအတွက် ဆင်းလာခဲ့ရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါ တကယ့်ချွေးမအရင်းနဲ့ မြေးအရင်း ဟုတ်မဟုတ်။ ကိုယ်တိုင်ဝင်ကြည့် အကဲခတ်ပေးဖို့အတွက် ယောက္ခမရဲ့ အခန်းထဲကို ဒေါ်သန္တာက ဝင်လာခဲ့ရပါတော့သည်။

ထိုအချိန်တွင် ဒေါ်စိန်ကလည်း ဒေါ်စံပယ်ကိုခေါ်ပြီး ထွက်လာခဲ့သည်။ ပါးနပ်တဲ့ ဒေါ်စိန်က သူဌေးဦးကျော်ကိုကို ပြောတဲ့ စကားကို နားထောင်ကြည့်ရုံနဲ့ သင်းရနံ့ရဲ့အဖေနဲ့ ဦးကျော်ကိုကိုတို့ ပတ်သက်မှုရှိနိုင်တယ်လို့ ခန့်မှန်းပြီး ဓာတ်ပုံတို့ စိန်လက်စွပ်ပေးခဲ့တာတို့ အားလုံးကို ယူလာခဲ့ခိုင်းလိုက်သည်။

ဒေါ်စံပယ်ကတော့ သမီး သင်းရနံ့အတွက်ပဲ စိတ်ပူနေမိတော့တာ။

"သမီးလေး ဘာများဖြစ်သွားလဲ မသိပါဘူး မမစိန်ရယ်၊ ကျွန်မ စိတ်ပူလိုက်တာ"

"စိတ်လည်းအရမ်းမပူပါနဲ့ မစံပယ်ရယ်၊ သူဌေးအိမ်မှာဖြစ်တာ ဘာမှပူစရာ မရှိပါဘူး၊ သူတို့မှာက မိသားစုဆရာဝန်နဲ့လေ"

"မရောက်သေးဘူးလား မမစိန်ရယ်"





"ရောက်တော့မယ်၊ ရှေ့ကလမ်းပဲ ကားဆရာ အဲ့ဒီလမ်းထဲကွေ့ဝင် သုံးခြံမြောက် ဟုတ်ပြီ၊ ဒီခြံပဲ"

"တံခါးဖွင့်ဖို့ ကားဟွန်းတီးရမလား အန်တီ"

တက္ကစီဆရာလေးက မေးတာပါ"

"မတီးနဲ့ အန်တီဆင်းပြီး ဘဲလ်တီးလိုက်မယ်"

ဒေါ်စိန်က လူကုံထံတွေနဲ့ ဆက်ဆံနေတဲ့သူမို့ အသေးအဖွဲလေးတွေကအစ အရမ်းသတိထားပါသည်။ တချို့သူဌေးတွေက သူတို့ခြံထဲကို တက္ကစီဝင်တာ လုံးဝ မကြိုက်ကြပါ။

ကိုယ်က တက္ကစီနဲ့လည်းလာသေး၊ တံခါးဖွင့်ပေးဖို့ ဟွန်းကလည်းတီးသေးဆိုရင် သူဌေးတွေရဲ့ စိတ်ထဲမှာ ကွက်သွားပါလိမ့်မည်။ ဒါကြောင့် ခြံဝကဘဲလ်ကို ဆင်းတီးလိုက်တာ ဖြစ်သည်။

ဒေါ်စိန် ဘဲလ်တီးလိုက်တာနဲ့ ခြံစောင့်က တံခါးလာဖွင့်ပေးသည်။ ကားနဲ့ဝင်သွားပါလို့ ခြံစောင့်က ပြောမှပဲ ကားနဲ့ ဝင်ရဲတာပါ။ ခါတိုင်းဆို တက္ကစီကို ခြံပြင်မှာ စောင့်ခိုင်းပြီး လမ်းလျှောက်ဝင်ရတာ ဖြစ်သည်။

မီးတွေလင်းထိန်နေတဲ့ ခြံကျယ်ကြီးနဲ့ သုံးထပ်တိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြီးကို တွေ့လိုက်တာနဲ့ ဒေါ်စံပယ်ရဲ့ ခန္ဓာကိုယ်က သေးကျုံ့သွားသလို ခံစားရပါသည်။

ဒီလောက်တောင် ချမ်းသာသတဲ့လား။ ဒီလို မိသားစုနဲ့ သမီး သင်းရနံ့နဲ့သာ သွေးသားတော်စပ်တယ်ဆိုရင် ဘယ်လောက်ကောင်းလိုက်မလဲနော်။

အခုတော့ သမီးလေးက ဒီအိမ်ကြီးရဲ့ အလုပ်သမားလေ။ မမစိန်ကတော့ စိတ်ကူးယဉ်ချင်စရာ စကားတွေပြောပါသည်။ ဒေါ်စံပယ်ကတော့ စိတ်ကူးမယဉ်ချင်ပါ ဖြစ်မှမဖြစ်နိုင်တာ။

သင်းရနံ့ရဲ့အဖေက ကုန်ကားမောင်းသမားလေ၊ ဒီလောက် အဆင့်အတန်းမြင့်တဲ့ မိသားစုနဲ့ ပတ်သက်နိုင်မှာတဲ့လား။

"လာ... ညီမလေး"

တိုက်အိမ်ကြီးရဲ့ရှေ့မှာ ကားရပ်လိုက်တာနဲ့ မမစိန်က ဦးဆောင်ပြီး ခေါ်သွားပါတော့သည်။

ဒေါ်စံပယ်ကတော့ ခမ်းနားထယ်ဝါလွန်းတဲ့ အပြင်





အဆင်၊ အဆောင်အယောင်တွေကို သတိမထားမိနိုင်၊ မေးမကြည့်နိုင်ဘဲ သမီးဖောနဲ့ သမီးရှိတဲ့နေရာကို လိုက်သွားရပါတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"ဧည့်သည် ရောက်ပါပြီ အဘွား"

"အို... ခေါ်လာခဲ့ မယ်ပု၊ ခေါ်လာခဲ့"

သင်းရန့်က နေကောင်းနေပြီမို့ ထိုင်ခုံပေါ်မှာပဲ ထိုင်နေပါသည်။

သင်းရဲ့ သဘောအတိုင်းဆို ကိုယ့်အခန်းထဲ ကိုယ်ပြန်နေလိုက်မှာပါ။ အဘွားက သင်းကို မြေးလေး... မြေးလေးနဲ့ ခေါ်ပြီး သူ့အခန်းထဲကနေ လုံးဝ အပြင်ပေးမထွက်တော့ ဘာမှမတတ်နိုင်။

ကိုကိုကြီးကလည်း သင်းကို ချစ်ရည်လူးနေတဲ့ မျက်ဝန်းတွေနဲ့ တစ်ချိန်လုံး စောင့်ကြည့်ပေးနေတော့တာ။ ကိုကို





ကြီးရဲ့ ပုံစံက သင်းကို မြတ်နိုးလွန်းနေတဲ့ပုံ၊ သနားလွန်းနေတဲ့ပုံဆိုတာ သိသာလွန်းနေပါတော့သည်။

အနားမှာသာ လူတွေမရှိရင် သင်းကို ပွေ့ချီထားတော့မယ့် ပုံစံမျိုးမို့ ရင်တွေခုန်၊ စိတ်တွေလှုပ်ရှားပြီး သင်းမှာ မောပန်းနေရတော့တာ။

ကိုကိုကြီးရယ်...

ဘာကြောင့် သင်းကို ဒီလို အကြည့်တွေနဲ့ ကြည့်နေရတာလဲဟင်။

အဲ့ဒါ အချစ်တွေလား...

သင်းကို ကိုကိုကြီး ချစ်နေတာလား။ ဘာလဲကွယ် ကျွန်မတော့ ရူးတော့မယ်ရှင်။

ဒီအချိန်မှာပဲ ဒေါ်ပုနဲ့အတူတူ အမေနဲ့ ကြီးကြီးစိန်ရောက်လာတာကို တွေ့လိုက်ရတော့ သင်းက တအံ့တသြနဲ့ အမေ့ကို ပြေးဖက်လိုက်မိတော့တာ။

"အမေ..."

"သမီး... သင်းရန့် နေကောင်းတယ်နော်၊ အမေ စိတ်ပူလိုက်တာ သမီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဖြစ်ပါဘူး အမေ၊ ခုံပေါ်က ပြုတ်ကျတာပါ၊ ဘွားဘွားတို့က စိတ်ပူပြီး အမေ့ကို ခေါ်လိုက်တာထင်တယ်"

ဒေါ်မမတင်က သင်းရနံ့လေးရဲ့ မိခင်ဆိုတာကို အကဲခတ် ကြည့်လိုက်မိသည်။ မျက်နှာကြည်ကြည်လင်လင် ရိုးရိုးရှင်းရှင်းပါပဲ။ အသက်ကလည်း လေးဆယ်တောင်ရှိဦးမည် မထင်ပါ။

"ကဲ... ထိုင်ကြပါကွယ်... ထိုင်ကြပါ၊ နေဦး မယ်ပုရေ"

"ရှင်..."

"စားစရာတစ်ခုခု စီစဉ်ပါကွယ်"

"ဟုတ်ကဲ့"

"ဆရာကြီး ဒါ သင်းရနံ့ရဲ့အမေပါ မစံပယ်လို့ ခေါ်ပါတယ်၊ ဆရာကြီး မေးချင်တာရှိရင် မေးပါ"

ကြီးကြီးစိန်က ပြောတာပါ။ သင်းကတော့ နားမလည်နိုင်။ သူဌေးက အမေ့ကို ဘာမေးစရာရှိလို့လဲ။

အဲ့ဒီအချိန်မှာ ဒေါ်သန္တာကလည်း အခန်းထဲ ဝင်လာပါသည်။





"မေမေ မေးစရာရှိတာ မေးလေ"

"မစံပယ်နော်"

"ဟုတ်ပါတယ်ရှင်"

"သင်းရနံ့လေးရဲ့အဖေအကြောင်း ပြောပြနိုင်မလားကွယ်"

"ဟုတ်ကဲ့ ပြောပြနိုင်ပါတယ်၊ သမီးရဲ့အဖေနာမည်က ဦးလှမှန်းတဲ့၊ ကျွန်မထက် အသက်ကိုးနှစ်ကြီးပါတယ်၊ အခုနေ သူရှိရင် အသက် လေးဆယ်ခုနစ်နှစ်လောက် ရှိရောပေါ့"

"ပြော... ပြောပါဦး ကလေးမရယ်"

"ကျွန်မ... ကျွန်မ ယောကျာ်းရဲ့ နောက်ကြောင်းကိုတော့ ဘာမှ ရေရေရာရာ မသိပါဘူးရှင်၊ သူက အင်မတန်လိမ္မာတဲ့သူပါ၊ ကျွန်မနဲ့ သူ မှူဆယ်မှာ လက်ထပ်ခဲ့ကြတာပါ။ လက်ထပ်ပြီး နှစ်နှစ်အကြာမှာ သမီးလေး သင်းရနံ့ကို မွေးခဲ့ပါတယ်။ သမီးလေး တစ်လအရွယ်မှာပဲ သမီးရဲ့အဖေဟာ ကုန်ကားမောင်းရင်း ကားမှောက်လို့ ဆုံးခဲ့ရပါတယ်ရှင်"

"သူ့မှာ နောက်ထပ် နာမည်ရှိသေးလားကွယ်၊ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ ဓာတ်ပုံတို့၊ ဒါမှမဟုတ်ရင်လည်း သူပိုင်တဲ့ပစ္စည်းတို့ တစ်ခုခုများ ကလေးမဆီမှာ ရှိနေသလား"

"ရှိပါတယ်ရှင်၊ သူနဲ့ ကျွန်မ လက်ထပ်တုန်းက ရိုက်ထားတဲ့ ဓာတ်ပုံရှိပါတယ်၊ ပြီးတော့ သူမသေခင်မှာ သမီးလေးကို ပေးခဲ့တဲ့ လက်စွပ်တစ်ကွင်းလည်း ရှိပါတယ်"

ပြောပြောဆိုဆိုပဲ ဒေါ်စံပယ်က ပိုက်ဆံအိတ်ထဲ အဆင်သင့်ထည့်ယူလာတဲ့ ဓာတ်ပုံနဲ့ စိန်လက်စွပ်ကို ထုတ်ပေးလိုက်ပါတော့သည်။

ဓာတ်ပုံကို ယူကြည့်လိုက်တာနဲ့ အဘွားဒေါ်မမတင်က ဆို့နင့်ကြေကွဲစွာ ငိုချလိုက်ပါတော့သည်။

"သားလေး... သားလေးရယ် မေမေ့ထက်အရင် လူ့လောကကြီးထဲက ထွက်ခွာသွားရသလားကွယ် အဟင့်... ဟင့်"

ဦးကျော်ကိုကိုကလည်း ဓာတ်ပုံကို ယူကြည့်လိုက်မိသည်။ ညီညီမှ ညီညီအစစ်ပါ။

"မေမေရယ် မငိုပါနဲ့ဗျာ၊ ညီညီမရှိတော့ပေမယ့် မေမေ့မြေးကို တွေ့ရပြီ မဟုတ်လားဗျာ"





"ဒီ... ဒီမှာက သင်းရနံ့ရဲ့အဖေ ပေးခဲ့တဲ့လက်စွပ်ပါ"

ဒေါ်စံပယ် ထုတ်ပြတဲ့ စိန်လက်စွပ်ကို တွေ့လိုက်တော့ ပိုသေချာသွားသည်။

"ဒါ ညီလေး ဆယ့်ငါးနှစ်ပြည့်မွေးနေ့တုန်းက ဖေဖေနဲ့ မေမေ ပေးခဲ့တဲ့ စိန်လက်စွပ်ပဲ"

"ဟုတ်တယ် သားကြီး၊ ဟုတ်တယ်"

ဒေါ်မမတင်က မြေးနဲ့ချွေးမကို ခပ်တင်းတင်း ဖက်ထားလိုက်မိတော့သည်။

အားလုံးက ခံစားချက်ကိုယ်စီနဲ့ ငေးကြည့်လို့ပါ။

ဒေါ်သန္တာကြည့်နေတဲ့ အကြည့်က အခုမှ မြေးအရင်းပေါ်လာတဲ့အတွက် မခံချိမခံသာ ဖြစ်နေရတဲ့အကြည့်။

ဒေါ်စိန်ကြည့်နေတဲ့အကြည့်က သင်းရနံ့တို့သားအမိအတွက် ဝမ်းသာအားရဖြစ်နေတဲ့အကြည့်။

မိုးရဲ့အကြည့်ကတော့ ဝေဒနာတွေနဲ့ပါ။ သင်းရနံ့လေးနဲ့ သူနဲ့ဟာ မောင်နှမတစ်ဝမ်းကွဲတွေပေါ့။

သင်းရနံ့ဟာ ဘွားဘွားရဲ့မြေး၊ ဒက်ဒီရဲ့တူမ သူနဲ့ဆောင်းရဲ့ ညီမလေးပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မှဖြစ်ရလေဗျာ…

ဒီလိုဆို သူ့အချစ်တွေ အလကား ဖြစ်သွားရပြီပေါ့။ သင်းရနံ့ကို ထောင့်ငါးရာအချစ်နဲ့ ချစ်နေတာတွေကို ငါးရာနှစ်ဆယ့်ရှစ်ဖြစ်အောင် ပြောင်းလဲပစ်ရတော့မှာပေါ့။

လူကြီးတွေ စကားပြောနေတဲ့အချိန်မှာပဲ မိုးက ခြံထဲကို ဆင်းလာခဲ့လိုက်ပါတော့သည်။ ရင်ထဲမှာ ပူလောင်နေရပါပြီ။

သင်းရနံ့လေးရယ်…

ကိုကို့ရင်ထဲက အချစ်တွေကို အဖြူရောင်ဖြစ်အောင် ပြောင်းဖို့ လွယ်ပါ့မလား။

မင်းလေးကို တွေ့နေမြင်နေရသရွေ့ အချစ်တွေက ဆပွားနေဦးမှာပါ။

ကိုကို ဘယ်လိုလုပ်ရတော့မှာလဲ။

ဒက်ဒီနဲ့ ဘွားဘွားကိုလည်း သူမလေးကို ချစ်တဲ့အကြောင်း လက်ထပ်ချင်တဲ့အကြောင်း မိုး ကိုယ်တိုင်ပြောထားတာကလည်း ရှိသေးသည်။

အခုတော့ လူကြီးတွေကိုတောင် ဘယ်လိုမျက်နှာ ပြ





ရမှန်း မသိတော့။

သူမလေးကိုလည်း ချစ်ပါတယ်လို့ နှုတ်ကသာ ဖွင့်မပြောရသေးပေမယ့် မျက်လုံးတွေနဲ့တော့ သူ ပြောပြီးနေပါပြီ။ ဒါကိုရော ဘယ်လို ပြန်ရုတ်သိမ်းရတော့မှာလဲ။

ဘွားဘွားကတော့ အခုမှ ပြန်တွေ့ရတဲ့ မြေးမလေးကို အနားမှာ ခေါ်ထားတော့မှာပါ။ ဒါဆို ကိုယ့်နှလုံးသားကို ကိုယ်မနိုင်နင်းတဲ့ မိုးအနေနဲ့ အိမ်ကနေ ထွက်သွားရဖို့ပဲ ရှိပါတော့သည်။

“ညီမလေးရယ် ကိုကိုတော့ ရှုံးရပါပြီဗျာ၊ မချစ်ရသေးဘဲ တစ်သက်စာ အသည်းကွဲသွားရပြီပေါ့”

မိုးက တစ်ယောက်တည်း ရေရွတ်ပြီး ကြေကွဲနေမိပါတော့သည်။

ထိုအချိန်တွင် သင်းရနံ့ကလည်း ကြေကွဲခံစားနေရတာပါ။

အမေနဲ့ ဘွားဘွားက အဖေ့အကြောင်းတွေ ပြောဆိုနေကြချိန်မှာ သင်းကတော့ လူကြီးတွေရဲ့စကားကို စိတ်မဝင်စားနိုင်ဘဲ ကိုကိုကြီးရဲ့အကြောင်းကိုပဲ တွေးနေမိတော့တာ။



www.burmeseclassic.com

www.burmeseclassic.com



သင်းနဲ့ ကိုကိုကြီးက မောင်နှမ တစ်ဝမ်းကွဲတော်သွားပြီပေါ့။ ဒါဆို သင်းရင်ထဲက အချစ်တွေကို မောင်ချစ်၊ နှမချစ်ဖြစ်အောင် ပြောင်းလဲပစ်မှပဲ ဖြစ်တော့မှာပေါ့။

ကိုကိုကြီးရယ်...

သင်းကိုယ်သင်း ဘယ်လိုမှ စိတ်မချနိုင်ပါဘူးနော်။

ကိုကိုကြီးကို ချစ်မိနေတဲ့ အချစ်တွေကို ဘယ်လိုလုပ်ပြီး ပြန်ဆွဲနုတ်နိုင်မှာတဲ့လဲ။

ကိုကိုကြီးလည်း သင်းကို ချစ်နေတယ်ဆိုတာ အကြည့်တွေကြောင့် သိထားပြီးသားပါရှင်...

အခုတော့...

မောင်နှမတော်နေတာကြောင့် နောက်ဆုတ်ရတော့မှာပါ။

သင်း... သင်းလေ...

သူဌေးမကြီး ဒေါ်မမတင်ရဲ့မြေး မဖြစ်ချင်ပါဘူး ကိုကိုကြီးရယ်...

စည်းစိမ်ဥစ္စာတွေ စိန်ရွှေရတနာတွေကိုလည်း သင်းမလိုချင်ပါဘူးရှင်။





သင်း ငေါ်ငေါ်မွတ်မွတ်နဲ့ လိုချင်တောင့်တနေတာက ကိုကိုကြီးရဲ့ အချစ်တွေကိုပါ။

သင်းရန့်က စီးကျနေတဲ့ မျက်ရည်တွေကိုပဲ ခိုးသုတ်နေရတော့တာ။

"သမီး မေပယ်လည်း တော်တော်လေး ဒုက္ခရောက်ခဲ့ရတာပေါ့"

"မုဆိုးမဘဝနဲ့ ကျွန်မ ဆယ်နှစ်တိတိ နေခဲ့ပါသေးတယ်၊ အကာအကွယ်မဲ့တဲ့ဘဝမှာ ကျွန်မ တစ်ယောက်တည်းအတွက်တင် မဟုတ်ဘဲ၊ အရွယ်ရောက်လာတော့မယ့် သမီးလေးအတွက်ပါ ကာကွယ်ပေးမယ့်သူ၊ မားမားမတ်မတ်နဲ့ ဖခင်တာဝန်ကို ယူပေးမယ့်သူ လိုအပ်လာတဲ့ အခြေအနေကြောင့်မှပဲ ကျွန်မ လက်ထပ်ခဲ့တာပါ"

"မေမေ နားလည်ပါတယ် မစံပယ်ရယ်၊ သင်းရန့်လေးဟာ မေမေရဲ့ မြေးပါ၊ မစံပယ်ဟာလည်း မေမေရဲ့ သမီးပါပဲကွယ်"

"ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မအတွက်တော့ ဒီေ့ကာကလွဲပြီး ဘာမှမလိုအပ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မစိန်ကိုလည်း ကျေးဇူးတင်တယ်ကွယ်"

"မလိုပါဘူး အဘွားရယ်၊ သင်းရန့်လေးရဲ့ ဘဝအမှန်ကို ပို့ဆောင်ပေးနိုင်လို့ပဲ ကျွန်မ ဝမ်းသာလှပါပြီ"

ဒေါ်မမတင်က စကားပြောနေရင်းနဲ့ သင်းရန့်လေး မျက်နှာမကောင်းတာ မျက်ရည်ခိုးသုတ်နေတာတွေကို သတိထားမိနေပါသည်။ ဒီလိုပဲ မျက်စိမျက်နှာပျက်ယွင်းပြီး မြေးကြီး 'မိုး' အခန်းထဲက ထွက်သွားတာကိုလည်း ဒေါ်မမတင်က သတိထားမိသည်။

ကလေးနှစ်ယောက်ရဲ့ နှလုံးသားကို နားလည်မိတာမို့ ဒေါ်မမတင်က ဆုံးဖြတ်လိုက်ပါသည်။ ကလေးနှစ်ယောက်ကို မနာကျင်စေချင်ပါ။ ခက်တာက သားကြီးကျော်ကိုကိုဟာ မွေးစားသားဆိုတာကို ပြောမထွက်တာပဲ ဖြစ်သည်။

ဒါကြောင့် သက်ပြင်းပဲ ချနေရတော့တာ။

* * *



## အခန်း (၂၁)

မိခင် ဘာဖြစ်နေတယ်၊ ဘာတွေ ခံစားနေရတယ်ဆိုတာကို သိနေတဲ့ ဦးကျော်ကိုကိုက မိခင်ကြီးရဲ့ ဆန္ဒကို ဖြည့်ဆည်းပေးဖို့ စဉ်းစားလိုက်ပါသည်။

"ဒေါ်ပု"

"ရှင်... ဆရာကြီး"

"သားကြီးနဲ့ သားငယ်ကို ခေါ်လိုက်ပါဗျာ"

"ဟုတ်ကဲ့"

ဒေါ်သန္တာက ခင်ပွန်းသည် ဘာလုပ်မည်ဆိုတာကို မစဉ်းစားတတ်။



www.burmeseclassic.com

www.burmeseclassic.com



"အဲ... ဒေါ်စိန် ကျွန်တော်တို့ မိသားစုချင်း ပြောစရာ ရှိလို့ဗျာ"

"ဟုတ်ကဲ့... ဟုတ်ကဲ့ ဆရာကြီး"

ဒေါ်စိန်က အလိုက်တသိပဲ အပြင်ဧည့်ခန်းမှာ ထွက်ထိုင်သည်။

မကြာခင်မှာပဲ သားကြီးမိုး ရောက်လာပါသည်။

"ကိုကိုလေး အိမ်ပြန်မရောက်သေးပါဘူး ဆရာကြီး"

အဲ့ဒီအချိန်မှာပဲ ကားသံကြားရတာမို့ ဦးကျော်ကိုကိုက သားငယ်ဆောင်းကို စောင့်နေလိုက်ပါသည်။ မကြာပါ ဆောင်းလည်း ရောက်လာသည်။

ဦးကျော်ကိုကို ဘာလုပ်မည်၊ ဘာပြောမည်ဆိုတာကို မိခင် ဒေါ်မမတင်က သိနေပါသည်။ စိတ်ကော့ မကောင်း။ သားကြီးကို ကိုယ့်ဝမ်းနဲ့ လွယ်ပြီး မမွေးရပေမယ့် သားအရင်းလို ချစ်ခင်အားကိုးခဲ့တာပါ။

အခုဟာက မိသားစုပေါင်းစည်းရေးနဲ့ မြေးတွေရဲ့ နလုံးသားရေးမို့ အမှန်အတိုင်း အားလုံးကို အသိပေးရတော့မှာ ဖြစ်သည်။ ဒါကလည်းပဲ မြေးကြီးမိုးကို သနားလို့ပါ။





"ဆောင်း ရောက်ပါပြီ"

"အေး... ထိုင်"

ဆောင်းက အူကြောင်ကြောင်နဲ့ ထိုင်လိုက်မိသည်။ သူတို့မိသားစုငါးယောက်ရယ်၊ သူမသိတဲ့ ခပ်ချောချော အမျိုးသမီးတစ်ယောက်ရယ်၊ တော်တော်လှတဲ့ ကောင်မလေး တစ်ယောက်ရယ် အဘွားရဲ့ အဆောင်ထဲမှာ ရောက်နေရတာ ဘာဖြစ်လို့လဲ။

"အားလုံးကို အမှန်အတိုင်း အသိပေးရမှာပါ။ ဒယ်ဒီဟာ သားတို့ဘွားဘွားရဲ့ သားအရင်းမဟုတ်ပါဘူး၊ မွေးစားသားပါ။ ဒါပေမဲ့ ဘွားဘွားရဲ့ မေတ္တာတရားကြီးမားမှုကြောင့် ဒက်ဒီဘဝ တင့်တယ်ခဲ့ရတယ်၊ ဘွားဘွားမှာ သားအရင်း တစ်ယောက် ရှိခဲ့တယ်၊ နာမည်က ဦးကျော်ညီညီတဲ့၊ အဲ့ဒါ ဟောဒီက သင်းရနံ့လေးရဲ့ အဖေပေါ့"

"ဗျာ..."

ဘာမှသိမထားတဲ့ ဆောင်းက အရမ်းကြီး အံ့သြသွားရ တော့တာ။ ဒက်ဒီဟာ မွေးစားသားတဲ့ ဒါပေမဲ့ ဘွားဘွားရဲ့ မေတ္တာတရား ကြီးမားလွန်းလို့ ဆောင်းတို့ပင် မရိပ်မိခဲ့ရ အမှန်ပါ။



www.burmeseclassic.com

www.burmeseclassic.com



'မိုး' ကတော့ ဒက်ဒီစကားကြောင့် ထခုန်ချင်လောက်အောင် ဝမ်းသာသွားရပါသည်။ သူနဲ့ သင်းရနံ့လေး မောင်နှမ မတော်ဘူးဆိုတာ သိလိုက်ရလို့ပေါ့။

သင်းရနံ့ရဲ့ မျက်နှာလှလှလေးကလည်း ကြည်လင်သွားရပါသည်။ ကိုကိုကြီးနဲ့ သင်းနဲ့ မောင်နှမ မတော်တော့ဘူးမဟုတ်လား။ ဒါ... ဒါဆို ချစ်မိတဲ့ အချစ်တွေကိုလည်း ပြန်ရုပ်သိမ်းစရာ မလိုတော့ဘူးပေါ့။ အို... ဝမ်းသာလိုက်တာ ကိုကိုရယ်။

အဲဒီအချိန်မှာပဲ တစ်ချိန်လုံး တိတ်ဆိတ်နေတဲ့ ဘွားဘွားက အေးအေးဆေးဆေး ဝင်ပြောပါသည်။

"သမီးသန္တာ ဒီစကားတွေကို မေမေ မပြောချင်ပါဘူးကွယ်၊ တကယ်လို့သာ မြေးကြီးမိုးရဲ့ ရင်ထဲမှာ ဘာတွေရှိတယ်ဆိုတာကို သိမထားခဲ့ရင် မေမေ ဘယ်တော့မှပြောမှာမဟုတ်ပါဘူး"

"ပြောပါ မေမေ၊ သန္တာ နားလည်ပါတယ်"

"မြေးကြီးက သင်းရနံ့လေးကို မေတ္တာရှိလို့ လက်ထပ်ချင်ပါတယ်၊ တောင်းရမ်းပေးပါလို့ ပြောခဲ့တယ်ကွယ်၊ ဒီ





ကိစ္စတွေကို မသိခင်ကတည်းက ပြောခဲ့တာပါ။ အခု မေမေတို့က မြေးကြီးနဲ့ သင်းရနံ့လေးကို မောင်နှမအဖြစ် ထားထားရင် တရားပါ့မလား၊ ဒါကြောင့် အမှန်ကို အသိပေးရတာပါ"

"အို..."

သင်းက ခေါင်းလေးငုံ့ထားလိုက်မိတော့တာ။ ကိုကိုကြီးက သင်းကို လက်ထပ်ဖို့အထိတောင် ပူဆာထားပြီကိုး...။

ဟွန်း... ဆိုးလိုက်တာနော်။ သင်းကိုတော့ ချစ်ပါတယ်လို့ တစ်ခွန်းမှ မပြောသေးဘဲနဲ့ လူကြီးတွေဆီမှာ တောင်းရမ်းပေးဖို့ သွားပြောထားသတဲ့လေ။

"ကဲ... အားလုံးရဲ့ရှေ့မှာပဲ မြေးလေးသင်းရနံ့ကို မေးမယ်နော်၊ မြေးရဲ့ကိုကိုကြီးက မြေးကို မေတ္တာရှိပါတယ်၊ လက်ထပ်ချင်ပါတယ်တဲ့၊ ဘယ်လိုလဲ မြေးလေးက သဘောတူလက်ခံနိုင်ရဲ့လား"

"ဟင်..."

ဘွားဘွားက တည့်တည့်ကြီးမေးတော့ သင်းမှာ ရှက်လွန်းလို့ ခေါင်းမဖော်နိုင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဘွားဘွားကတော့ ဒီအသိုက်အမြုံလေး ချစ်ခင်စည်းရုံး နွေးထွေးတာကိုပဲ မြင်ချင်တယ်ကွယ်၊ မြေးလေး သင်းရနံ့ရဲ့ ဆန္ဒက ဘယ်လိုလဲ"

"ဟုတ်... သင်း... သင်း သဘောတူပါတယ် ဘွားဘွား"

"ဟာ... ဝမ်းသာလိုက်တာ"

မိုးက လွတ်ခနဲ ပြောမိပြီးမှ ရှက်သွားရတော့တာ။ ဘွားဘွားက ကြည်ကြည်လင်လင် ပြုံးလို့ပါ။

"ကိုကို ကျွန်တော် ဘာမှနားမလည်တော့ဘူးဗျာ"

"နောက်မှ ရှင်းပြမယ်ကွာ၊ အခု တိတ်တိတ်နေ"

'ဆောင်း' က တိုးတိုးလေးကပ်ပြောတာမို့ 'မိုး'ကလည်း တိုးတိုးတိတ်တိတ်ပဲ တုံ့ပြန်လိုက်ရတာပါ။

"သာကြီးနဲ့ သမီးသန္တာကရောကွယ်၊ မြေးကြီးမိုးနဲ့ မြေးငယ်လေး သင်းရနံ့ကို သဘောတူကြရဲ့လား"

ဒီတစ်ခါတော့ ဒေါ်သန္တာက ခင်ပွန်းသည်ထက် ဦးအောင်ပဲ ပြောလိုက်ပါသည်။

"မေမေ့ သဘောပါ မေမေရယ်၊ မေမေ့မြေးတွေကို





မေမေ့စိတ်ကြိုက်ပဲ စီစဉ်ပါရှင် အဟင် ... ဟင်း"

"မစံပယ်ကရောကွယ်"

"ကျွန်မဆန္ဒကတော့ သမီးလေးရဲ့ ဆန္ဒကအတိုင်း ပါပဲရှင်၊ ဝမ်းလည်းသာပါတယ်၊ မိသားစု အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်"

"မစံပယ်ရယ် သားငယ်မရှိတော့ဘူးဆိုတော့ စံပယ်လည်း မေမေ့ရဲ့ သမီးပါပဲ၊ ဒီမိသားစုဝင်ပါပဲကွယ်၊ မေမေ လာခဲ့ပါဦးမယ်"

"ဟုတ်ကဲ့ အခုတော့ ကျွန်မကို ပြန်ခွင့်ပြုပါရှင့်၊ အိမ်မှာ ကလေးအငယ်တွေ ကျန်ခဲ့လို့ပါ၊ မေမေ့ကို ကျွန်မ ကန်တော့ခဲ့ပါတယ်"

အားလုံး မျက်ရည်တွေ ဝေ့အိုင်လို့ပါ။

"မေမေ့ကို သင်း ကန်တော့ပါတယ်"

သမီးက ကန်တော့တာမို့ ဒေါ်စံပယ့်ရင်ထဲမှာ ဝမ်းသာဝမ်းနည်းကြီး ဖြစ်နေရတော့တာ။

"အမေ သွားမယ်နော် သမီး၊ ဘွားဘွားတို့ အကြီးကြီးမေတို့ရဲ့စကားကို နားထောင်ပြီး လိမ်လိမ်မာမာနေနော်



www.burmeseclassic.com

www.burmeseclassic.com



အားလုံးဆီမှာ အပ်ပါတယ်ရှင်၊ ကျွန်မသမီးလေး မလိမ္မာတာရှိရင် ပြောဆိုဆုံးမကြပါ”

“စိတ်ချပါကွယ်”

“စိတ်ချ ညီမလေး”

“အမေ့ကို သင်း ချစ်တယ်”

“သမီးကိုလည်း အမေ အရမ်းချစ်ပါတယ် သင်းရန့်ရယ်”

အမေနဲ့ ကြိုးကြိုးစိန်ပြန်တော့ သင်းက ကားပေါ်အထိ လိုက်ပို့ပေးလိုက်ပါသည်။

အခုမှပဲ ‘ဆောင်း’ က အတင်းမေးတော့ ဖြစ်ကြောင်းကုန်စင်ကို ‘မိုး’ က ရှင်းပြရပါတော့သည်။

“သြော်... ကိုကိုတို့များ ကံကောင်းလိုက်တာဗျာ” လို့ ဆောင်းက မှတ်ချက်ချသည်။

“ဘွားဘွားရယ် ဒက်ဒီနဲ့ မာမီရယ်ကို ကျွန်တော်လည်း ခွင့်တောင်းစရာရှိပါတယ်”

“ဟင်... ဘာများလဲ”

“ပြောပါဦး မြေးငယ်ရယ်”





ဆောင်းက စပ်ဖြဲဖြဲလေးနဲ့ ကြမ်းပြင်ပေါ်မှာ ထိုင ပြီး လက်အုပ်ချီပြီး တောင်းဆိုလိုက်ပါသည်။

“ကျွန်တော့်ကို မိန်းမတောင်းပေးပါဗျာ၊ ကျွန်တော့ ချစ်သူရှိနေပါပြီ”

“ဟဲ့... တကယ်လား”

“တကယ်ပါ ဘွားဘွား”

“ဘယ်သူတုံးကွယ်၊ ဘွားတို့အသိထဲကပဲလား”

“ကျွန်တော့် သူငယ်ချင်း ဗညားရဲ့ ညီမလေး၊ ဘွားဘွား”

“ဟယ်... ငယ်ငယ်လေးကို”

“ကိုကို့ ကောင်မလေးထက်တော့ ကြီးပါတယ် ဘွ ဘွား”

“ဟဲ့...”

ရယ်မောသံတွေ ညံနေတုန်းမှာပဲ ‘မိုး’ က အခန်း ကနေ အသာလေး လစ်ထွက်ပြီး သင်းရန့်ဆေးရှိရာ ထွက်လိုက်လာခဲ့ပါတော့သည်။

ချစ်ရသူလေးကို ပိုက်ထွေးယုယချင်တဲ့ ဆန္ဒတွေ

www.burmeseclassic.com



သူ့ရင်နဲ့ မဆုံတော့ပါ။

အဖြစ်အပျက်တွေက အံ့သြစရာပါ။ ဘွားဘွားရဲ့မြေးအရင်းက ဘွားဘွားအိမ်ကို အိမ်ဖော်လေးအဖြစ်နဲ့ ရောက်လာသတဲ့။

ဘွားဘွားကလည်း ဒက်ဒီရဲ့ မွေးစားအမေတဲ့ မိုးတို့အတွက်ကတော့ ဘွားဘွားကို ပိုတောင်ချစ်မိပါသေးသည်။

ဘွားဘွား မေတ္တာတရားကြီးမားမှုကို ပိုလို့တောင် လေးစားမိပါသည်။

"သင်းရနံ့လေးရယ် ကိုကို မင်းကို သနားလိုက်တာဗျာ၊ သူဌေးမကြီးရဲ့ မြေးလေးဖြစ်ပြီး ဆင်းဆင်းရဲရဲနဲ့ ဆယ့်ရှစ်နှစ်တောင် နေခဲ့ရတာ"

မိုးက ချစ်သူလေးဆီကို မေတ္တာမိုး၊ အချစ်မိုးတွေ ရွာသွန်းဖြိုးပေးဖို့ ထွက်လာခဲ့လိုက်ပါတော့သည်။

* * *



## အခန်း (၂၂)

အမေပြန်သွားတော့မှ 'သင်း' က စိတ်မကောင်းစွာနဲ့ ပေါ်တီကိုအောက် အမှောင်စွန်းထဲမှာ ထိုင်ငိုမိပါသည်။

သင်း ရင်ထဲမှာ ဝမ်းသာဝမ်းနည်းကြီးပါ။ ရုတ်တရက် ဘဝပြောင်းသွားရတဲ့အတွက် ဝမ်းသာအံ့သြမိပေမယ့်၊ သင်း မမှတ်မိလိုက်တဲ့ အဖေအတွက်ရော၊ သင်း အထင်လွဲနေမိတဲ့ အမေ့အတွက်ပါ ဝမ်းနည်းနေရပါသည်။

"အဟင့်... ဟင့်"

"အချစ်ရယ် ဘာဖြစ်လို့ ငိုနေရတာလဲဗျာ"

ရုတ်တရက်ကြီး အနားကို ရောက်လာတဲ့ ကိုကိုကြီးကို တွေ့လိုက်ရတော့ သင်းမှာ ရှက်လန့်သွားရတော့တာ။

www.burmeseclassic.com



"ဘာတွေ ဝမ်းနည်းနေတာလဲ"

"အို…"

သင်းရဲ့အနားမှာ လာထိုင်ပြီး သင်းရဲ့ ပခုံးလေးကို ကိုကိုကြီးက ထွေးပွေ့လိုက်တာမို့ ရင်ခုန်သံတွေ ပရမ်းပတာ ဖြစ်သွားရတော့တာ။

"ဟို… ဟို"

"ကလေးရယ် ဝမ်းသာစရာကောင်းတဲ့ အချိန်မှာ စိတ်ပင်ပန်းခံမနေပါနဲ့ဗျာ"

ပြောပြောဆိုဆိုပဲ ကိုကိုကြီးက သင်းကို သူ့ရင်ခွင်ထဲ ဆွဲသွင်းပြီး သင်းရဲ့ နဖူးလေးကို နမ်းရှိုက်လိုက်တော့တာ။

အပျိုစင်လေးရဲ့ နှလုံးသားနုနုလေးက အနမ်းတစ်ချက်နဲ့တင် ဖျတ်ဖျတ်ခါသွားရပါတော့သည်။

"အို… အိမ်… အိမ်ထဲက တစ်ယောက်ယောက် တွေ့သွားမယ်"

"အဟွန်း… ဒါဆို ဘယ်သူမှမတွေ့နိုင်မယ့် နေရာကို သွားမယ်ဗျာ အဟွန်း… ဟွန်း"

မချစ်တော့လည်း မချစ်ဘဲနေခဲ့ပြီး အခု အချစ်နဲ့တွေ့





တော့လည်း လူပျိုကြီး 'မိုး' က ရဲရင့်သွက်လက်နေတော့တာ။

အိမ်ထဲက မြင်မှာကို စိုးရိမ်နေတဲ့ ချစ်သူလေးကို မိုးက ဆတ်ခနဲ ကောက်ပွေ့ပြီး ခြံထဲက ပန်းရုံတွေကြားကို ခေါ်လာမိတော့တာ။

ဘုရားရေ…။

ရင်ခုန်လှိုက်ဖိုမောနေရတဲ့ သင်းရန့်က အလန့်တကြားနဲ့ မျက်ဝန်းလေး မှေးမှိတ်လို့ ထားမိသည်။

ကိုကိုကြီးရဲ့ ရင်ငွေ့က ဆွဲငင်အား ပြင်းထန်လွန်းနေတော့တာ။ ရင်ခုန်စွာနဲ့ သင်းက မျက်ဝန်းလေးမှိတ်လို့ လိုက်လာခဲ့မိတော့တာ။

ကိုကိုကြီးရဲ့ ခြေလှမ်းတွေ ရပ်သွားလို့ မရဲတရဲနဲ့ မျက်ဝန်းလေးဖွင့်ကြည့်လိုက်တော့ ပန်းရနံ့သင်းနေတဲ့ ပန်းခင်းရဲ့ကြားထဲကို ရောက်နေပါပြီ။

"သိပ်ချစ်တာပဲ ကလေးရယ်"

ကိုကိုကြီးက မွတ်သိပ်တဲ့ အနမ်းတွေနဲ့ သင်းကို ဖမ်းစားပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါဦး ကလေးရယ်၊ ကိုကိုကြီးကို ချစ်ရဲ့လား ဗျာ"

"အင်း..."

"ဟာ... ခေါင်းမညိတ်နဲ့ ပါးစပ်ကဖြေပါ"

"ချစ်...တယ်"

ပြောပြီး ရှက်လွန်းလို့ သင်းက ကိုကို့ရင်ခွင်မှာ မျက်နှာလေးအပ်ထားရသည်။

"ကိုကို့မှာလေ ကလေးနဲ့ မောင်နှမ တော်နေပြီဆိုတဲ့ အသိနဲ့ ရင်ကွဲမတတ် ခံစားခဲ့ရတာပါဗျာ"

"သင်း... သင်းလည်း ကိုကို့လိုပါပဲရှင်"

"ကိုကိုက ကလေးကို စတွေ့လိုက်တာနဲ့ ချစ်သွားရတာ၊ သင်းကရောဗျာ"

ကိုကိုမေးတော့ သင်းက ဖြေရမှာ ရှက်ရွံ့နေမိပါသည်။

"ဖြေလေဗျာ"

"ဟင့်အင်း... ရှက်တယ်"

"မဖြေရင်တော့ အိမ်ထဲ လုံးဝ ပြန်ပေးမဝင်ဘူးနော်"

"ဟာ... မလုပ်ပါနဲ့"





"ဒါဆို ဖြေ"

"ဟို... ဟိုလေ ကိုကိုကြီးရဲ့ အခန်းကို ဝင်ရှင်းပေ ရင်း ဓာတ်ပုံကို တွေ့မိကတည်းက ချစ်ခဲ့တာပါ"

"ကလေးရယ်... ဘယ်တော့မှ မခွဲကြေးနော်"

"သင်းက ိုကိုကြီးရဲ့ အချစ်ကို ဘဝဆက်တိုင်း လ ချင်နေတာပါရှင်"

"ပြောတတ်လိုက်တဲ့ နှုတ်ခမ်းလေးကို ဆုချရမယ်ဗျာ"

"အို..."

သင်းရန့်က ဒီလောက်ပဲ အော်နိုင်ပါတော့သည်။

မကြာခင်မှာပဲ ကိုကိုကြီးရဲ့ အချစ်မိုး သည်းသည် အောက်မှာ မလုံးသာ မလွန်သာနဲ့ နစ်မြုပ်သွားရပါတော သည်။

ကိုကိုကြီးရယ်...

သင်းရဲ့ ဘဝလေး ပြည့်စုံနွေးထွေးသွားရပါပြီရှင်

"ကိုကို..."

"ဗျာ..."

"သင်းတစ်ယောက်တည်းအတွက် အချစ်မိုးတွေ အ

www.burmeseclassic.com



တမ်း ရှာပေးရမယ်နော်”

“စိတ်ချပါ ကလေးရယ်၊ ကိုကို့ရဲ့ အချစ်တွေနဲ့ ကလေးရဲ့ဘဝမှာ အမြဲတမ်း မိုးရာသီပဲ ဖြစ်နေရပါမယ်ဗျာ အဟွန်း… ဟွန်း”

အဲ့ဒီနောက်မှာတော့ ချစ်သူနှစ်ဦးက အနမ်းမိုးတွေ အပြိုင် ရှာလိုက်ကြပါတော့သည်။

ချစ်သူတိုင်း ပေါင်းဆုံနိုင်ပါစေ

ပုလဲသီ



BURMESE CLASSIC

www.burmeseclassic.com